




# The VOICE Daily








Vol. 5 / No. 66 | Established in 2004 | ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း (၅) ရက်၊ (Wednesday, June 28, 2017)





လှည်းကူးမြို့နယ်ရှိ ကျူးကျော်အိမ်ခြေ ၄၀၀၀ ကျော်အား ဇွန်လ ၁၂ ရက်နေ့က ဖယ်ရှားမှုကို ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးယူထားစဉ်

# လှည်းကူး ကျူးအရှုပ်တော်ပုံ

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးစိုက်ရာ ရန်ကုန်တိုင်းလွှတ်တော်ဝင်း၏ ဂိတ်အမှတ် ၄ တွင် ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်ပြုရန် လူအချို့ ခွင့်တောင်းနေကြသည်။

ဇွန် ၂၀ ရက်နေ့က ပထမအကြိမ် လာရောက်ခဲ့ပြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်ရရန် နာရီများစွာ စောင့်ဆိုင်းနေသော်လည်း ဝန်ကြီးချုပ် ပြည်ပခရီးစဉ် ထွက်ခွာနေသောကြောင့် တွေ့ဆုံခွင့်မရခဲ့။

ယခုဒုတိယအကြိမ် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီဝန်းကျင်တွင် ထပ်မံလာရောက်ကာ တွေ့ဆုံခွင့်ရရေး ကြိုးစားနေသော်လည်း တွေ့မည့်ရက်ချိန်းကို အကြောင်းပြန်မည်ဆိုသည့် သတင်းစကားနှင့်သာ ကျေနပ်ခဲ့ရသည်။

ဝန်ကြီးချုပ်နှင့် တွေ့ခွင့်ရရန် လာရောက်စောင့်ဆိုင်းနေသူများသည် လှည်းကူးမြို့နယ် အမြန်လမ်းဘေးရှိ ကျူးကျော်များကို ရှင်းလင်းရာတွင် ပါသွားသူများဖြစ်သည်။ စာ 21

## သန်လျင်တွင် သုံးလအတွင်း ကျူးကျော်အိမ် ၄၀၀၀ တိုး

ရန်ကုန်၊ ဇွန် ၂၇

သန်လျင်မြို့နယ်တွင် သုံးလတာကာလအတွင်း ကျူးကျော်အိမ်ထောင်စု ၄၀၀၀ ခန့် ထပ်မံတိုးပွားလာကြောင်း သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

သန်လျင်မြို့နယ်တွင် ယခုနှစ် နှစ်ဆန်းပိုင်းအထိ ကျူးကျော်များကို ကောက်ယူထားသည့်စာရင်းမှာ ကျူးကျော်အိမ်ထောင်စု ၆၀၀၀ ကျော်ရှိပြီး လက်ရှိတွင် ကျူးကျော်အိမ်ထောင်စု ၁၀၀၀၀ စာ 25

## အခြေခံလူတန်းစားများ မထိခိုက်စေမည့် လျှပ်စစ်ဓာတ်အားခ ကောက်မည်ဟုဆို

ရန်ကုန်၊ ဇွန် ၂၇

လျှပ်စစ်ဓာတ်အားခ နှုန်းထားများ ပြောင်းလဲကောက်ခံရန် စီစဉ်လျက်ရှိရာတွင် အခြေခံလူတန်းစားများ မထိခိုက်စေသော နှုန်းထားများကို သတ်မှတ်ထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်က ပြောကြားသည်။

“ပြောင်းလဲကောက်ခံမယ့် စာ 25

## UNFC ခေါင်းဆောင်ပိုင်း အပြောင်းအလဲပြုလုပ်

စာ 4

## ဖမ်းဆီးခံ သတင်းသမားသုံးဦး ထိန်းသိမ်းထားသည့် နေရာ မသိရ

စာ 2

## တိုက်ပွဲများကြောင့် နာဂဒေသအတွင်း လယ်လုပ်ကိုင်သူများ အခက်အခဲတွေ့

စာ 12

## ဝန်ထမ်းများကို စက်မှုဖွံ့ဖြိုးရေးဘဏ်က ငွေချေးမည်

စာ 8

## စက်မှုဇုန်များ တည်ထောင်ရန် တိုင်းနှင့် ပြည်နယ် အစိုးရများထံမှ မြေနေရာရရှိ

စာ 9




# ဖမ်းဆီးခံ သတင်းသမားသုံးဦး ထိန်းသိမ်းထားသည့်နေရာ မသိရ

ရန်ကုန်၊ ဇွန် ၂၇

တပ်မတော်က ဖမ်းဆီးထိန်းသိမ်းထားသည့် သတင်းသမားများမှာ လက်ရှိအချိန်ထိ ဆက်သွယ်မရ ဖြစ်နေပြီး မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရသေးကြောင်း ယင်းသတင်းသမား၏ သတင်းဌာနများထံမှ သိရသည်။

DVB သတင်းအေဂျင်စီမှ အကြီးတန်း သတင်းထောက် ဦးအေးနိုင်နှင့် ဦးပြည့်ဘုန်းနိုင်၊ ဧရာဝတီသတင်းအေဂျင်စီမှ သတင်းထောက် ဦးသိန်းဇော်တို့အပါအဝင် အမျိုးသားခုနစ်ဦးကို တအာင်း/ပလောင် လက်နက်ကိုင်အဖွဲ့ (TNLA) နှင့် ဆက်သွယ်သည်ဟုဆိုကာ တပ်မတော်စစ်ကြောင်းက ဖမ်းဆီးခဲ့ပြီး လားရှိုးမြို့နယ် ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဇွန်လ ၂၆ ရက် ညနေပိုင်း၌ သတင်းထုတ်ပြန်ခဲ့သည်။

ယင်းသို့ တပ်မတော်က လားရှိုးမြို့နယ် ရဲစခန်းကို လွှဲပြောင်းထားသည်ဟု ထုတ်ပြန်ထားသော်လည်း ဇွန်လ ၂၇ ရက်ထိ ဆက်သွယ်စုံစမ်းမှုများအရ လားရှိုးရဲစခန်းသို့ မရောက်သေးဘဲ လားရှိုးရဲစခန်းမှ ရဲအရာရှိများကလည်း ယင်းကိစ္စကို မသိရှိသေးကြောင်း DVB သတင်းဌာနမှ Planning Editor ကိုသန်းဝင်းထွဋ်က ပြောကြားသည်။

"တပ်မတော်သတင်းမှန် ပြန်ကြားရေးကိုလည်း မေးတယ်။ မသိကြတာလည်းရှိတယ်။ မဖြေကြတာလည်းရှိတယ်။ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ကိုလည်း မေးတယ်။ သူတို့ မသိကြဘူး။ ကျွန်တော်တို့ ဘက်ကတော့ မြန်မာသတင်းမီဒီယာ ကောင်စီကိုလည်း ကြားဝင်ပေးဖို့ ပြောထားတယ်။ ရဲစခန်းကို လွှဲပြောင်းမယ်ဆိုတော့ ကျွန်တော်တို့ ရှေ့နေတွေနဲ့ တိုင်ပင်ပြီးတော့ ဥပဒေအကာအကွယ်ရဖို့ တွေ့ခွင့်ရဖို့ တိုင်ပင်နေတာ ရှိပါတယ်" ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် အဆိုပါဖမ်းဆီးခံထားရသည့် သတင်းထောက်များနှင့် ပတ်သက်၍ တပ်မတော်မှ ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ခုမှလွဲ၍ မည်သည့် အချက်အလက်မှ မသိရသေးဘဲ အဆက်အသွယ်လည်း မရသေးကြောင်း ဧရာဝတီသတင်းဌာန အင်္ဂလိပ်ပိုင်း အယ်ဒီတာ ကိုကျော်စွာမိုးက ပြောကြားသည်။

"သူတို့ကို ထိန်းချုပ်ထားတဲ့ နေရာကလည်း ဘယ်မှာလဲဆိုတာ မသိရသေးဘူး။ ကျွန်တော်တို့ကတော့ ပြန်ကြားရေးဝန်ကြီးဆီကိုတော့ သတင်းသွားယူတာဖြစ်တယ်၊ လွတ်မြောက်အောင် ဖြေရှင်းပေးဖို့ ပန်ကြားထားတယ်" ဟု ၎င်းက ဆိုသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ လားရှိုးမြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးကျော်နိုင်က ယင်းသတင်းထောက်များကို တပ်မတော်ဘက်မှ ဇွန်လ ၂၇ ရက်နေ့ ညနေ၅ နာရီအထိ လွှဲပြောင်းလာခြင်းမရှိသေးကြောင်း ပြောကြားသည်။

ဇွန်လ ၂၆ရက်နေ့က ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နမ့်ဆန်-သီပေါ ကားလမ်း၌ တပ်မတော်စစ်ကြောင်းက လမ်းကြောင်း လုံခြုံရေးဆောင်ရွက်စဉ် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နမ့်ဆန်မြို့နယ်၊ ဘုရားကြီးကျေးရွာအနီး၌ နမ့်ဆန်ဘက်မှ သီပေါဘက်သို့မောင်းနှင်လာသည့်မသင်္ကာဖွယ် လင်ခရူဇာအမျိုးအစားယာဉ်နှင့် WISH အမျိုးအစားယာဉ် လိုင်စင်မဲ့မော်တော်ယာဉ် ၂ စီးတို့ကို တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့ပြီး အဆိုပါ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးတွင် အမျိုးသား ခုနစ်ဦး TNLA အဖွဲ့နှင့် ဆက်သွယ်၍ ပြန်လည်ထွက်ခွာလာကြောင်း စုံစမ်းသိရှိရသဖြင့် တရားဥပဒေနှင့်အရေးယူဆောင်ရွက်နိုင်ရေး လားရှိုးမြို့နယ်ရဲစခန်းသို့ စနစ်တကျလွှဲပြောင်း အပ်နှံထားကြောင်းနှင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သတင်းဌာနများသည် TNLA အဖွဲ့၏ နိုင်ငံတကာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ သတင်းလာယူသည့် သတင်းမီဒီယာများသာဖြစ်ကြောင်း TNLA သတင်းနှင့် ပြန်ကြားရေးဌာနကလည်း ထုတ်ပြန်ထားသည်။

တပ်မတော်က ခေါ်ယူစစ်ဆေးလျက်ရှိသည့် သတင်းထောက်သုံးဦး အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို မေတ္တာရပ်ခံစာကို ပေးပို့ထားကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်းထုတ်ပြန်ထားသည်။

■ J-08

# NEWS PHOTO



ဓာတ်ပုံ - ရဲပြည့်ဇာနည်

ONE Championship ၏ ကြယ်ပွင့်တစ်ဦးဖြစ်သည့် မြန်မာ့စပါးအုံးဟု လူသိများသော အောင်လအန်လ်ဆိုင်း၏ လေ့ကျင့်မှုသရုပ်ပြပွဲကို ဇွန်လ ၂၇ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ Junction Mawtin တွင် ကျင်းပခဲ့သည်။

# မန္တလေး မဘသအဖွဲ့ ယခုအမည်အတိုင်း ဆက်ရပ်တည်ခွင့်ပေးရန် ပြည်ထဲရေးသို့ တောင်းဆို

ရန်ကုန်၊ ဇွန် ၂၇

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ) အမည်ဖြင့် ဆက်လက်ရပ်တည်ခွင့် ပြုရန် မန္တလေးတိုင်းဒေသကြီး မဘသ အဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနကို ဇွန်လ ၉ ရက်နေ့၌ စာရေးသား တောင်းဆိုခဲ့သည်။

အဆိုပါစာ၌ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ)သည် မည်သည့်တရားဥပဒေနှင့်မျှ ဆန့်ကျင်ငြိစွန်းခြင်းမရှိ၊ တရားဝင် ဆက်လက်ရပ်တည်ခွင့်ရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း စသည်ဖြင့် ပြည်ထဲရေးသို့ တင်ပြထားသည်။

"မန္တလေးတိုင်းနဲ့ ကရင်ပြည်နယ်က မူလမဘသ အမည်နဲ့ ဆက်လက်ရပ်တည်ဖို့ ထုတ်ပြန်ထားတာရှိတယ်။ မန္တလေးတိုင်းမဘသ အမည်နဲ့ ဆက်လက်ရပ်တည်ဖို့ ပြည်ထဲရေးဝန်ကြီးဌာနကို စာရေးသားတင်ပြထားပါတယ်"ဟု မဘက အဖွဲ့ ပြောရေးဆိုခွင့်ရှိ ဆရာတော် ဒေါက်တာ သောပါက က မိန့်ကြားသည်။

မဘသ အဖွဲ့ ၄ နှစ်ပြည့် ညီလာခံကျင်းပရေးနှင့်ပတ်သက်၍ မေလ ၂၃ ရက်၌ မဘသ အဖွဲ့နှင့် မဟန အဖွဲ့တို့သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ အစည်းအဝေး ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးဆုံးဖြတ်ချက်အရ မဘသ အဖွဲ့အမည်ကို သုံးစွဲခြင်း မပြုရန်နှင့် မဘသ ဆိုင်းဘုတ်များကို ဇူလိုင်လ ၁၅ ရက်နေ့ နောက်ဆုံးထား ဖြုတ်သိမ်းရန် မဟန ဆရာတော်ကြီးများက ဆုံးဖြတ်ခဲ့သည်။

"ဆရာတော်ကြီးတွေကတော့ မဘသ အဖွဲ့ကို မသုံးစွဲဖို့ ရက်သတ်မှတ်ရက်တော့ ရှိတယ်။ ဘယ်လို ဆုံးဖြတ်မယ်ဆိုတာ မသိဘူး"ဟု ဆရာတော် ဒေါက်တာ သောပါက က ဆက်လက်မိန့်သည်။

အလားတူ မန္တလေး မဘသအဖွဲ့ ဆက်လက် ရပ်တည်ခွင့်ရရှိရန် ပြည်ထဲရေးသို့ ပေးပို့သော စာ၌ မဘသ အဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းမှ ပုဒ်မ (၃၅၄) (ဂ)အရ တရားဝင်သော အသင်းအဖွဲ့ဖြစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)(၃၈၃) အရ နိုင်ငံသားတို့ကို နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့်အတိုင်း ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည့်အပြင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ရှိ တည်ဆဲ ဥပဒေများနှင့်အညီ ဆန့်ကျင်ခြင်းမရှိသည့်အတွက် ဆက်လက်ရပ်တည်ခွင့် ရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း အထောက်အထားနှင့်တကွ တင်ပြအပ်ပါကြောင်း ဖော်ပြထားသည်။

■ J-09

# ပြည်သူ့ရင်ပြင်ရှေ့ အုပ်စုဖွဲ့လုယက်မှုကျူးလွန်သူများကို စစ်ဆေးရာမှ အခြားလုယက်မှုများ ထပ်မံပေါ်ပေါက်

ရန်ကုန်၊ ဇွန် ၂၇

ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်ရှေ့ ရန်ကုန်-ပြည်လမ်းတွင် အုပ်စုဖွဲ့လုယက်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးစစ်ဆေးရာမှ အင်းလျားကန်ပေါင်နှင့် တာမွေမြို့နယ်ရှိ နိုက်ကလပ်အနီးတို့တွင် လက်ကိုင်ဖုန်းများ လုယက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ဖြင့် သက်ဆိုင်ရာမြို့နယ်ရဲစခန်းများတွင် ထပ်မံအမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

အုပ်စုဖွဲ့လုယက်မှုဖြင့် ဖမ်းဆီးထားသည့် အမျိုးသမီး သုံးဦးအပါအဝင် ၁၁ ဦးမှာ ဇွန်လ ၁၉ ရက် ည ၉ နာရီခွဲက ပြည်သူ့ရင်ပြင်ရှေ့ ပြည်လမ်းတွင် ဒဂုံမှ စမ်းချောင်းဘက်သို့ ပြည်လမ်းအတိုင်း လမ်းလျှောက်လာသည့် ညီအစ်ကို နှစ်ဦးကို ဝိုင်းဝန်းထိုးကြိတ်ပြီး လက်ကိုင်ဖုန်းလုယူရန် ကြိုးစားခဲ့သည်။

ယင်းသို့ လုယက်နေစဉ် လုယက်ခံရသူများက အော်ဟစ်အကူအညီတောင်းသောကြောင့် ၎င်းတို့၏ သူငယ်ချင်းများ ရောက်ရှိလာပြီး လုယက်သည့်အဖွဲ့ကို ပြန်လည်တိုက်ခိုက်ပြီး လူငယ်တစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဖမ်းမိသူကို ရဲတပ်ဖွဲ့က စစ်ဆေးရာမှ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ကျန် ၁၀ ဦးအား ဇွန်လ ၂၀ ရက်နှင့် ၂၁ ရက်နေ့တွင် ထပ်မံဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဖမ်းမိသူတွေကို စစ်ဆေးတော့ သုံးယောက်က အခြားလုယက်မှုတွေ ကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့တယ်။ ပြစ်မှုကျူးလွန်ရာမှာ သူတို့နဲ့အတူ အခြား အမျိုးသားနှစ်ယောက်ထပ် ပါဝင်တယ်လို့ သိရပြီး အဲဒီလွတ်နေသူ နှစ်ယောက်ကို ဖမ်းမိဖို့ ဆက်လက်စုံစမ်းစစ်ဆေးနေပါတယ်"ဟု ရဲအရာရှိက ပြောသည်။

တာမွေမြို့နယ်ရှိ နိုက်ကလပ်မှ ပြန်လာသူများနှင့် အင်းလျားကန်ပေါင်တွင် ချိန်းတွေ့နေသည့် စုံတွဲများထံမှ လက်ကိုင်ဖုန်းများ လုယူခဲ့သည်ဆိုသူ သုံးဦးမှာ အသက် ၂၂ နှစ် ကြက်ဖ(ခ) ဇော်ရှိန်း၊ အသက် ၂၆ နှစ် မွှေးနီ(ခ) ကျော်ဇင်လတ်နှင့် အသက် ၂၀နှစ် ရန်နိုင်(ခ) ဇင်မင်းဦးတို့ ဖြစ်ပြီး ၎င်းတို့ကို လုယက်မှု၊ ခိုးမှုများဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းများတွင် ထပ်မံအမှုဖွင့် အရေးယူထားသည်။

ပြည်သူ့ရင်ပြင်ရှေ့တွင် အုပ်စုဖွဲ့လုယက်မှုကျူးလွန်ခဲ့ရာတွင် ပါဝင်ခဲ့သော အခြားသူများမှာ ဗဟန်း၊ တောင်ဥက္ကလာပ၊ သာကေတ၊ ဒဂုံတောင်နှင့် သန်လျင်မြို့နယ်တို့တွင် နေထိုင်သူများဖြစ်သော အသက် ၁၈ နှစ် ဝင်းမင်းထွန်း(ခ) အုန်းကျော်၊ အသက် ၂၆ နှစ် ဖိုးထောင်(ခ) သန့်ဇင်ထွေး၊ ရဲရင့်(ခ)ရခိုင်(ခ) စိုးမင်းနိုင်၊ အသက် ၂၁ နှစ် ဝေယံ(ခ) ဖွဲ့ညီ(ခ) ဝက်ကလေး၊ အသက် ၁၈ နှစ် အိကြူစံ(ခ) ခန့်ငြိမ်းသူ၊ သျှားနဒီ(ခ) မြတ်သူစံ၊ သံစဉ်ချို(ခ) အေးစုစံ၊ သားသား(ခ) ဆင့်ဆင့်နိုင်တို့ဖြစ်သည်။

■ S-03

# သာသနာသန့်ရှင်းတည်တံ့ရေး အကောင်အထည်ဖော်သွားမည်ဟု သာသနာရေးဝန်ကြီးပြော

**နေပြည်တော်၊ ဇွန် ၂၇**

ဘာသာရေးအကြောင်းပြ၍ နိုင်ငံရေး ရှုပ်ထွေးစေမည့် လုပ်ငန်းများ ဆောင်ရွက်နေသူတို့အား ဖယ်ရှားရှင်းလင်းရန် နိုင်ငံတော်သံဃ မဟာနာယကနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ထံ တင်ပြပြီး သာသနာတော် သန့်ရှင်းတည်တံ့ရေး အတွက် ဆောင်ရွက်သွားမည်ဟု သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားသည်။

"ဓမ္မစက်၊ အာဏာစက်နဲ့ သာသနာတော် သန့်ရှင်းတည်တံ့ရေးအတွက်ကို ဆက်လက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်၊ ဒါကတော့ လုပ်ဖို့ အချိန်တန်ပြီဆိုပြီးတော့မှ ပြည်သူ၊ ပြည်သားတွေနဲ့ ရဟန်းသံဃာထုတွေကို မီးမောင်းထိုးပြီး ထောက်ပြလာပါတယ်" ဟု ၎င်းက ယနေ့ ပြည်သူ့လွှတ်တော်သို့ ရောက်ရှိလာစဉ် မီဒီယာများကို ပြောကြားခဲ့ခြင်း ဖြစ်သည်။

သာသနာတော် သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်ရန် ဝန်ကြီးဌာနအနေနှင့် လိုအပ်သည့် ကိန်းဂဏန်း၊ စာရင်းဇယား၊ အချက်အလက်များ စုစည်းပြီး စီမံချက်ရေးဆွဲနိုင်ရန် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးထံမှ သိရသည်။

"ရဟန်းသံဃာ အပိုင်းကရော၊ ပြည်သူလူထုအပိုင်းကရော မြန်မာနိုင်ငံမှာ သာသနာတော်သန့်ရှင်းရေး တစ်ကြိမ်ထပ်လုပ်ဖို့သင့်ပြီလို့ အကြံပေးချက်တွေကို တောက်လျှောက်နေ့တိုင်း ရရှိနေတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက် ပြောသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် မ.ဘ.သ အဖွဲ့ ဖျက်သိမ်းကြောင်း အမိန့်ထုတ်ပြန်ထားသော်လည်း ယင်းအဖွဲ့ဝင်များသည် ဗုဒ္ဓဓမ္မဖောင်ဒေးရှင်း အဖွဲ့အမည်ဖြင့် ထပ်မံဖွဲ့စည်းခဲ့ပြီး ခိုင်လုံသည့် အကြောင်းပြချက် မရှိဘဲ ဆန္ဒဖော်ထုတ်ပွဲများ တစ်ပွဲပြီးတစ်ပွဲ လုပ်ဆောင်နေခြင်းကြောင့် ဗုဒ္ဓသာသနာမြတ်ကြီး သန့်ရှင်းတည်တံ့နေမှုကို ထိုးနှက်နေသည့် သဘောဖြစ်ကြောင်းလည်း သူရဦးအောင်ကိုက ဆိုသည်။

သာ/ယဉ်ဝန်ကြီးအား ဆန္ဒဖော်ထုတ်ရခြင်းသည် ဗုဒ္ဓဘာသာကို မျက်ကွယ်ပြုပြီး အခြားဘာသာများအား ဦးစားပေးခြင်းနှင့် အစ္စလာမ်ဘာသာဘက်သို့ ပိုမိုလိုက်လျောမှုရှိလာသည့်အတွက် ဗုဒ္ဓဘာသာ သာသနာ၏ အနာဂတ်သည် ပိုမိုရှုပ်ထွေး သွေးကွဲစေသည်ဟူသော အချက်များ ပါဝင်သည်။

တမန်တော်နေ့ အခမ်းအနားကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် တစ်နှစ်တစ်ကြိမ်သာ ကျင်းပခွင့်ရခဲ့သော်လည်း ၂၀၁၆ ခုနှစ် အရပ်သားအစိုးရလက်ထက်တွင် နိုင်ငံအဝန်း ကျင်းပခွင့်ရရှိခဲ့သည်။

"တမန်တော်နေ့အခမ်းအနားကို နိုင်ငံတစ်ဝန်းလုံးမှာ အကြိမ်များစွာ ကျင်းပတယ်၊ အဲ့ဒီလို ကျင်းပခွင့်ကို ဘယ်သူ ကပေးသလဲဆိုရင် ကျင်းပတဲ့မြို့နယ်မှာရှိတဲ့ အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး တွေက ခွင့်ပြုပေးတာဖြစ်တယ်၊ သာ/ယဉ်ဝန်ကြီးဌာနက ခွင့်ပြုပေးခြင်းမရှိဘူး" ဟု သူရဦးအောင်ကိုက ရှင်းပြသည်။

■ S-01



ဓာတ်ပုံ-အောင်နိုင်

# ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်း(ဗဟို)အဖွဲ့မှ ဆရာတော် ဦးဝီရသူ နုတ်ထွက်

**ရန်ကုန်၊ ဇွန် ၂၇**

မဘသအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းလိုက်သည့် ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်း (ဗဟို) အဖွဲ့မှ ဆရာတော် ဦးဝီရသူ နုတ်ထွက်ကြောင်း ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်း (ဗဟို) အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဆရာတော် ဒေါက်တာသောပါက က မိန့်သည်။

ဆရာတော်ဦးဝီရသူသည် မဘသ အဖွဲ့ ဖွဲ့စည်းစဉ် အချိန်၌ ဗဟိုဦးဆောင်ဆရာတော်တစ်ပါးအနေနှင့် ပါဝင်ခဲ့သော ဆရာတော်တစ်ပါးဖြစ်သည်။ ထို့နောက် မဘသမှ ဗုဒ္ဓဓမ္မပရဟိတ ပြောင်းလဲဖွဲ့စည်းရာတွင် အဖွဲ့၏ ဗဟိုဦးဆောင် တာဝန်များကို ဆက်လက်တာဝန်ယူခဲ့သည်။

သို့သော် ဆရာတော် ဦးဝီရသူသည် ဗုဒ္ဓဓမ္မပရဟိတ အဖွဲ့မှ နုတ်ထွက်ကြောင်း စာကို အဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်ထံ မေလအတွင်း၌ ပေးပို့ခဲ့သည်။

"ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်း အဖွဲ့ကနေ ဆရာတော် ဦးဝီရသူ နုတ်ထွက်ကြောင်း စာတင်ခဲ့ပါတယ်။ ဥက္ကဋ္ဌ ဆရာတော်ကြီးက သဘောတူစွာ နုတ်ထွက်ခွင့်ပြုလိုက်ပါတယ်" ဟု ဒေါက်တာသောပါကက မိန့်သည်။

ဆရာတော် ဦးဝီရသူသည် ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်းမှ နုတ်ထွက်ခဲ့သော်လည်း ဖောင်ဒေးရှင်း၏ ဆောင်ရွက်ချက်များကို ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ ဖောင်ဒေးရှင်းအဖွဲ့၏ ဦးဆောင်ဆရာတော် အချို့ထံမှ သိရသည်။

ထိုကဲ့သို့ ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်း အဖွဲ့မှ ဆရာတော် ဦးဝီရသူ နုတ်ထွက်ရခြင်းနှင့် ပတ်သက်၍ ဆရာတော် ဦးဝီရသူထံ ဆက်သွယ်မေးမြန်းရန် ကြိုးစားခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ပါ။

■ J-09

# ဘုရားဆင်းတုတော်များခိုးယူ ရောင်းချသည့် လူငယ်နှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ ဇွန် ၂၇**

ဗုဒ္ဓဘုရား ကြေးဆင်းတုတော်များ ခိုးယူပြီး လိုက်လံရောင်းချနေသည့် အသက် ၁၃ နှစ်နှင့် ၁၇ နှစ်အရွယ် ယောကျ်ားလေး နှစ်ဦးကို ဇွန်လ ၂၆ ရက် ည ၇ နာရီခန့်က ဖမ်းမိခဲ့ကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၃၆)ရပ်ကွက်၊ မောရဝတီလမ်းရှိ သံတိုသံစရောင်းဝယ်ရေးဆိုင်တွင် ဇွန်လ ၂၆ ရက် ည ၇ နာရီခန့်က လူငယ်နှစ်ဦး ဗုဒ္ဓဘုရားကြေးဆင်းတုတော် သုံးဆူကို တစ်ဆူလျှင် လေးထောင်ကျပ်နှုန်းဖြင့် ရောင်းချနေသည်ကို ရပ်ကွက်အတွင်းရှိ မီးသတ်အရန် တပ်ဖွဲ့ဝင်တစ်ဦးကတွေ့ရှိပြီး ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"သူတို့က ဘုရားတစ်ဆူကို လေးထောင်နဲ့ရောင်းနေတာ၊ အဲဒါကို ရပ်ကွက်ထဲမှာရှိတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦး ကတွေ့တယ်၊ အဲဒါနဲ့ မီးသတ်တပ်ခွဲရုံးကို ခေါ်စစ်လိုက်တဲ့အချိန်မှာ စစ်ပင်တောင်ရပ်ကွက်ကနေ ခိုးလာတယ်ဆိုတာ သိရတာ၊ အဲဒါနဲ့ မီးသတ်တပ်ဖွဲ့ကနေ စစ်ပင်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ခေါ်ပြီး အပ်ပေးခဲ့တာပါ၊ စစ်ပင်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းကနေ ရဲစခန်းကို လာရောက်အပ်နှံခဲ့တယ်" ဟုယင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ယင်းခိုးယူလာသည့် ဗုဒ္ဓဘုရားကြေးဆင်းတုတော်များမှာ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ စစ်ပင်တောင်ရပ် ကွက်၊ စူဠာမဏိဘုရား၊ အောင်သိဒ္ဓိကျောင်းဆောင်အတွင်းမှ ဇွန်လ ၂၅ ရက်နေ့က ခိုးယူလာသည့် ဆင်းတုတော်များဖြစ်ပြီး ပြစ်မှုကျူးလွန်သည်ဟုဆိုသော လူငယ်နှစ်ဦးကို လူငယ်သင်တန်းကျောင်း ငှက်အော်စမ်း (သန်လျင်) မြို့နယ်သို့ ပို့ဆောင်ပြီး ထိန်းသိမ်းပြုပြင်သွားမည်ဖြစ်ကြောင်း ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရဲတပ်ဖွဲ့ မှ သိရသည်။

"သူတို့က ကလေးတွေပဲရှိသေးတာ၊ စီးပွားရေးကလည်းအဆင်မပြေတော့ လုပ်မိလုပ်ရာ လုပ်ကြတယ်နဲ့ တူတယ်၊ အရင်တုန်းက ပြစ်ချက်ဟောင်းလည်းမရှိ၊ ကလေးတွေက ငယ်သေးတော့ လူငယ်ထိန်းသိမ်းရေးသင်တန်းကျောင်းကို ပို့သင့်တယ်လို့ယူဆပြီး ရပ်ကွက်တာဝန်ရှိသူတွေနဲ့တိုင်ပင်ကာ ပို့ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု ယင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

■ J 16

# သွေးမှောင်ခိုရောင်းချသူများကို စောင့်ကြည့်စစ်ဆေးမည်ဟုဆို

**ရန်ကုန်၊ ဇွန် ၂၇**

ရန်ကုန်မြို့ အစိုးရဆေးရုံနှင့် ပုဂ္ဂလိက ဆေးရုံများတွင် သွေးမှောင်ခိုရောင်းချသူများကို အမျိုးသားသွေးဌာန အနေနှင့် စောင့်ကြည့်စစ်ဆေးမည်ဖြစ်ကြောင်း အမျိုးသားသွေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သွေးတစ်ပုလင်းလျှင် ကျပ်တစ်သိန်းနှင့် တစ်သိန်းခွဲကြား ရောင်းချနေသော မှောင်ခိုသမားအဖွဲ့နှင့် ပတ်သက်၍ သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် ယင်းသို့ စီစဉ်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီကိစ္စရပ်နဲ့ ပတ်သက်ပြီးတော့ စုံစမ်းဖို့ရှိပါတယ်။ ဘယ်လိုမျိုး လုပ်ကိုင်နေကြလဲပေါ့။ ကျွန်တော်တို့လည်း မှောင်ခိုဈေးကွက်တွေ မရှိအောင် တိုက်ဖျက်နေတာပါ" ဟု အမျိုးသားသွေးဌာနမှ တာဝန်ရှိသူက ဆိုသည်။

သွေးမှောင်ခို ဈေးကွက်ကို ဘက်ပေါင်းစုံမှ ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းထံ ဇွန်လ ၂၇ရက်က အကြောင်းကြားစာ ပေးပို့ထားပြီး တိုင်းဒေသကြီးအဆင့် ကုသရေးဦးစီးဌာနနှင့်ပါ အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားသွေးဌာနထံမှ သိရသည်။

သွေးရောင်းချနေသောအဖွဲ့သည် ရန်ကုန်မြို့ရှိ ထင်ရှားသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ စံပြဆေးရုံကြီးအပါအဝင် နာမည်ကြီး ပုဂ္ဂလိက ဆေးရုံ သုံးခုခန့်တွင် အသင့်စောင့်ဆိုင်းနေတတ်ပြီး သွေးလိုအပ်သော လူနာရှင်၏အခြေအနေကို ကြည့်ရှု၍ သွေးဝယ်ယူရန် စည်းရုံးသိမ်းသွင်းပြီး သွေးအမျိုးအစားအလိုက် တစ်သိန်းမှ တစ်သိန်းခွဲကြားရှိ ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း မှောင်ခိုသွေးဝယ်ယူခဲ့ဖူးသူ အချို့က ပြောကြားထားသည်။

"ဒါမျိုးကိစ္စတွေက အရင်ကတည်းက ကြားနေရတယ်။ အရေးပေါ်လူနာတင်ယာဉ် အငှားသမားတွေနဲ့ ရောနှောပြီးတော့ နောက်ဆက်တွဲ ဖြစ်လာတာက ဒီလိုသွေးပွဲစားတွေပေါ့" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနီးရှိ လမ်းဘေးဈေးရောင်းသူတစ်ဦးက ဆိုသည်။

သွေးမှောင်ဈေးကွက်တွင် ရှားပါးသော AB သွေးမှာ ကျပ်တစ်သိန်းခွဲအထိ ဈေးပေါက်လျက်ရှိပြီး အိုသွေး၊ ဘီ သွေးနှင့် အေသွေးများမှာ ကျပ်တစ်သိန်းနှုန်းပေါက်ဈေးရှိကြောင်း၊ အဆိုပါမှောင်ခိုရောင်းချနေသောအဖွဲ့မှာ ဆေးရုံများနှင့် အဝင်အထွက်ရှိသည့် ပရဟိတအသင်းအဖွဲ့ သဏ္ဌာန်ရှိပြီး ရောင်းချမည့်သွေးများကို တိုက်ရိုက်မရောင်းဘဲ တစ်ဆင့်ခံဖြင့် သွေးပုလင်းကို အပေးအယူပြုလုပ်ကြောင်း သွေးဝယ်ခဲ့ဖူးသူ အမျိုးသားတစ်ဦးက ပြောကြားထားသည်။

"သွေးနဲ့ ပတ်သက်တဲ့ မသမာမှုတွေက ထိထိရောက်ရောက်လေး ဖြေရှင်းပေးသင့်တယ်။ ဘာဖြစ်လို့ဆိုတော့ တချို့သန့်သန့်ရှင်းရှင်း ရပ်တည်ပြီးတော့ လုပ်ကိုင်နေကြတဲ့ ပရဟိတအသင်းအဖွဲ့တွေအတွက် အလွန်နစ်နာစေတယ်။ ရှင်းရှင်းပြောရရင် ဝါးလုံးရှည်နဲ့ ရမ်းခံရသလိုပေါ့။ မျက်နှာပျက်စရာဖြစ်လာတယ်။ အချိန်မီ တားဆီးပေးကြပါ" ဟု သွေးမေတ္တာပရဟိတအသင်းမှ တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုပြောဆိုသည်။

၂၀၁၆ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အစိုးရဆေးရုံများအတွက် ၄၅၀ မီလီမီတာဆံ့ သွေးအိတ်ယူနစ်ပေါင်း ၆၉၀၀၀ ခန့် ရရှိခဲ့ကြောင်း၊ အဆိုပါစာရင်းမှာ လစဉ်ပြုလုပ်နေသည့် စုပေါင်းသွေးလှူဒါန်းပွဲမှတစ်ဆင့် အလှူခံရရှိနေခြင်း ဖြစ်ကြောင်း အမျိုးသားသွေးဌာနထံမှ သိရသည်။

အစိုးရဆေးရုံနှင့်ပုဂ္ဂလိက ဆေးရုံများတွင် သွေးမှောင်ခိုရောင်းချနေသောအဖွဲ့၌ လူဆယ်ဦးခန့် ပါဝင်ကြောင်း အရေးပေါ်သွေးလိုအပ်၍ ဝယ်ယူခဲ့သူ အချို့ထံမှ စုံစမ်းသိရှိရသည်။

■ J-17










# E D I T O R I A L

# အားလုံးအတွက် အရေးကြီးသည့် Presentation ကိစ္စ

ပုဂံဒေသကို နောက်ခံကျောရိုးအဖြစ်ထားရှိကာ ရိုက်ကူးထားပြီး နာမည်ကျော် သရုပ်ဆောင်များစွာပါဝင်သရုပ်ဆောင်ထားသည့် ရုပ်ရှင်ဇာတ်ကားတစ်ကားတွင်ပါဝင်သော ဒိုင်ယာလော့ခ် အသုံးအနှုန်းများ၊ ရိုက်ကူးတင်ဆက်မှုများနှင့် ဇာတ်လမ်းသဘောတရားများသည် အဆိုပါဒေသ၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေသောကြောင့် ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချခဲ့ရာ နောက်ဆုံးတွင် ရုပ်ရှင်အစည်းအရုံးကိုယ်တိုင် ပုဂံဒေသခံများနှင့် ထုတ်လုပ်သူ၊ ဒါရိုက်တာတို့အကြား ကြားဝင်စေ့စပ်ညှိနှိုင်းပေးရသည်အထိ ဖြစ်လာခဲ့သည်ကို စာဖတ်သူများသိရှိထားပြီးဖြစ်ပါလိမ့်မည်။ ဒေသခံများဘက်က ဇာတ်ကားကြောင့်၎င်းတို့ပုဂံဒေသနှင့်ပတ်သက်၍ ထိခိုက်ကျဆင်းသွားရသော ဂုဏ်သိက္ခာပိုင်းအတွက် အချက်များထုတ်ကာ တောင်းဆိုထားပြီး ရုပ်ရှင်အစည်းအရုံးက ဘက်နှစ်ဖက်ကြားမှနေကာ ညှိနှိုင်းပေးနေခြင်းဖြစ်သည်။ မြန်မာတို့သမိုင်းကြောင်းအတွက် လွန်စွာအရေးပါသော ပုဂံဒေသ၏ဂုဏ်သိက္ခာကာကွယ်ရေးနှင့် ရုပ်ရှင်အနုပညာများ လွတ်လပ်စွာဖန်တီးနိုင်ရေးဟူသော ဘက်နှစ်ဖက်အကြားက ထိပ်တိုက်ပဋိပက္ခတစ်ရပ်ဟုဆိုလျှင်မှားမည်မဟုတ်ပေ။

ယခုပြောချင်သည်မှာ အဆိုပါဇာတ်ကားနှင့်ပတ်သက်သော အမှန်၊ အမှားကိစ္စမဟုတ်ပေ။ Art of Presentation ဟူသော တင်ဆက်ပုံ အနုပညာနှင့် National Identity ဟုခေါ်သော အမျိုးသားရေးအမှတ်လက္ခဏာများ ကိစ္စပင်ဖြစ်ပါသည်။ သိကြသည့်အတိုင်း ယနေ့ခေတ်အခါသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အနုပညာဖန်တီးခွင့်ဟူသည့် ဒီမိုကရေစီနှင့်ပတ်သက်သော စံနှုန်းများရှေ့တန်းရောက်လာသလို တစ်ဖက်တွင် ဂလိုဘယ်လိုက်ဇေးရှင်းဟူသည့် သဘောတရားက ယဉ်ကျေးမှုများတစ်ခုနှင့်တစ်ခု ပွတ်တိုက်မိအောင် တွန်းအားပေးလျက်ရှိသည့် ခေတ်ကာလပင်ဖြစ်သည်။ သို့အတွက်ကြောင့် တိုးမိ၊ တိုက်မိလာသော ယဉ်ကျေးမှုများနှင့် ဓလေ့စရိုက်များအကြား ရှိရင်းစွဲ National Identity များမပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးမှာလည်း ယခင်ခေတ်ကာလကထက် ပို၍အရေးပါလာ သည်ကို မနုဿဗေဒပညာရှင်များက အထူးသတိပေးလျက်ရှိပေသည်။ ယဉ်ကျေးမှုများ ဒွေးရောယှက်တင်ဖြစ်လာခြင်းက ပြဿနာတစ်ရပ်မဟုတ်တော့ဘဲ National Identity များ မကွယ်ပျောက်သွားအောင် မည်သို့မည်ပုံလုပ်ဆောင်ကြမည်နည်းဟူသောကိစ္စက ပြဿနာတစ်ရပ်ဖြစ်လာသည့် သဘောကိုဆိုလိုပေသည်။ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးစုမြောက်မြားစွာနှင့် ယဉ်ကျေးမှုပဒေသာစုံရှိနေသည့် မြန်မာနိုင်ငံအတွက်မူ အဆိုပါကိစ္စမှာ ပို၍ပင်အရေးကြီးသည်ဟု ဆိုရပါမည်။

တစ်ချိန်က စာပေဖန်တီးမှုဖြစ်စေ၊ အနုပညာဖန်တီးမှုဖြစ်စေ ဆင်ဆာတည်းဖြတ်မှုအောက်၌ရှိခဲ့ရာမှ ယခုအခါအတော့်ကို လွတ်လပ်ပွင့်လင်းလာပြီဖြစ်သည့် အခြေအနေသည် ဝမ်းပန်းတသာဖြစ်ရမည့်ကိစ္စဖြစ်သော်လည်း တစ်ဖက်တွင် ဖန်တီးသူများအနေနှင့် ကြီးမားသည့်တာဝန်ရှိလာပြီဖြစ်သလို ပွတ်တိုက်မှုကင်းကာ သပ်ရပ်လှပသည့် တင်ဆက်မှုဖြစ်ပေါ်စေရေးအတွက် လွန်စွာစာဖတ်နာထားရန်လည်းလိုအပ်လျက်ရှိသည်ကို အထူးသတိပြုရတော့မည်ဖြစ်သည်။ များပြားလှသည့် တိုင်းရင်းသားလူမျိုးများအကြား မြေနိမ့်ရာလှံစိုက်သဘောမျိုးဖြစ်စေမည့် တင်ဆက်ပုံမျိုးကို သတိချပ်ရမည်ဖြစ်သလို ဒေသတစ်ခုနှင့်တစ်ခုအကြား တူညီသည့်ဘာသာစကား ပြောဆိုနေသည့်တိုင် အဓိပ္ပာယ်ကောက်ယူမှုကွဲပြားခြားနားပုံ၊ တစ်နည်းအားဖြင့် ဒေသအလိုက် အသုံးအနှုန်း၊ အခေါ်အဝေါ်ကွဲပြားပုံကအစ ကောင်းစွာသိရှိထားရမည်ဖြစ်ပေသည်။ ဥပမာ-အညာဒေသ၊ အထူးသဖြင့် မန္တလေးဘက်တွင် တစ်ဦးနှင့် တစ်ဦး ပြောဆိုရာ၌ ‘ခင်ဗျားနှင့် ကျွန်တော်’ ဟူသော နာမ်စားသုံးနှုန်းလေ့ရှိသော်လည်း ရှမ်းပြည်ဘက်တွင်(အထူးသဖြင့် ရှမ်းတောင်ပိုင်း) ယင်းအသုံးအနှုန်းသည် လွန်စွာရိုင်းပျသည့်အသုံးမျိုးဖြစ်နေခြင်းပင်။ ကွယ်လွန်သူ စိုင်းထီးဆိုင် သီဆိုခဲ့သည့် ‘မန္တလေးရောက်ရှမ်းတစ်ယောက်’ သီချင်းကိုနားဆင်ဖူးသူတိုင်း နားလည်သဘောပေါက်လိမ့်မည်ဖြစ်ပေသည်။ စာရေးဆရာလုပ်သည်ဖြစ်စေ၊ သတင်းစာဆရာလုပ်သည်ဖြစ်စေ၊ သီချင်းရေးသည်ဖြစ်စေ၊ အခြားအနုပညာတစ်ခုခုကို ဖန်တီးသည်ဖြစ်စေ မိမိ၏ အလုပ်၊ တစ်နည်းအားဖြင့် Product သည် မိမိ၏စွမ်းဆောင်ရည်ကိုဖော်ကျူးသော Presentation တစ်ရပ်ဖြစ်ပေရာ မိမိအခွင့်အရေးလည်းမထိခိုက် တစ်ပါးသူ၏ အခွင့်အရေးလည်း မပွန်းပဲ့စေသော Presentation မျိုးဖန်တီးနိုင်ရေးသည် မြန်မာ့လူ့ဘောင်အတွက် အသင့်လျော်ဆုံးဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

**အယ်ဒီတာ ( ၂၇ - ၆ - ၂၀၁၇ )**

# UNFC ခေါင်းဆောင်ပိုင်း အပြောင်းအလဲပြုလုပ်

**ရန်ကုန်၊ ဇွန် ၂၇**

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ညီလာခံတွင် ခေါင်းဆောင်ပိုင်း နေရာများကို အသစ်ရွေးချယ် တင်မြှောက်ခဲ့ကြောင်း အဆိုပါညီလာခံမှ သိရသည်။

UNFC ခေါင်းဆောင်သစ်များအဖြစ် ဥက္ကဋ္ဌနေရာကို မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာအား ရွေးချယ်ခဲ့ကြပြီး ရခိုင်အမျိုးသားကောင်စီ (ANC) ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကို UNFC ဒုတိယ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြောင်း UNFC ထံမှ သိရသည်။

ထို့ပြင် အထွေထွေအတွင်းရေးမှူးအဖြစ် ကရင်နီတိုးတက်ရေးပါတီ (KNPP) မှ ခူဦးရယ်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး (၁) အဖြစ် ဗိုလ်မှူးကြီး ဆေအွန်နှင့် တွဲဖက် အထွေထွေ အတွင်းရေးမှူး (၂) အဖြစ် ဗိုလ်မှူးကြီး ဆော်လမွန်တို့ကို ရွေးချယ်ကာ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များအဖြစ် ဦးထွန်းဇော်၊ နိုင်အောင်မငေး၊ ဗိုလ်ချုပ် ဘီထူးနှင့် ဗိုလ်မှူးကြီး မင်းထွန်းတို့ကို ရွေးချယ်ခဲ့ကြကြောင်း UNFC အစည်းအဝေးမှ သိရသည်။

အသစ်ဖွဲ့စည်းခဲ့သည့် UNFC ဖွဲ့စည်းပုံတွင် ကောင်စီဝင် ၁၅ ဦး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ၉ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ညီလာခံကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇွန်လ ၂၀ ရက်နေ့မှ စတင်ကျင်းပနေခြင်းဖြစ်ပြီး ညီလာခံကို လာမည့် ဇွန်လ ၂၉ ရက်နေ့အထိ ကျင်းပသွားရန် စီစဉ်ထားသည်။

UNFC တာဝန်ရှိသူများက တစ်စုံတစ်ရာ အတည်ပြုထုတ်ပြန်ပေးခြင်း မရှိသေးသော်လည်း UNFC အစည်းအဝေး တတိယမြောက်နေ့တွင် UNFC အဖွဲ့မှ နုတ်ထွက်ခွင့်တောင်းထားသည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) အပါအဝင် ကိုးကန့် (MNDAA)၊ တအာင်း-ပလောင် (TNLA) နှင့် ‘ဝ’ အမျိုးသားအဖွဲ့ချုပ် (WNO) တို့ကို နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ချင်းမိုင်အခြေစိုက်သတင်းများက ဖော်ပြခဲ့ကြသည်။

■ J - 08

The VOICE Daily

CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# တို့ဗမာသီချင်းပေါ်ထွန်းသည့် ဇွန် ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ် နှစ်စဉ်ကျင်းပမည်

**နေပြည်တော်၊ ဇွန် ၂၇**

ကိုလိုနီခေတ်တွင် တို့ဗမာအစည်းအရုံးက အမျိုးသားသီချင်းအဖြစ် အသိအမှတ်ပြုခဲ့သော တို့ဗမာသီချင်း ပေါ်ထွန်းခဲ့သည့် ဇွန် ၂၇ရက်နေ့ကိုမြန်မာ့ဂီတနေ့အဖြစ် နှစ်စဉ်ကျင်းပမည်ဟု မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးက ပြောကြားသည်။

ကိုလိုနီခေတ် ၁၉၃၆ ခုနှစ်တွင် မြင်းခြံမြို့၌ ကျင်းပသည့် တို့ဗမာအစည်းအရုံး ဒုတိယအကြိမ် ညီလာခံတွင် သီဆိုသော တို့ဗမာသီချင်းကိုအမျိုးသားသီချင်းအဖြစ် စတင်သီဆိုသည့်နေ့ဖြစ်သော ဇွန် ၂၇ ရက်နေ့ကို မြန်မာ့ဂီတနေ့အဖြစ် သတ်မှတ်ရန် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးက ဆုံးဖြတ်ခဲ့ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

"ဒီနေ့ ဂီတလောကသားတွေက အမြတ်တနိုးတန်ဖိုးထားမည့် နေ့ဖြစ်တယ်။ မြို့ကြီးတွေနဲ့ မြို့တချို့မှာကျင်းပလာတာ ၅နှစ်ရှိပြီ။ တစ်ပြည်လုံးအနှံ့နှစ်စဉ်ကျင်းပနိုင်ရန် ကြိုးစားသွားမယ်" ဟု ဦးတင်ဦးလေးကဆိုသည်။

မန္တလေးတွင် လွန်ခဲ့သည့် နှစ်များက မြန်မာ့ဂီတနေ့ကို သီးခြားမကျင်းပခဲ့ဘဲ ဆိုင်းဆရာများက မြန်မာ့ဂီတနေ့ကို ဂုဏ်ပြုသည်အနေနှင့်ဆိုင်းများစုပြီး တီးမှုတ်မှုများသာ ပြုလုပ်ခဲ့သည်ဟု မန္တလေးမြို့ခံ ဆိုင်းပညာရှင် ထပ်ဆင့်အကယ်ဒမီ ဦးစိန်မွတ္တာက ပြောကြားသည်။ ■ T.L

# ဗမာပြည်ကွန်မြူနစ်ပါတီ စတင်တည်ထောင်သူ သခင်ဗဟိန်းရာပြည့်အခမ်းအနား ရန်ကုန်၌ ကျင်းပ

**ရန်ကုန်၊ ဇွန် ၂၇**

ဗမာပြည်ကွန်မြူနစ်ပါတီ စတင်တည်ထောင်သူ အမျိုးသားညီညွတ်ရေးဗိသုကာဟု တင်စားခေါ်ဝေါ်ကြသည့် သခင်ဗဟိန်း၏ နှစ်တစ်ရာပြည့်အခမ်းအနားကို ဇွန်လ ၂၇ ရက်တွင် ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားကို ဇွန်လ ၂၇ ရက်နေ့နံနက် ၉နာရီမှစတင်ပြီး ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ယုဒသန်ခန်းမတွင် ပြခန်းဖွင့်လှစ်ခဲ့ပြီးနောက် အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနား၌ ဝါရင့်နိုင်ငံရေးသမားများ၊ ကျောင်းသားမျိုးဆက်အသီးသီးမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂတို့မှ ခေါင်းဆောင်များ တက်ရောက်ကြပြီး အမှတ်တရစကား ပြောကြားခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းများကို ပြုလုပ်ခဲ့ကြသည်။

သခင်ဗဟိန်းသည် လက်တွေ့သဘောကိုပေါင်းစပ်ပြီး လူငယ်များကို ခေါင်းဆောင်နိုင်ပြီး ထောက်ပြစရာ မရှိအောင်တော်သည့် ခေါင်းဆောင်ဖြစ်သည့်အပြင် အချင်းချင်း အင်အားသုံးခြင်းများ မရှိကြောင်း သခင်ဗဟိန်းနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သူ ဦးဝင်းနိုင်က ချီးကျူးပြောဆိုခဲ့သည်။

"ကျွန်တော်တို့ တိုင်းပြည်အနာဂတ်အတွက် တိုင်းပြည်နဲ့လူမျိုးအတွက် သစ္စာရှိရှိနဲ့ သက်စွန့်ကြိုးပမ်း ဆောင်ရွက်မယ့် လူထုအကျိုးပြု ခေါင်းဆောင်မျိုး အနာဂတ်မှာပေါ်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။ သူက ကိုယ့်အချင်းချင်း မည်သည့်နည်းနဲ့မှ အင်အားမသုံးဘူး။ ဒီလိုပုဂ္ဂိုလ်မျိုးက အလွန်တရာ လေးစားဖို့ကောင်းတယ်" ဟု ၎င်းက ဆိုသည်။

သခင်ဗဟိန်းသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် အဖိနှိပ်ခံပြည်သူများ လွတ်မြောက်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့သည့် နိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်သည်။

သခင်ဗဟိန်းကို ၁၉၁၇ ခုနှစ်တွင် စစ်ကိုင်းခရိုင် အင်းဝမြို့တွင် မွေးဖွားခဲ့သည်။

၁၉၃၈ ဇန်နဝါရီလတွင် စတင်ခဲ့သည့် ၁၃၀၀ ပြည့် အရေးတော်ပုံတွင် 'မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်ရမယ်' ဟူသည့် သမိုင်းတွင် စကားသံနဲ့အတူ ပုလိပ်တပ်၏ အဖမ်းခံခဲ့ရကာ အလုပ်သမား လူတန်းစားပါတီ၊ တို့ဗမာအစည်းအရုံး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ ဗမာပြည်ကွန်မြူနစ်ပါတီတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၆ခုနှစ် နိုဝင်ဘာတွင် ကွယ်လွန်ခဲ့သည်။ ■ J-09

# နာဂဒေသရှိ အသက် ၉၀ အထက် ဘိုးဘွားများ လူမှုရေး ပင်စင်မရ

**ကလေး၊ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အသက် ၉၀ နှင့်အထက် ဘိုးဘွား ၄၀၀ခန့်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း မရှိသဖြင့် လူမှုရေးပင်စင်မရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ အသက် ၉၀နှင့် အထက် ဘိုးဘွားများကို လူမှုရေးပင်စင် တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ဧပြီ၊ မေနှင့်ဇွန်လအထိ သုံးလစာ ကျပ်သုံးသောင်းကို ဇွန်လ ၁၅ ရက်က ထုတ်ပေးခဲ့ကြောင်း၊ ယင်းသို့ ထုတ်ပေးခဲ့ရာတွင် နာဂဒေသရှိ လဟယ်မြို့နယ်မှ ဘိုးဘွား ၄၀၀ခန့်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမတင်ပြနိုင်သဖြင့် ချန်လှပ်ခံထားရပြီး လေရှီးမြို့နယ်မှ ဘိုးဘွားလေးဦးသာ ထောက်ပံ့နိုင်ခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

"မှတ်ပုံတင်ရော အိမ်ထောင်စုစာရင်းရော နှစ်ခုစလုံးသူတို့က ဘာမှ မတင်ပြနိုင်ဘူး၊ ရပ်မိရပ်ဖ နှစ်ဦးနဲ့ ရပ်/ကျေး ဥက္ကဋ္ဌ ထောက်ခံချက်နဲ့ မြို့နယ်ကိုတင်၊ မြို့နယ်ကထောက်ခံချက်ရယ်၊ လဝကရဲ့ ထောက်ခံချက်ရယ် ဆိုရင် လူမှုဝန်ထမ်းဦးစီးဌာနက ရုံးချုပ်ဆီတင်ပြမယ်၊ ဖြေလျှော့ဖို့ကလည်း လုပ်ဆောင်နေပါတယ်" ၎င်းက ပြောဆိုသည်။

ဖြေလျှော့ပေးသည့် အစီအစဉ်မှာ ယာယီသာဖြစ်ပြီး ဆက်လက်ထောက်ပံ့မှုရရှိနိုင်ရန် မှတ်ပုံတင်ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ နာဂဒေသမှ အထောက်အထားမပြနိုင်သော ဘိုးဘွားများကိုထောက်ပံ့ပေးနိုင်ရန် စာရင်းကောက်ယူမှုကို ဇွန်လ ၃၀ ရက်အထိ နောက်ဆုံးထား ပြုလုပ်ပေးနေကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုရေးပင်စင်ရရှိရန် စာရင်းပေးသူ ၃၆၉၄ ဦးရှိပြီး အထောက်အထား ပြနိုင်သည့်သူ ၃၃၀၇ ဦး ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနထံမှ သိရသည်။ ■

# အဖျောက်တွင် ဒေသခံ ၁၀၀ခန့် ဆန္ဒပြ

**အဖျောက်၊ ဇွန် ၂၇**

ရောဝတီတိုင်းဒေသကြီး၊ အဖျောက်မြို့တွင် ပန်းတုန်းပိတ်ကျေးရွာမှ ကမ်းပြိုကာ အိုးမဲ့အိမ်မဲ့ ဖြစ်သော အိမ်ထောင်စုများအနက် အိမ်ထောင်စု ၂၉စုသာ မြေအခမဲ့ရရှိ၍ ကျန်အိမ်ထောင်စုများက ကျေးရွာအုပ်ချုပ်ရေးမှူးကို ဇွန်လ ၂၆ရက် နံနက်ပိုင်းက ဆန္ဒထုတ်ဖော်ခဲ့သည်။


ဓာတ်ပုံ-မင်းမင်းအောင်

အဆိုပါကျေးရွာတွင် ၂၀၁၄ခုနှစ်မှ ဇွန်လဆန်းအထိ ရောဝတီ ကမ်းပါးပြိုကျမှုကြောင့် အိမ်ထောင်စု ၇၃ စု ရွှေ့ပြောင်းခဲ့ရကြောင်း၊ ယင်းအိမ်ထောင်စုများ အနက် ၂၉စုကိုသာ မြေအခမဲ့ ချပေးခဲ့သောကြောင့် ကျန်အိမ်ထောင်စုများက မကျေနပ်သဖြင့် ဆန္ဒထုတ်ဖော်ရခြင်း ဖြစ်ကြောင်း၊ ကမ်းပြိုကာ ဒုက္ခရောက်သူများကို မြေနေရာပေးပါက ပြောင်းရွှေ့ရသူအားလုံးကို ပေးစေလိုကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်နေမှုကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးထံ တိုင်စာများ ပေးပို့ထားကြောင်း ဦးဆောင် ဆန္ဒပြသူ ဦးဝင်းကြိုင်က ပြောဆိုသည်။

အုပ်ချုပ်ရေးမှူး စတင်လုပ်ကိုင်သော ၂၀၁၆ ခုနှစ်မှ စတင်ကာ လက်ရှိအချိန်အထိ ကမ်းပြိုသူ အိမ်ထောင်စု ၂၉ စုကို မြေအခမဲ့ပေးခြင်း ဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်ရာတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးမှူးရုံးများထံ တင်ပြထားကြောင်း ဆန္ဒပြခံရသော ပန်းတုန်းပိတ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦးကပြောသည်။

ပန်းတုန်းပိတ် ကျေးရွာမြေယာစီမံခန့်ခွဲရေးကော်မတီအနေနှင့် အဖျောက်မြို့အမှတ်(၃)ရပ်ကွက်ရှိ ၆ဧကကျော်ကို ကျပ်သိန်း ၁၆၀၀ ဖြင့် ဝယ်ယူကာ ၃၀× ၆၀ မြေကွက် ၆၀ကို ဖော်ထုတ်ခဲ့ပြီး အိမ်ထောင်စု ၂၉စုကို တစ်ကွက်စီပေးခဲ့ကြောင်း၊ ကျန်မြေများကို ဈေးနှုန်းသတ်မှတ်ကာ ရောင်းချကြောင်း၊ ပန်းတုန်းပိတ်ကျေးရွာမြေယာကော်မတီအဖွဲ့ဝင်ဦးခင်မောင်လွင်ကပြောသည်။

ဆန္ဒထုတ်ဖော်သူများက 'ပန်းတုန်းပိတ်က ဒုက္ခသည်တွေ လာကြည့်လှဲ့ပါ၊ မြစ်ဘေးမှာပဲ' 'ဥပဒေရှိတာ သိနေရက်နဲ့ ကြည့်နေကြတာ ဘာဖြစ်လို့လဲ' 'ဆည်မြောင်းတာဘေး ကပ်လို့နေ ဒုက္ခသည်တွေ ဘယ်ပြေးရမလဲ' စသည့်ကြွေးကြော်သံများဖြင့် ကြွေးကြော်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ■ R-19

# ရှိမ္မကား ဘေးမဲ့တောကို တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်မည်

**ကလေး၊ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ ရှိမ္မကားဘေးမဲ့တောကို တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်ကာ တောအတွင်းနေထိုင်ကျက်စားသော ရွှေသမင်များကို ကာကွယ်ပေးမည် ဖြစ်ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။

ရှိမ္မကား ကျေးရွာအနီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ရန် တိုင်းတာနေပြီး ခန့်မှန်း ၄၀၀ ဧကခန့်ရှိကြောင်း၊ ယင်းတောအတွင်း နေထိုင်ကျက်စားသော ရွှေသမင်ကောင်ရေကို စစ်တမ်း ကောက်ယူနေကြောင်း၊ သစ်တောနှင့် တောအတွင်းနေ မြန်မာ့ရွှေသမင်များကို ဥပဒေအရ အကာအကွယ် ပေးနိုင်ရန်နှင့် ရှိမ္မကားဘေးမဲ့တောအဖြစ် တရားဝင်ဖြစ်တည်လာစေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ဒီတောနဲ့ရွှေသမင်ကို ရေရှည်မှာ ဥပဒေကြောင်းအရ အကာအကွယ်ပေးဖို့ လိုနေပြီး တောအနီးမှာနေထိုင်တဲ့ ကျေးရွာက ရွှေသမင်ချစ်သူတွေ တောအတွင်း ဘုန်းတော်ကြီးကျောင်းက သံဃာတော်တွေနဲ့ ပေါင်းပြီးတော့မှ ရေရှည် ထိန်းသိမ်းသွားဖို့ စီမံတယ်" ဟု ၎င်းထံမှ သိရသည်။

ရှိမ္မကားဘေးမဲ့တောကို မင်းတုန်းမင်းလက်ထက်က တောအတွင်း သီတင်းသုံးနေသည့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ စောင်းတန်းဒကာ ငရိုးကို ဘေးမဲ့တောအုပ်ချုပ်ရေးမှူးအဖြစ် သတ်မှတ် စောင့်ရှောက်စေခဲ့သည့် ကျောက်စာတိုင် အမှတ်အသားများရှိကြောင်း၊ အဆိုပါတောတွင် ရှိမ္မကားကျေးရွာနေ သမင်ချစ်သူများအဖွဲ့မှ စောင့်ရှောက်ထားသော မြန်မာ့ရွှေသမင်များစွာ အုပ်စုလိုက် ကျက်စားနေထိုင်သည်ကို တွေ့ရှိရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနထံမှ သိရသည်။ ■

# မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းရေး မူဝါဒအသစ် ယခုနှစ်အတွင်း ထွက်ပေါ်မည်

**နေပြည်တော်၊ ဇွန် ၂၇**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာများကို ဖြေရှင်းရာတွင် ပြည်သူ့ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုကို ရှေးရှုသည့် မူးယစ်ဆေးဝါးမူဝါဒသစ် ယခုနှစ်အတွင်း ထွက်ပေါ်မည်ဟု မူးယစ်ဗဟိုအဖွဲ့ရဲမှူးဇော်လင်းထွန်း(ဌာနမှူး စီမံကိန်းဌာန)က ပြောကြားသည်။

ယင်းမူဝါဒ ထွက်ပေါ်ရေးအတွက် လမ်းပြမြေပုံကို ရေးဆွဲနေပြီး ပထမဆုံးလုပ်ငန်းစဉ်တွင် မူဝါဒအတွင်းသွားမည့် လမ်းကြောင်းနှင့် ယင်းလမ်းကြောင်းကို အစိုးရဌာနများ၊ လွှတ်တော်နှင့်လွှတ်တော်အသီးသီးရှိ ကော်မတီများထံ တင်ပြအတည်ပြုချက် ရယူခဲ့သည်ဟု ၎င်းက ပြောကြားသည်။

မူဝါဒနှင့် ပတ်သက်ပြီး တင်ပြအတည်ပြုချက်ရယူပြီးသည့် လုပ်ငန်းကော်မတီ ၅ ခုဖွဲ့စည်းပြီး လုပ်ကိုင်နေသည်မှာ ခရီးပေါက်ရောက်မှုရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲများ သုံးကြိမ်ပြုလုပ်ပြီးလျှင် ထွက်လာသည့်ရလဒ်ကို ပညာရှင်များနှင့် ညှိနှိုင်း၍ အစိုးရဌာနများကိုပြန်တင်ပြမည်ဟု၎င်းကထပ်လောင်း ပြောကြားသည်။

မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ၂၀၁၃ မှ ၂၀၁၇ ဖေဖော်ဝါရီလအထိ ဒေသအလိုက် အထူးစစ်ဆင်ရေး၁၇ခုကို ဆောင်ရွက်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှာ ၂၀၁၆ ခုတွင် အမှုပေါင်းမှာ ၈၀၀၀ ရှိပြီး မူးယစ်ဆေးဝါးများ ဓာတုဗေဒနှင့် ဆက်စပ်သည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးမှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၆၆၀၀၀ ရှိသည်ဟုပြည်ထဲရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။ ■T.L



ဓာတ်ပုံ - မောင်မျိုးထက်

## ပုသိမ်မြို့မဈေးရှိ စားသောက်ကုန်များကို စစ်ဆေး

**ပုသိမ်၊ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မဈေးတွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA) နှင့် ပုသိမ်မြို့နယ် စားသုံးသူကာကွယ်ရေး ကော်မတီတို့ ပါဝင်သောအဖွဲ့က ဇွန်လ ၂၇ ရက်က ဈေးအတွင်းရှိ စားသောက်ကုန် ၄၈ မျိုးကို စစ်ဆေးခဲ့ကြောင်း စစ်ဆေးရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါဈေးရှိ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက် ငံပြာရည်ဆိုင်များ ကွမ်းသီးနှင့် ကွမ်းယာသုံး ဆေး ရောင်းချသည့်ဆိုင်၊ ငါးချဉ်၊ ပုစွန်ချဉ်ဆိုင်၊ မုန့်ဟင်းခါးဆိုင်နှင့် မုန့်ပဲသရေစာအမျိုးမျိုး ရောင်းချသည့်ဆိုင်၊ ဟင်းရွက်ချဉ်ဖတ်၊ ပဲပြား၊ ပဲခဲ၊ မျှစ်၊ ကြာဆံ၊ ခေါက်ဆွဲခြောက် စသည့်စားသောက်ကုန်များ ရောင်းချသည့် ဆိုင်များ မှ နမူနာပစ္စည်း ၄၈ မျိုးကို ရယူခဲ့သည်။

အဆိုပါ နမူနာများအနက် ၂၆မျိုးကို ချက်ချင်းစစ်ဆေးရာတွင် မတွေ့ရကြောင်း၊ ကျန်အရောင်ရှိသည့် နမူနာပစ္စည်း ၂၂ မျိုးကိုမူ တားမြစ်ဆိုးဆေးအသုံးပြုခြင်း ရှိမရှိကို သိရှိနိုင်ရေးအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် စစ်ဆေးသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)မှ ဒုကြီးကြပ်ရေးမှူး ဒေါ်ခိုင်သင်းဦးက ရှင်းပြသည်။

"ပဲပြား၊ ပဲခဲ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲဖတ်တို့ကို ဇောင်းပေးပြီး စစ်တယ်၊ မျှင်ငါးပိနဲ့ အခြား မုန့်ပဲသရေစာ ဂျယ်လီလိုမျိုးတွေကတော့ စီမံချက်ကလည်း ရှိထားပြီးသားဖြစ်တဲ့အတွက် ပုံမှန်နမူနာ ပစ္စည်းရယူပြီး စစ်ဆေးပါတယ်၊ အထူးသဖြင့် အရင်တုန်းက တွေ့ခဲ့ဖူးတဲ့ ဈေးနဲ့ ဆိုင်တွေမှာ ပိုစစ်ပါတယ်"ဟု စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)မှ ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ဖြိုးက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) တွင် ဝန်ထမ်းအင်အားလုံလောက်မှု မရှိခြင်း၊ ဓာတ်ခွဲခန်း အဆောက်အအုံနှင့် လုပ်ငန်းခွင်သုံး ပစ္စည်းများ လိုအပ်နေခြင်းတို့ကြောင့် စားသုံးသူများအတွက် အကာအကွယ်ပေးနိုင်မှုနှင့် အစားအသောက်များအပေါ် သံသယဝင်နေမှုကိုစိတ်ကျေနပ်မှုရှိစေရန် ဆောင်ရွက်နိုင်မှုမှာ လိုအပ်နေဦးမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"ဝယ်သူအကြိုက် ဝယ်သူမေးတဲ့ပစ္စည်းကို ထုတ်လုပ်တဲ့ နေရာက ဝယ်ရောင်းကြတာများတယ်၊ ကိုယ်တိုင်လည်း ဘာပါတယ်၊ ဘယ်လိုလုပ်တယ်ဆိုတာ မသိပါဘူး၊ ကိုယ်တိုင်တောင် ကိုယ်ဝယ်ရောင်းတဲ့ ပစ္စည်း စားနေကြတာပါ၊ သက်ဆိုင်ရာက သိတဲ့သူတွေက ပြောထားတယ် မရောင်းနဲ့ မစားကြနဲ့ ဆိုရင်တော့ ဒီလိုဘယ်လုပ်ပဲ့ စားပဲ့မလဲ"ဟု ပဲပြား၊ ပဲခဲ (ပဲသွေး) လက်လီရောင်းနေသူ အမျိုးသမီးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း ဈေးကွက်အတွင်း စားသောက်ကုန်များကို စစ်ဆေးအရေးယူရာတွင် ကြန့်ကြာနေကြောင်း၊ ၂၀၁၅ -၂၀၁၆ ခုနှစ်က ပဲပြားတွင် ဖော်မလင် သုံးစွဲသည်ကို တွေ့ရှိခဲ့သော်လည်း နောက်ပိုင်းတွင် တွေ့ရှိမှုလျော့လာကြောင်း၊ ယခုနှစ် ဇွန်လ ၂၃ ရက်က ပုသိမ်မြို့အောင်ရော ဈေးတွင် ဝင်ရောက် စစ်ဆေးရာ ပဲခဲ(ပဲသွေး)များတွင် ဖော်မလင်ပါဝင်သည်ကို တွေ့ရပြီး ထုတ်လုပ်သည့် နေရာအထိ သွားရောက်စစ်ဆေးကာ အရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများက ဆက်လက်ဆောင်ရွက်နေကြောင်း ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA) မှ သိရှိရသည်။

■ R12

## မိခင်ကျန်းမာရေးမကောင်းဟုဆိုကာ ငွေကျပ်သိန်းနှစ်ဆယ် ယူဆောင်သွားသူကို အမှုဖွင့်

**ရန်ကုန်၊ ဇွန် ၂၇**

မော်တော်ယာဉ်ပေါ်တွင် ထားရှိသောကျပ် သိန်းနှစ်ဆယ်ကို ယာဉ်မောင်း ဖြစ်သူက ယူဆောင်ထွက်ပြေးသွားမှု ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၇)ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ချမ်းသာကွန်ကရစ်လုပ်ငန်း ကုမ္ပဏီမှ လက်ထောက်မန်နေဂျာ အသက် ၄၄ နှစ်အရွယ် ဦးအောင်ကျော်ဆန်းသည် ဇွန်လ ၂၆ ရက် နေ့လယ် ၁၂ နာရီခွဲခန့်က လုပ်ငန်းလိုအပ်သည့် ပစ္စည်းများဝယ်ယူရန် Honda Fit ခဲရောင်ယာဉ်ဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်သို့ ရောက်ရှိကာ ယာဉ်ရပ်နားပြီး ဆိုင်အတွင်း ဝင်ရောက်ပစ္စည်းများရှာဖွေ စုံစမ်းနေစဉ် ယာဉ်မောင်းဖြစ်သူ ယာဉ်နှင့်ငွေများကို ယူထွက်ပြေးသွားခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားသိရသည်။

"အခုငွေယူသွားတယ်ဆိုတဲ့ သူက ဘိလပ်မြေဖျော်စက်မောင်းသမား၊ သူက ကားအတွင်းကျန်နေခဲ့တာ၊ ယူသွားတာက ကားရောငွေရောယူသွားတာ၊ ကားမတွေ့လို့သူ့ကို ဖုန်းဆက်တဲ့အချိန်မှာ ခွင့်လွှတ်ပေးပါ၊ ကားကိုတော့ ဇေကမ္ဘာဝင်းအရှေ့ဘက်မှာထားခဲ့တယ်၊ ကားရှေ့ခန်းက ငွေသိန်းနှစ်ဆယ်ကိုတော့ မိခင်ကျန်းမာရေးမကောင်း လို့ယူသွားပါတယ်ဆိုပြီး ဖုန်းဆက်ပြောခဲ့တယ်၊ အဲဒါကြောင့် ကားကိုပြန်သွားယူပြီး အမှုဖွင့်တိုင်ကြားခဲ့တာပါ"ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကရှင်းပြသည်။

ယင်း ငွေကျပ်သိန်းနှစ်ဆယ်ကို ခွင့်ပြုချက်မရှိဘဲ ယူဆောင်ထွက်ပြေးသွားသည်ဟုဆိုသော အမျိုးသားမှာ မော်လမြိုင်ကျွန်းမြို့နယ်၊ သပြေချောင်းကျေးရွာတွင်နေထိုင်သူ အသက် ၂၄ နှစ်အရွယ် ကိုဇော်နိုင်ဖြစ်ပြီး လက်ထောက်မန်နေဂျာဦးအောင်ကျော်ဆန်းက တရားလိုပြုလုပ်တိုင်ကြားခဲ့သဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်း က (ပ)၉၆၉/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၁ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။

■ J 16

## ဒဂုံမြောက်တွင် ဓားထိုးမှုဖြစ်

**ရန်ကုန်၊ ဇွန် ၂၇**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက် ပုလဲလမ်းနှင့် ရာဇသင်္ကြန်လမ်းထောင့်တွင် ဇွန်လ ၂၅ ရက် နံနက်ပိုင်းက YBS ယာဉ် ရပ်စောင့်နေသည့် အမျိုးသားတစ်ဦး ဓားဖြင့် ထိုးခံရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဓားထိုးခံရသူ အသက် ၃၀ အရွယ် အမျိုးသားမှာ ယင်းနေ့ နံနက်က ၎င်းအလုပ်လုပ်နေသည့် ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒိုရှိ အားကစားခန်းသို့ သွားရောက်ရန် YBS ယာဉ် ရပ်စောင့်နေစဉ် စက်ဘီးဖြင့် ရောက်လာသူ ဦးအောင်မြင့်က အသင့်ယူဆောင်လာသည့် ဓားဖြင့် ဆင့်ထိုးခဲ့သောကြောင့် ဝမ်းဗိုက်ပြတ်ရှဒဏ်ရာနှစ်ချက်၊ ဘယ်ခါးတွင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ဘယ်နားရွက်အောက်တွင် ပြတ်ရှဒဏ်ရာတစ်ချက် ရခဲ့သည်။

"ဓားထိုးခံရသူနဲ့ ပြစ်မှုကျူးလွန်သူက တစ်ခြံဝင်းတည်းမှာ အတူနေတာ။ မနေ့ညက ဓားနဲ့ထိုးသူက အရက်မူးပြီး အော်ဟစ်နေလို့ သူက သွားတားခဲ့တာကို မကျေမနပ်ဖြစ်ပြီး မနက် အလုပ်သွားချိန်နောက်က စက်ဘီးနဲ့ လိုက်ပြီး ဓားနဲ့ထိုးခဲ့တာလို့ ထွက်ဆိုချက်အရ သိရတယ်"ဟု ရဲအရာရှိက ပြောကြားသည်။

ဓားထိုးခံရသည့် အမျိုးသားကို မြောက်ဥက္ကလာပမြို့နယ်ဆေးရုံသို့ ပို့အပ်ပြီး ပြစ်မှုကျူးလွန်သည့် ဦးအောင်မြင့်ကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့မ ရဲစခန်းမှ (ပ)၁၁၅၄/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၄ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

# "ကျွန်တော်တို့ NLD အနေနဲ့က အစိုးရမဖွဲ့ခင် အချိန်ကတည်းက ဒီပြဿနာကို ကျွန်တော်တို့ စဉ်းစားတယ်"

## NLD ပါတီ၏ အတွင်းရေးမှူး အဖွဲ့ဝင် ဦးညဏ်ဝင်းနှင့် တွေ့ဆုံခြင်း

ကျော်စိုးဦး

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ လက်ရှိလုပ်ငန်းစဉ်များနှင့် အစိုးရအဖွဲ့ ကြုံတွေ့နေရသည့် အခြေအနေများကို သိရှိနိုင်စေရန် NLD ပါတီ၏ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းနှင့် တွေ့ဆုံမေးမြန်းကာ ပြန်လည်ဖော်ပြအပ်ပါသည်။**


The Voice

**Voice ။ NLD ပါတီ သဘာပတိအဖွဲ့ကို ပြန်လည်ဖွဲ့စည်းမယ်ဆိုပြီး ပြောနေကြတာတွေ ရှိပါတယ်။ ပြန်လည်ဖွဲ့စည်းဖို့ရှိပါသလား။ ပြီးတော့ ဘဘဦးတင်ဦးက နာယက တာဝန်ကနေ အနားယူဖို့ရှိတယ် ဆိုတာရော ဟုတ်ပါသလား။**

**UNW ။** ကျွန်တော်တို့က သဘာပတိအဖွဲ့ဆိုတာက အနားယူဖို့မလိုဘူး။ အသက်အရွယ်အရ ကျန်းမာရေးအရ အရွယ်ရလာတဲ့ပုဂ္ဂိုလ်တွေကို သဘာပတိအဖွဲ့မှာ ထားတာ။ ဒါ ဂုဏ်ပြုတဲ့အနေနဲ့ထားတာ။ ရုပ်သိမ်းဖို့တို့ ရပ်ဆိုင်းဖို့တို့ မရှိဘူး။

**Voice ။ သဘာပတိအဖွဲ့ကို အသစ်ပြန်ဖွဲ့ဖို့ကို စီစဉ်ထားတာရှိလား။**

**UNW ။** လိုအပ်တဲ့အခါ ဖြည့်ဆည်းတာ ရှိပါလိမ့်မယ်။ အခုလောလောဆယ် အစီအစဉ်မရှိသေးဘူး။

**Voice ။ မကြာခင် ကျင်းပမယ့် လွှတ်တော်ညီလာခံမှာ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ယခင်က တာဝန်ယူခဲ့တာ နိုင်ငံတော်အတိုင်ပင်ခံက တာဝန်ယူခဲ့တာ ဆိုတော့ လက်ရှိ လွှတ်တော်ဥက္ကဋ္ဌ အပြောင်းအလဲ ဖြစ်လာနိုင်မယ်လို့ ပြောနိုင်လား။**

**UNW ။** လွှတ်တော်ညီလာခံကို ဥက္ကဋ္ဌက တာဝန်ယူခဲ့တာ မှန်တယ်။ ဒါပေမဲ့ ဥက္ကဋ္ဌက လွှတ်တော်ညီလာခံရဲ့ ဥက္ကဋ္ဌတော့ မဟုတ်ဘူး။ စကားတော့ ရှုပ်သွားပြီ။ ဥက္ကဋ္ဌက ဥက္ကဋ္ဌပဲ။ လွှတ်တော်ညီလာခံ ဥက္ကဋ္ဌတော့ မဟုတ်ဘူး။ တာဝန်ယူလာတာလည်း မှန်ပါတယ်။

**Voice ။ လွှတ်တော်ညီလာခံမှာ ဘာတွေအပြောင်းအလဲရှိလာနိုင်လဲ။**

**UNW ။** လောလောဆယ် ဒေါ်အောင်ဆန်းစုကြည်က ပါတီနိုင်ငံရေး ဒီဘက်ကို လုပ်ခွင့်မရှိဘူး။ မရှိတဲ့အတွက် လူငယ်ကိုဒေါ်အောင်ဆန်းစုကြည်က ကြီးကြပ်တယ်ဆိုတာ ပျောက်သွားပြီ။ မရှိဘူး။ သူကိုယ်တိုင်က ကျွန်တော်တို့ကို အတွင်းရေးမှူးအဖွဲ့ ဖွဲ့ပေးထားတယ်။ ဒီအတွင်းရေးမှူးအဖွဲ့က ဦးဆောင်သွားမှာ ဖြစ်တယ်။

**Voice ။ ဟုတ်ကဲ့။ ပြီးခဲ့တဲ့ရက်ပိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွေရဲ့ဆောင်ရွက်ချက်တွေကို ကော်မတီတစ်ခုဖွဲ့ပြီး စောင့်ကြည့်တယ်ဆိုတော့ စောင့်ကြည့်ခံရပြီး တစ်စုံတစ်ရာ ကျူးလွန်တဲ့သူတွေကို ရွေးကောက်ပွဲမှာ ထပ်မပြိုင်စေတာမျိုးတွေ လုပ်ဖို့ရှိလား။ ဘာတွေအရေးယူသွားမှာလဲ။**

**UNW ။** ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အရည်းအချင်းကို စိစစ်တဲ့ လုပ်ငန်းကို ဦးဝင်းထိန် လုပ်နေပါတယ်။ ဦးဝင်းထိန်နဲ့ အဖွဲ့ဝင်တွေ လုပ်တယ်။ အဲ့တော့ ဒီဟာရဲ့ရလဒ်က သွားပြီးတော့ ခုနက ပြောသလို လာမည့်ရွေးကောက်ပွဲမှာ ပါ၏ မပါ၏ဆိုတဲ့ သတ်မှတ်ချက် ဘာမှမရှိပါဘူး။ပါတီတစ်ရပ်မှာ အရည်အချင်းအားနည်းရင် ဖြည့်ပေးမယ်။ အရည်အချင်းမြှင့်ပေးမယ်။ လုပ်မရရင်တော့ သူ့အရည်အချင်းအလိုက် သူဖြစ်သွားမှာပါ။ အဲ့ဒီလိုပဲ ရှိပါတယ်။ အရည်အချင်း စိစစ်ရေးအဖွဲ့က တစ်စုံတစ်ရာ အရေးယူအပြစ်ပေးဖို့တို့ တိုးမြှင့်ဖို့ လျှော့ချဖို့တို့ လုပ်ဖို့မရှိသေးဘူး။

**Voice ။ ပြည်ထောင်စုအဆင့်ကို နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြီးကြပ်တယ်ဆိုတော့ ပြည်ထောင်စုအဖွဲ့အပြောင်းအလဲက ရှိလားနိုင်လား။ ပြည်ထောင်စုအဆင့် ဒုဝန်ကြီး ပြောင်းလဲခဲ့တဲ့ သာဓကလည်း ရှိခဲ့တယ်။**

**UNW ။** ကျွန်တော်တို့ အကြောင်းအရာပေါ် မူတည်ပြီးတော့ ရှိသလားလို့မေးရင် လောလောဆယ်တော့ မရှိဘူး။ ဒါပေမဲ့ မရှိဘူးလားလို့ မေးရင် ကျူးလွန်တဲ့ အပေါ်မှာ မူတည်တယ်။ ကျူးလွန်တာ တွေ့လာရင်တော့ အရေးယူတာ ရှိလာမှာ။

**Voice ။ ဝန်ကြီးဌာန အသီးသီးမှာဆိုရင် အမြဲတမ်းအတွင်းဝန်တွေ ရှိတော့ အမြဲတမ်းအတွင်းဝန်တွေက သက်ဆိုင်ရာ ဝန်ကြီးဌာနတွေမှာ လိုအပ်လား။ နောက်ပိုင်းကော အမြဲတမ်းအတွင်းဝန် ခန့်အပ်တဲ့ စနစ် ပယ်ဖျက်ဖို့ ရှိလား။**

**UNW ။** အမြဲတမ်းအတွင်းဝန်ခန့်တာ ဒါက ပထမဆုံး အကြိမ်ပါ။ ဒီရှေ့မှာလည်း မရှိဘူး။ ဒီနောက်မှာ ရှိမှာလားဆိုတော့ အခုအချိန်တော့ မပြောနိုင်ဘူး။ သို့သော် လုပ်ငန်းသဘောအရ ဗျူရိုကရေစီ ယန္တရားအရ ဒီလိုဟာက ရှိမှာ။ အခေါ်အဝေါ်က နည်းနည်း တူချင်မှတူမယ်။ ဒါပေမဲ့ ဒီလုပ်ငန်းက ရှိမှာပဲ။ သူတို့က ဌာနဆိုင်ရာတွေရဲ့လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အခါ အလယ်ကနေထိုင်ပြီး စီမံတဲ့သူတွေဖြစ်တယ်။ ဒီလုပ်ငန်းတွေက ကျွန်တော်ခုနက ပြောသလို ရှိမှာပါ။

**Voice ။ NLD အစိုးရရဲ့ လက်ရှိ အကျပ်အတည်းတွေက ဘာတွေဖြစ်မလဲ။ ပြီးတော့ ရခိုင်ပြည်နယ်က ဘင်္ဂါလီတွေရဲ့ ပြဿနာက စိန်ခေါ်မှုကြီးတစ်ခုလို့ ဖြစ်လာနိုင်လား။**

**UNW ။** ဖြစ်နေတာ။ ထိုးနှက်ချက်အနေနဲ့ကို ဖြစ်နေတာ။ ရခိုင်လို့ပြောရုံနဲ့ မပြည့်စုံဘူး။ ကျွန်တော်ပြောချင်တာက ဘာသာရေးကို အကြောင်းပြုပြီးတော့ မြန်မာနိုင်ငံအပေါ်မှာ အမျိုးမျိုး ရိုက်ခတ်နေတာတွေ အများကြီးပါ။ ကုလသမဂ္ဂအထိ တက်ပြီး လုပ်နေကြတာ။ ကျွန်တော်တို့ NLD အနေနဲ့က အစိုးရမဖွဲ့ခင် အချိန်ကတည်းက ဒီပြဿနာကို ကျွန်တော်တို့ စဉ်းစားတယ်။ ဒီပြဿနာက အင်မတန် နူးညံ့သိမ်မွေ့တဲ့အနေအထားမှာရှိတယ်။ အရေးကြီးဆုံးက ၁၈၂၄ ခုနှစ် မတိုင်ခင်က ဒီရိုဟင်ဂျာရှိလားဆိုတဲ့ ပြဿနာ။ သူတို့က ရှိတယ်ဆိုပြီးတော့ ရေးကြတယ်။ အနောက်နိုင်ငံမှာတော့ အများကြီး ရှိမှာပေါ့။ ကျွန်တော်တို့ရတဲ့ စာအုပ်စာတမ်းအရတော့ သူတို့က ဆွဲပြောကြတာ။ အထောက်အထား ခိုင်လုံမှု မရှိဘူးလို့ ကျွန်တော်က အဲ့လိုပဲမြင်တယ်။ အဓိကပြဿနာက အဲ့မှာပဲ ရှိနေတယ်။

> “ရှေ့ကရှင်းပြီးတော့ နောက်က ပြန်တက်တယ်။
> အဲဒီကိစ္စကို လုံးဝမရှင်းခဲ့ရင် အကုန်လုံး ဝါးမျိုသွားလိမ့်မယ်။
> ကျွန်တော်တို့ လူမျိုးပျောက်သွားမယ်။
> ဒါက ဂရုစိုက်ပြီး ကိုင်တွယ်နေရတာပါ။”

**Voice ။ ပြီးခဲ့တဲ့ရက်ပိုင်းမှာ သမ္မတရုံးကနေ ထုတ်ပြန်တာရှိခဲ့တယ်။ မေယုတောင်တန်းမှာ ဘင်္ဂါလီ အကြမ်းဖက်အဖွဲ့တွေ ခိုအောင်းခဲ့တဲ့နေရာတွေ ရှာတွေ့ခဲ့တော့ လက်ရှိ ရခိုင်ပြည်နယ်ရဲ့အနေအထားကို ဘယ်လိုမြင်ပါသလဲ။**

**UNW ။** အများကြီး စိုးရိမ်ဖို့ကောင်းပါတယ်။ အခုဆိုရင် ကျွန်တော် နားလည်သလောက်ပေါ့။ တိတိကျကျတော့ မသိဘူး။ တပ်အင်အားနဲ့ ရဲအင်အား လက်နက်ကိုင်အင်အား အများကြီး ဖြည့်ထားရတယ်။ လက်နက်ကိုင် အင်အားဖြည့်တယ်ဆိုတာ စရိတ်စက သိပ်ကြီးပါတယ်။ သိပ်အရေးကြီးနေတဲ့အခါ လုံးဝ လျှော့လို့မရဘူး။ ခုနကလိုကိစ္စတွေ တွေ့တော့ ပိုဆိုးတာပေါ့။

**Voice ။ တပ်မတော်က နယ်မြေရှင်းလင်းရေး ဆောင်ရွက်တဲ့အပေါ် ဘယ်လိုသဘောထားရှိလဲ၊ ပြီးတော့ နိုင်ငံတကာဖိအားတွေကလည်း ရှိနေတယ်။ လူ့အခွင့်အရေးတွေလည်း ရှိနေတော့။**

**UNW ။** ရှေ့ကရှင်းပြီးတော့ နောက်က ပြန်တက်တယ်။ အဲဒီကိစ္စကို လုံးဝမရှင်းခဲ့ရင် အကုန်လုံး ဝါးမျိုသွားလိမ့်မယ်။ ကျွန်တော်တို့ လူမျိုးပျောက်သွားမယ်။ ဒါက ဂရုစိုက်ပြီး ကိုင်တွယ်နေရတာပါ။

**Voice ။ လက်ရှိဘာသာရေးပြဿနာတွေက NLD အစိုးရကို ရိုက်ခတ်စေတဲ့သဘောမှာ ရှိနေလား။**

**UNW ။** သူတို့က အရမ်းရိုက်ခတ်မယ် မခတ်နိုင်ဘူးတော့ ကျွန်တော်တို့လည်း မပြောနိုင်ဘူး။ သို့သော် နူးညံ့သိမ်မွေ့တဲ့ ဘာသာရေးကိစ္စဖြစ်နေတော့ သတိကြီးကြီးထားပြီး ကျွန်တော်တို့ လေ့လာရပါတယ်။

■ **ကျော်စိုးဦး**



# ဝန်ထမ်းများကို စက်မှုဖွံ့ဖြိုးရေးဘဏ်က ငွေချေးမည်

**ရန်ကုန်၊ ဇွန် ၂၇**

မြန်မာ့အသေးစားနှင့် အလတ်စား စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်(SMIDB) က ပုဂ္ဂလိကနှင့် အစိုးရဝန်ထမ်းများကို လစာ၏သုံးဆကို ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း ယင်းဘဏ်ထံမှ သိရသည်။

အစိုးရဝန်ထမ်းဖြစ်ပါက အထက်အရာရှိ၏ ထောက်ခံချက်လိုအပ်ပြီး ပုဂ္ဂလိကဝန်ထမ်းဖြစ်ပါက အလုပ်ရှင်က တာဝန်ခံပေးရမည်ဖြစ်ကြောင်း၊ ချေးငွေကို တစ်နှစ်အတွင်း အရစ်ကျဆပ်ရမည်ဖြစ်ကာ အတိုးနှုန်းမှာ တစ်နှစ်ကို ၁၂ ရာခိုင်နှုန်းဖြစ်ကြောင်း ယင်းဘဏ်ထံမှ သိရသည်။

"လက်ရှိတော့ အစိုးရရုံးတွေက ပိုက်ဆံချေးချင်ရင် လာရောက်လျှောက်ထားကြပါတယ်။ ပုဂ္ဂလိကဝန်ထမ်းတွေကိုလည်း ချေးသွားမှာပါ။ အပေါင်မဲ့ချေးငွေ လုပ်ပေးမှာပါ" ဟု ယင်းဘဏ်၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရစ်ကျဆပ်ရမည့် အတိုးနှုန်းဖြစ်သည့်အတွက် ဝန်ထမ်းများအနေနှင့် အဆင်ပြေနိုင်ကြောင်း၊ ခြောက်လဆပ်နှင့် တစ်နှစ်အတွင်း ခွဲ၍ဆပ်နိုင်ကြောင်း စိုက်ပျိုးရေးဌာနဝန်ထမ်းဖြစ်သူ ဒေါ်သီတာနွယ်က ပြောဆိုသည်။

"အပြင်မှာဆို ရွှေတွေပေါင်ရင် သုံးကျပ်တိုးယူတယ်။ အပေါင်မပါရင် ၁၅ ကျပ်တိုးယူတယ်။ ပြီးတော့ တစ်နှစ်လည်း မပေးကြဘူးလေ။ ဒီလိုမျိုး အစိုးရဘဏ်က ချေးပေးတာ ပိုပြီးကောင်းပါတယ်"ဟု ၎င်းကဆိုသည်။ ■ J-13

# ယာဉ်မောင်းလိုအပ်ချက် ဖြည့်ဆည်းရန် (ခ) လိုင်စင်ရှိသူများ ယာဉ်မောင်းသင်တန်းပေးမည်

**ရန်ကုန်၊ ဇွန် ၂၇**

လက်ရှိ YBS ယာဉ်လိုင်းတွင် ကျွမ်းကျင်သည့်ယာဉ်မောင်းများ လိုအပ်လျက်ရှိပြီး အဆိုပါလိုအပ်ချက် ဖြည့်ဆည်းရန် (ခ)လိုင်စင်ရှိသူများကို ယာဉ်မောင်းသင်တန်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ထံမှ သိရသည်။

"ယာဉ်မောင်း လိုအပ်ချက်အတွက် အထူးသင်တန်းဖွင့်တာပါ။ အခုရောက်တဲ့ ကားသစ်တွေကို ဘယ်လိုမောင်းရမယ်ဆိုတာပါလက်တွေ့သင်ပေးမှာပါ" ဟု YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ဆိုသည်။

သင်တန်းတစ်ခုလျှင် သင်တန်းသားဦးရေ ၁၀၀ သာ လက်ခံမည်ဖြစ်ပြီး အဆိုပါသင်တန်းကို ရေရှည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

(ခ)လိုင်စင်အနည်းဆုံး သုံးနှစ်သက်တမ်းရှိသူ၊ (င)လိုင်စင်ရှိသူ၊ အသက် ၂၅ နှစ်မှ ၅၅ နှစ်အတွင်းရှိသူ၊ ယာဉ်ကြီးမောင်းနှင်သည့်အတွေ့အကြုံရှိသူ၊ အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူ၊ သင်တန်းပြီးဆုံးပါက YBS ယာဉ်လိုင်းတွင် သုံးနှစ်မောင်းနှင်နိုင်သူများ သင်တန်းတက်ရောက်နိုင်သည်။

သင်တန်းတက်လိုသူများအနေနှင့် လျှောက်လွှာများကို ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၆ ရက်အတွင်း YRTA ရုံးချုပ်၊ အမှတ် ၅၆၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း ၀၁-၅၄၁၉၀၃ကိုဆက်သွယ်မေးမြန်းနိုင်သည်။

သင်တန်းပြီးဆုံးပြီး YBS ယာဉ်လိုင်းတွင် ၂ နှစ်မောင်းနှင်သူများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက (င) လိုင်စင် စိစစ်ထုတ်ပေးမည်ဖြစ်ကြောင်း YRTA ထံမှ သိရသည်။

နောက်ပိုင်းကာလ YBS စနစ်တွင် စည်းကမ်းချိုးဖောက်သည့် ယာဉ်လုပ်သားကို ကုမ္ပဏီများက အပြစ်ရှိကြောင်း အကြောင်းကြားစာကို YRTA အပြင် ယာဉ်လိုင်းအသီးသီးကို ပေးပို့ပြီးမည်သည့်ယာဉ်လိုင်းမှ ဝင်ရောက်လုပ်ကိုင်ခွင့် မပြုကြောင်း၊ အဆိုပါယာဉ်လုပ်သားကို အကန့်အသတ်ဖြင့်မောင်းနှင်ခွင့်ပိတ်ခြင်း၊ ထုတ်ပယ်ခြင်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် ယာဉ်မောင်းလိုအပ်ချက်များ ရှိနိုင်ကြောင်း Power Eleven ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတရုတ်လေးက သုံးသပ်ပြောကြားသည်။ ■J-06

# စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူကြမ်း ဩဂုတ်လကုန်တွင် လွှတ်တော်တင်မည်

**ရန်ကုန်၊ ဇွန် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲလျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူကြမ်းကို တိုင်းနှင့် ပြည်နယ်အနှံ့တွင် အကြံဉာဏ်များ ရယူဆွေးနွေး၍ ဩဂုတ်လကုန်တွင် အပြီးရေးဆွဲကာ ပြည်ထောင်စုလွှတ်တော်ထံ တင်ပြမည်ဖြစ်ကြောင်း ယင်းမဟာဗျူဟာ(တတိယမူကြမ်း) အလုပ်ရုံဆွေးနွေးပွဲထံမှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (တတိယမူကြမ်း) အပေါ် ရန်ကုန်တိုင်းဒေသကြီးရှိ လယ်ယာသားငါး စီးပွားရေးလုပ်ငန်းရှင်များနှင့် လယ်ယာသားငါး ကဏ္ဍမှ ပညာရှင်များ၏ သဘောထားအမြင်နှင့် အကြံဉာဏ်ရယူပွဲကို ဇွန်လ ၂၇ ရက်နေ့က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်တွင် ပြုလုပ်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ငါးမွေးမြူရေးနှင့် ငါးစာထုတ်လုပ်ရေး၊ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်၊ ရော်ဘာစိုက်ပျိုးရေး၊ ကြံသကြားနှင့် စက်မှုလုပ်ငန်းကဏ္ဍတို့မှ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ရမည့်အချက်များနှင့်လိုအပ်ချက်များကိုဆွေးနွေးအကြံပြုတင်ပြခဲ့ကြသည်။

"ဒီမူကြမ်းကို ၂၀၁၆ စက်တင်ဘာလကစပြီး တိုင်းနဲ့ပြည်နယ်တွေက တောင်သူနဲ့ လုပ်ငန်းရှင်တွေရဲ့အကြံဉာဏ်တွေရယူပြီး ဆွဲခဲ့တာပါ။ ဩဂုတ်လမှာ စတုတ္ထမူကြမ်းဆွဲမယ်။ ပြီးရင် ဝန်ကြီးဌာနကိုတင်မယ်။ ဝန်ကြီးဌာနကတစ်ဆင့် လွှတ်တော်ကိုတင်မှာပါ" ဟု မဟာဗျူဟာရေးဆွဲရေးအဖွဲ့၊ အမျိုးသားအတိုင်ပင်ခံ ဦးစံသိန်းက ပြောကြားသည်။

တောင်သူနှင့် လုပ်ငန်းရှင်များ တင်ပြသည့်အချက်များကို ယင်းမူကြမ်းတွင် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်တွင် မူကြမ်းပါအချက်များကိုပြည့်မီရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းဆွေးနွေးပွဲထံမှ သိရသည်။

"ကျန်တဲ့စီမံကိန်းတွေထက်စာရင် ဒီမူကြမ်းချပြမှုက ပိုပြီးများပါတယ်။ လိုအပ်ချက်တွေ ထပ်ထပ်ထည့်နေလို့ ကြာနေတာပါ။ ပြီးရင် အစိုးရအဖွဲ့ကို တင်မယ်။ အစိုးရအဖွဲ့ကလက်ခံရင် လွှတ်တော်တင်မယ်" ဟု ယင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောကြားသည်။ ■ J-11

# လှည်းကူးကျူးကျော်များ ဝန်ကြီးချုပ်နှင့်တွေ့ဆုံရန် ဒုတိယအကြိမ်စာတင်

**ရန်ကုန်၊ ဇွန် ၂၇**

လှည်းကူးမြို့နယ် အမြန်လမ်းရှိ ကျူးကျော်နေအိမ်များ ဖယ်ရှားခံရမှုနှင့် ပတ်သက်၍ဖယ်ရှားခံရသည့် ကျူးကျော်များသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တွေ့ဆုံရန် ဇွန်လ ၂၇ ရက်က ဒုတိယအကြိမ် စာတင်ခဲ့ကြောင်း ၎င်းတို့ထံမှ သိရသည်။


Photo by EPA

လှည်းကူးမြို့ရှိ ကျူးကျော်နေထိုင်သူ ဆယ်ဦးခန့် ဦးဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တွေ့ဆုံရန် ဇွန်လ ၂၀ ရက်က စာတင်ထားသော်လည်း တစ်ပတ်ပြည့်သည့်အထိ အကြောင်းမပြန်သောကြောင့် ဇွန်လ ၂၇ ရက်တွင် ဒုတိယအကြိမ်စာတင်ခဲ့ခြင်းဖြစ်သည်။

"တစ်ပတ်ပြည့်တဲ့အထိ တုံ့ပြန်မှုမရှိတဲ့အတွက် တိုင်းအစိုးရရုံးကို သွားတယ်၊ စာထပ်တင်ဖို့ပြောတော့ ဒုတိယအကြိမ်မြောက်မှာ ဝန်ကြီးချုပ်ကို တွေ့ရဖို့ စာထပ်တင်တယ်။ တိုင်းအစိုးရရုံးကလည်း ဝန်ကြီးချုပ် ဇွန်လ ၂၈ မှ နိုင်ငံခြားခရီးစဉ်က ပြန်ရောက်မယ် ပြောတယ်။ အဲဒီကျမှ အကြောင်းပြန်မယ်ပြောတယ်" ဟု ဦးနိုင်က ဆိုသည်။

နေစရာမရှိသည့် အမှန်တကယ်နေထိုင်သည့် ကျူးကျော်များကို နေစရာပေးမည်ဟု ဝန်ကြီးချုပ်က ပြောကြားထားပြီး အိုးပျက်အိမ်ပျက်ဖြစ်ကာ နေထိုင်စရာမရှိသည့်အမှန်တကယ်နေထိုင်သည့်ကျူးကျော်များကို နေထိုင်စရာနေရာ စီစဉ်ပေးရန် တောင်းဆိုသည့်စာကို ရန်ကုန်တိုင်းဝန်ကြီးချုပ်ထံ တင်ခဲ့ကြောင်း ၎င်းက ဆိုသည်။

"လက်ရှိ လှည်းကူးက ကျူးကျော်တွေတင်ထားတဲ့ စာတွေကို လူကြီးတွေဆီ ပို့ထားပြီးပါပြီ။ ဘယ်နေ့လာတွေ့ရမလဲဆိုတာကတော့ တိုင်းအစိုးရအဖွဲ့က လူကြီးတွေ ဆုံးဖြတ်ပါမယ်"ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခု လက်ရှိတွင် လှည်းကူးမြို့နယ်၊ စခမ်းကြီးကျေးရွာအုပ်စုမှ ကုံးကော်ကျွန်း၊ အောင်သုခ၊ အောင်ရတနာ၊ ရတနာအောင်နှင့် စိမ်းလန်းကျေးရွာများမှ ကျူးကျော်အိမ်ထောင်စု ၁၀၀၀ ခန့်မှာ နေထိုင်စရာနေရာ မရှိသောကြောင့် အခက်အခဲများကြုံတွေ့နေရကြောင်း ကျူးကျော်နေထိုင်သူများထံမှ သိရသည်။

လှည်းကူးမြို့နယ်၊ အမြန်လမ်းရှိ ကျူးကျော်နေအိမ်များ ဖယ်ရှားခံရမှုနှင့် ပတ်သက်၍ဖယ်ရှားခံရသူများက စုပေါင်းကာ ဇွန်လ ၂၆ ရက်တွင် နေပြည်တော်ရှိ ရွှေနံ့သာဘောလုံးကွင်း၌ ဆန္ဒထုတ်ဖော်ခဲ့သည်။

လှည်းကူးမြို့နယ်၊ စခမ်းကြီးကျေးရွာအုပ်စု၊ အမြန်လမ်း လမ်းဘေးဝဲယာရှိ မြေဧက ၁၄၅၃ ဒသမ ၇၂ ဧကပေါ်တွင် နေထိုင်သည့်ကျူးကျော်တဲ ၆၀၀၀ ခန့်ကို ဇွန်လ ၁၂ ရက်က စတင်ကာ ရဲတပ်ဖွဲ့ဝင်အင်အား ၂၀၀ ခန့်နှင့် အရပ်သား၊ အလုပ်သမား ၁၀၀၀ ခန့်တို့က ဖျက်သိမ်းခဲ့ပြီး လက်ရှိတွင် ကျူးကျော်တဲများအားလုံး အပြီးသတ်ရှင်းလင်းဖယ်ရှားပြီးပြီဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရသည်။

ရန်ကုန်တိုင်းတွင် ကျူးကျော်နေထိုင်သူဦးရေ လေးသိန်းကျော်ခန့်ရှိကြောင်း တိုင်းအစိုးရအဖွဲ့က ထုတ်ပြန်ထားပြီး ယခုဖယ်ရှားခံရသည့် လှည်းကူးမြို့နယ်၊ စခမ်းကြီးကျေးရွာရှိ ကျူးကျော်များသည် တိုင်းအစိုးရအဖွဲ့က ကောက်ယူသည့် စာရင်းတွင် မပါဝင်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါနေရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ စာသင်ကျောင်းအပါအဝင် လူနေအိမ်၊ ပန်းခြံနှင့် ဆေးရုံ၊ ဂေါက်ကွင်း၊ ဈေးများ စသည်တို့ ပါဝင်သည့် နိုင်ငံတော်အဆင့်စီမံကိန်း တစ်ခုလုပ်မည်ဖြစ်သည်။ ■ J-10



Photo by UMFCCI FB Page

ထိုင်းနိုင်ငံအခြေစိုက်၊ တောင်အာဖရိက (South Africa) သံအမတ်ကြီး H.E Mr. Geoffery QM Doidge သည် ဇွန်လ ၂၆ ရက်နေ့က ကုန်သည်စက်မှုအသင်းချုပ်သို့ လာရောက်တွေ့ဆုံခဲ့စဉ်

## မြန်မာ-တောင်အာဖရိက ကုန်သွယ်မှုတိုးမြှင့်ရန် MoU ရေးထိုးမည်

**ရန်ကုန်၊ ဇွန် ၂၇**

မြန်မာ-တောင်အာဖရိက နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ ပူးပေါင်း၍ စီးပွားရေးဆိုင်ရာဥပဒေများကို လိုက်နာဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုများ တိုးမြှင့်ရန်အတွက် ယခုရက်ပိုင်းအတွင်း နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

ထို့ကြောင့် ထိုင်းနိုင်ငံအခြေစိုက်၊ တောင်အာဖရိက(South Africa) သံအမတ်ကြီး H.E Mr. Geoffery QM Doidge သည် ဇွန်လ ၂၆ ရက်နေ့က ကုန်သည်စက်မှုအသင်းချုပ်သို့ လာရောက်တွေ့ဆုံခဲ့ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် အခက်အခဲအတားအဆီးများကို ကနဦးရှာဖွေ၍ တိုးတက်အောင် ဆောင်ရွက်သင့်ပြီး တောင်အာဖရိကနိုင်ငံသို့ ပို့ကုန်များ တင်ပို့နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေလိုကြောင်း တောင်အာဖရိကနိုင်ငံတွင် မော်တော်ကားဈေးကွက်မှာရှိနှင့်ပြီးဖြစ်သည့်အတွက် အဆိုပါဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်စေလိုသည်ဟု South Africa သံအမတ်ကြီး H.E Mr. Geoffery QM Doidge က ပြောကြားသည်။

■ J-11

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ တစ်ဘီလီယံကျော် ဝင်ရောက်ရန် အဆိုပြုထား

**ရန်ကုန်၊ ဇွန် ၂၇**

ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ဝင်ရောက်ရန် အဆိုပြုလွှာများ လက်ခံရရှိထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က ပြောကြားသည်။

“ထပ်ပြီးခွင့်ပြုဖို့ လုပ်ငန်း ၂၄ ခုရှိတယ်။ တစ်ခုကတော့ ဥပဒေအဟောင်းနဲ့ ခွင့်ပြုမယ်။ ကျန်တဲ့ ၂၃ ခုကိုတော့ ဥပဒေအသစ်နဲ့ ခွင့်ပြုမယ်။ ဒီလုပ်ငန်းတွေက Promoted Sector ထဲဝင်တယ်ဆိုရင် ဝင်ငွေခွန်ကင်းလွတ်ခွင့်က သတ်မှတ်ထားတဲ့အတိုင်းရမှာပါ” ဟု ၎င်းကဆိုသည်။

ယခုဘဏ္ဍာနှစ်အစမှ ဇွန်လလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၆ ခုကိုခွင့်ပြုခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံနီးပါး ဝင်ရောက်ခဲ့ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်သည့်လုပ်ငန်းများမှာ အထည်ချုပ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အိမ်ယာအဆောက်အအုံ လုပ်ငန်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးလုပ်သည့် နိုင်ငံဖြစ်ပြီး တရုတ်မှာ ဒုတိယရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ကာ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတို့လည်း ရင်းနှီးမြှုပ်နှံမှုအများအပြား ဝင်ရောက်သည့်နိုင်ငံများဖြစ်သည်။

ယခင်ဘဏ္ဍာနှစ်က နိုင်ငံခြားရင်းနှီးမှုပမာဏ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော်ဝင်ရောက်ခဲ့ပြီး ပြည်တွင်းသို့ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် စက်မှုလုပ်ငန်းများ၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အများဆုံးဖြစ်ကာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ရေလုပ်ငန်းများတွင် ရာခိုင်နှုန်း အနည်းငယ်သာ ဝင်ရောက်ခဲ့သည်။ ■J-13

## စက်မှုဇုန်များတည်ထောင်ရန် တိုင်းနှင့် ပြည်နယ်အစိုးရများထံမှ မြေနေရာရရှိ

**ရန်ကုန်၊ ဇွန် ၂၇**

စီးပွားရေးလုပ်ငန်းရှင်များက ကိုယ်ထူကိုယ်ထ စက်မှုဇုန်များတည်ထောင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံမှ မြေနေရာများ ရရှိပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

“အခုက ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်နဲ့ အသားကျအောင် စောင့်နေတာ။ နည်းဥပဒေလည်း ထွက်ပြီဆိုတော့ ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်သွားမယ်။ မြေကကတော့ တစ်ခုတစ်ခုကို ရာချီပြီးပေးပါတယ်” ဟု ၎င်းကဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည့်အခါ မြေလိုအပ်ချက်များ ရှိလာသည့်အတွက် စက်မှုဇုန်များ ထပ်မံတိုးချဲ့ရန် လိုအပ်ကြောင်း၊ စက်မှုဇုန်များတိုးချဲ့ရာတွင် အစိုးရက ငွေလုံးငွေရင်းစိုက်ထုတ်ရမည်မဟုတ်ဘဲ ကိုယ်ထူကိုယ်ထ စက်မှုဇုန်ဖော်ဆောင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်ဒဂုံ မလစ်ကျေးရွာနှင့် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာတွင် ကောင်းမြန်မာအောင်ကုမ္ပဏီက စက်မှုဇုန်သစ်နှစ်ခုကို တည်ဆောက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ခွင့်ပြုမိန့်တင်ထားသည်။

စက်မှုဇုန်မြေများ တိုးချဲ့ဖော်ဆောင်ခြင်းအပြင် လက်ရှိလည်ပတ်နေသော စက်မှုဇုန်များရှိ လုပ်ငန်းမလုပ်သော မြေလွတ်များကို စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ကြောင်း၊ ယင်းသို့ မြေလွတ်များရှိနေခြင်းကြောင့် စက်မှုဇုန်မြေများဈေးကြီးနေပြီး ရင်းနှီးမြှုပ်နှံသူများအတွက် အခက်အခဲဖြစ်နေကြောင်း အထည်ချုပ်လုပ်ငန်းရှင် ဦးအောင်မြင့်က ပြောကြားသည်။

“အခုလက်ရှိကောက်နေတဲ့ စာရင်းတွေအရ ဇုန်အသီးသီးမှာရှိတဲ့ မြေလွတ်တွေ ဧကထောင်နဲ့ချီရှိတယ်။ အရင်အစိုးရလက်ထက်ကတော့ လုပ်ငန်းမလုပ်တဲ့မြေတွေ သိမ်းမယ်လို့ပြောပြီး အလုပ်မဖြစ်ခဲ့ဘူး။ ဒီဘက်အစိုးရကလည်း ဒါနဲ့ပတ်သက်ပြီး ဘာမှမလုပ်နိုင်သေးဘူး” ဟု ၎င်းကဆိုသည်။

■ J-13

## တရုတ်ဂယက်ကြောင့် မူဆယ်နယ်စပ်မှ ပို့ကုန်ပမာဏလျော့

**ရန်ကုန်၊ ဇွန် ၂၇**

မြန်မာနိုင်ငံ၏ အဓိကနယ်စပ်ကုန်သွယ်ရေးထွက်ပေါက်တစ်ခုဖြစ်သော မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ပို့ကုန်ပမာဏသည် ယခင်ဘဏ္ဍာနှစ် ခြောက်လအတွင်းကထက် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ သန်း ၅၀ နီးပါးလျော့ကျကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကုန်ပစ္စည်းများတင်ပို့ရာတွင် တရုတ်ဘက်က အဖမ်းအဆီးများစွာပြုလုပ်ခြင်းအပြင် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကို ပိတ်ပင်ခြင်းများပါ ပြုလုပ်ခဲ့ခြင်းကြောင့် ယင်းသို့ပို့ကုန်ပမာဏလျော့ကျခြင်းဖြစ်ကြောင်း ယင်းဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောဆိုသည်။

“ပို့ကုန်လျော့ပေမယ့် သွင်းကုန်ကပိုနေလို့ နယ်စပ်ကုန်သွယ်မှုက မလျော့ပါဘူး” ဟု ၎င်းကဆိုသည်။

အဓိက ပို့ကုန်ပမာဏလျော့ကျခြင်းသည် တစ်ဆင့်ခံပို့ကုန် (Re-Export) ဖြစ်သည့် သကြားတင်ပို့မှု လျော့ကျသွားခြင်းကြောင့်ဖြစ်ပြီး အခြားကုန်ပစ္စည်းများ တင်ပို့မှုမှာ ယခင်နှစ်ကပမာဏနှင့် ကွာခြားမှုမရှိဘဲ သွင်းကုန်ပမာဏများပြားခြင်းကြောင့် ကုန်သွယ်မှုပမာဏမှာ လျော့ကျခြင်း မရှိကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနထံမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဇွန်လ ၁၆ ရက်နေ့အထိ သကြားတင်ပို့မှုပမာဏသည် ယခင်နှစ် အလားတူကာလကထက် တန်ချိန်နှစ်သိန်းခွဲထိ လျော့ကျခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်လျော့ကျကြောင်း ယင်းဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းဇယားများအရ သိရသည်။

ယခုဘဏ္ဍာနှစ် သုံးလအတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ သန်း ၆၃၀ ကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၃၇၀ ကျော် တင်သွင်းခဲ့ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။■S-04

### ဇွန်လ ၂၇ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 13500 | 14000 | 13500 | - | 739 | 10,167,000 |
| MTSH | 4000 | 3850 | 3900 | -100 | 823 | 3,206,700 |
| MCB | 8800 | 8000 | 9000 | +200 | 4200 | 27,800,000 |
| FPB | 27000 | 27000 | 27000 | - | 731 | 19,737,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — Source: KBZ Bank

| 27.6.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၅၂ | ၁၅၀၉ | ၉၇၅ |
| ရောင်းဈေး (ကျပ်) | ၁၃၅၅ | ၁၅၁၅ | ၉၈၃ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 27.6.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၉၀၆,၀၀၀ (ဖွင့်) | ၉၀၃,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၄၃ (ဖွင့်) | ၁၂၄၀ (ပိတ်) |

# ကြိုတင်ငွေပေးချေသည့်စနစ်ဖြင့် ရေမီတာခများပေးဆောင်နိုင်ရန် စီစဉ်

**မန္တလေး၊ ဇွန် ၂၇**

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရေဖြန့်ဖြူးပေးဝေမှုနှင့်ပတ်သက်၍ ရေမီတာသုံးစွဲခများကို ကြိုတင်ငွေပေးချေစနစ်ဖြင့် ကောက်ခံနိုင်ရန် စီစဉ်နေကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင်၌ ဇွန်လ ၂၆ ရက်နေ့ကပြုလုပ်သော ရေအခွန်၊ ရေခ ပြင်ဆင်ကောက်ခံမည့် နှုန်းထားနှင့်ပတ်သက်၍ ပြည်သူများနှင့် တွေ့ဆုံရှင်းလင်းခြင်း အခမ်းအနားတွင် ၎င်းကပြောကြားခြင်း ဖြစ်သည်။

"ကျွန်တော်တို့တွေက ခေတ်ဟောင်းစနစ်ဟောင်းမှာ ကျန်နေခဲ့ကြပြီ။ ကျွန်တော်တို့ (Prepaid Card System) ကြိုတင်ငွေ ပေးချေကတ်စနစ်၊ Smart Card ကို အသုံးပြု၍ အီလက်ထရွန်နစ်စက်ဖြင့် ငွေပေးချေခြင်း (RFI System) နဲ့လည်း သွားလို့ရပါပြီ။ ၂၀၁၈ ခုနှစ် မကုန်မီ ပြီးအောင်လုပ်ပါ့မယ်။ ပြဿနာကဘာလဲဆိုတော့ ရေချိုးနေတုန်း Prepaid Card ကုန်သွားတာမျိုး၊ ကိုယ်တစ်ယောက်တည်းရှိတဲ့အချိန်မှာ ကုန်သွားတာမျိုး ရှိနိုင်ပါတယ်" ဟု ၎င်းကပြောဆိုသည်။

ယင်းသို့ ရေမီတာကောက်ခံမည်ဆိုပါက ငွေပေးချေမည့်သူက အိမ်တွင်မရှိခြင်း၊ ငွေကိုင်သည့် အိမ်ရှင်တစ်ဦးဦး ရှိမနေခြင်း စသည့် အခက်အခဲအချို့ဖြစ်လာနိုင်ကြောင်း၊ ယင်းကဲ့သို့မဖြစ်စေရန် ရပ်ကွက်၊ ကျေးရွာကော်မတီဝင်များနှင့် ပူးပေါင်း၍ ဒဏ်ကြေးတစ်ရပ် စီစဉ်ရန်လည်း တိုင်ပင်လျက်ရှိကြောင်း ဒေါက်တာဇော်မြင့်မောင်က ထပ်လောင်းပြောကြားသည်။

"RFI ဆိုတာ နည်းနည်းမြင့်တယ်။ အပြန်အလှန်ဆွေးနွေးရတယ်။ သူက Smart Card ကို အသုံးပြုပြီး အီလက်ထရွန်နစ်စနစ်ဖြင့်ငွေပေးချေခြင်း) နဲ့ ကောက်တာ။ အဲဒီနည်းနဲ့ ကောက်မလား Prepaid Card ကို သုံးမလားပေါ့။ အဲဒီလိုကောက်မယ်ဆိုရင် ရေမီတာတွေကို ပြန်လဲရမှာပေါ့။ ပြည်သူတွေ အဆင်ပြေဆုံးဖြစ်မယ့် နည်းလမ်းကို စဉ်းစားပေးနေပါတယ်" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ရေနှင့် သန့်ရှင်းရေးဌာန၊ ဌာနမှူး ဒေါ်ခင်မေဌေးက ပြောဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနှင့် လက်ရှိကောက်ခံနေသော ရေမီတာခနှုန်းထားများကို ၂၀၁၇ ခုနှစ် ဧပြီမှစ၍ သုံးလတစ်ရစ်အနေနှင့်သော်လည်းကောင်း၊ ကျုံးရေအသုံးပြုခနှုန်းထားများကို ဇူလိုင်လကစ၍ သုံးလတစ်ရစ်ဖြင့် ပြောင်းလဲကောက်ခံခဲ့သည်။

ရေမီတာဖြင့် အသုံးပြုနေသူများအတွက် တစ်ယူနစ် (ဂါလန် ၂၂၀) လျှင် အိမ်သုံး ၈၅ ကျပ်မှ ၂၀၀ ကျပ်၊ စီးပွားရေးသုံးအတွက် ၁၁၀ ကျပ် မှ ၂၆၀ ကျပ်သို့ ပြောင်းလဲကောက်ခံနေကြောင်း ယင်းကော်မတီက ထုတ်ပြန်ထားသည်။ ■

**ဝင်းရွှေရည်ဦး**

# မန္တလေး အမှိုက်မှလျှပ်စစ်ထုတ်မည့် ထိုင်းကုမ္ပဏီနှင့်သဘောတူညီမှု ဖျက်သိမ်းမည်

**မန္တလေး၊ ဇွန် ၂၇**

မန္တလေးမြို့တော်ရှိ တောင်အင်းမြောက်အင်း အမှိုက်ပုံမှ စွန့်ပစ်အမှိုက်များဖြင့် လျှပ်စစ်ထုတ်လုပ်မည့် ထိုင်းကုမ္ပဏီနှင့် သဘောတူညီမှုကိုကိုဖျက်သိမ်းကာ ကုမ္ပဏီအသစ် ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောကြားသည်။

အမှိုက်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့်စက်ရုံကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ထိုင်းနိုင်ငံ Organic Group ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် ၂၀၁၄ ခုနှစ်ကတည်းက စီစဉ်ခဲ့ကြောင်း၊ တောင်အင်းမြောက်အင်း အမှိုက်ပုံ ရှိ မြေ ၁၂ ဒသမ ၃၅ ဧကပေါ်တွင် စက်ရုံတည်ဆောက်မည်ဖြစ်ကာ နှစ် ၃၀ လုပ်ဆောင်ရန် စာချုပ်ချုပ်ဆိုထားကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မှတ်တမ်းများအရ သိရသည်။

မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်ခုအနေနှင့် နေ့စဉ်လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏ ၁၇၀ မဂ္ဂါဝပ်ခန့်ရှိပြီး အဆိုပါစက်ရုံမှ တစ်ရက်လျှင် လျှပ်စစ်ဓာတ်အား ၁၄ ဒသမ ၈ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်ကြောင်း၊ ယင်းပမာဏသည် မန္တလေးစက်မှုဇုန် သုံးစွဲသည့် ပမာဏ၏ သုံးပုံတစ်ပုံကျော်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ယင်းအချိန်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူများက ပြောဆိုခဲ့သည်။

မန္တလေးမြို့တော်အနေနှင့် လက်ရှိတွင် နေ့စဉ် အမှိုက်တန်ချိန် ၉၀၀ ခန့် ထွက်ရှိလျက်ရှိကြောင်း မြို့တော်စည်ပင်သာယာရေး ကော်မတီ သန့်ရှင်းရေးဌာနထံမှ သိရှိရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံး အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့် Yangon Waste to Energy Plant စက်ရုံကို ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် လှော်ကားလမ်းပေါ်တွင် တည်ဆောက်ထားပြီး ဧပြီလ ၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ■ **LC**



ဓာတ်ပုံ-မောင်ရဲနွေ

၁၃၀၀ ပြည့်အာဇာနည်ဗိမာန်တွင် တည်ဆောက်ထားသော သခင်ဗဟိန်းမော်ကွန်းကျောက်စာတိုင်ကို တွေ့ရစဉ်

# သခင်ဗဟိန်းဂူဗိမာန်နှင့် ရင်ပြင် တည်ဆောက်မည်

**မန္တလေး၊ ဇွန် ၂၇**

တပ်မတော်အစိုးရလက်ထက် ၂၀၀၃ ခုနှစ်တွင် ဖျောက်ဖျက်ခံခဲ့ရသော သခင်ဗဟိန်းအုတ်ဂူပြန်လည်ရှာဖွေတွေ့ရှိပြီဖြစ်ရာ တွေ့ရှိခဲ့သည့် အေးရိပ်ငြိမ်သုသာန်တွင် ဗိမာန်နှင့်ရင်ပြင် တည်ဆောက်မည်ဖြစ်ကြောင်း သခင်ဗဟိန်းရာပြည့်ပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးဖြစ်သူ စာရေးဆရာဆူးငှက်က ပြောကြားသည်။

ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ၁၃၀၀ ပြည့်အာဇာနည်ဗိမာန်၌ ဇွန်လ ၂၇ ရက်နေ့နံနက်ပိုင်းက ကျင်းပသော သခင်ဗဟိန်းရာပြည့် မော်ကွန်းကျောက်တိုင်စိုက်ထူပွဲအခမ်းအနားတွင် စာရေးဆရာဆူးငှက်က ပြောကြားခြင်းဖြစ်သည်။

ရာပြည့်ကော်မတီနှင့် သခင်ဗဟိန်းမိသားစုတို့ ပူးပေါင်းကာ သခင်ဗဟိန်းအုတ်ဂူနေရာတွင် ဗိမာန်နှင့်ရင်ပြင်တည်ဆောက်ရန် စီစဉ်နေခြင်းဖြစ်သည်။

သခင်ဗဟိန်းဂူ ပြန်လည်ရှာတွေ့ရှိခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း သခင်ဗဟိန်းမိသားစုဝင်တစ်ဦးဖြစ်သည့်ဒေါ်မော်မော်မြင့်က ပြောကြားသည်။

တပ်မတော်အစိုးရလက်ထက်အတွင်း မန္တလေးမြို့ ရွာဟိုင်းသုသာန်ကို ဖယ်ရှားခဲ့ရာမှ သမိုင်းအစအန ပျောက်သွားခဲ့ရာ ၂၀၁၇ ခုနှစ်မတ်လကစတင်ကာ မန္တလေးမြို့တော်စည်ပင်နှင့် သခင်ဗဟိန်းရာပြည့်ပွဲကျင်းပရေးကော်မတီတို့ သခင်ဗဟိန်းအုတ်ဂူ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း၊ လူသက်သေ၊ စည်ပင်သာယာတို့၏ သက်သေအထောက်အထားများအရ မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်တွင် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယခုတွေ့ရှိထားသည်ဟုဆိုသော အုတ်ဂူကိုစိစစ်ရာတွင် သခင်ဗဟိန်း၏ အုတ်ဂူဖြစ်သည်မှာ ရာနှုန်းပြည့် မှန်ကန်ကြောင်း စာရေးဆရာဆူးငှက်က ထပ်လောင်းပြောကြားသည်။

သခင်ဗဟိန်းကွယ်လွန်ပြီးနောက် ရုပ်အလောင်းကို မန္တလေးမြို့ ရွာဟိုင်းသုသာန်တွင် မြှုပ်နှံခဲ့ကြောင်း၊ တပ်မတော်အစိုးရ လက်ထက် ၂၀၀၃ ခုနှစ်တွင် ရွာဟိုင်းသုသာန်ကို ဖျက်သိမ်းခဲ့ကြောင်း၊ သခင်ဗဟိန်းအုတ်ဂူကိုဖြိုဖျက်ကာ အေးရိပ်ငြိမ်သုသာန်တွင် ရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း သခင်ဗဟိန်းရာပြည့်ပွဲကျင်းပရေးကော်မတီထံမှလည်း သိရသည်။

၂၀၁၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ကျရောက်သော သခင်ဗဟိန်း နှစ် ၁၀၀ ပြည့်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၃၁ လမ်းထောင့် ဓမ္မသာလာခန်းမ၌ ကျင်းပခဲ့ပြီး သံဃာတော်များကို ဆွမ်းလောင်းလှူခြင်း၊ အထိမ်းအမှတ်မော်ကွန်းကျောက်စာတိုင် စိုက်ထူခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်နှင့် မန္တလေးမြို့ခံနိုင်ငံရေးအင်အားစုများ၊ ကဗျာဆရာများ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ အဖွဲ့ဝင်ကျောင်းသားကျောင်းသူများအပါအဝင် မန္တလေးမြို့အနီးတစ်ဝိုက်မှ တောင်သူများ စုစုပေါင်းအင်အား ၁၅၀ ကျော်က ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်မှ သခင်ဗဟိန်းကျောက်စာတိုင်စိုက်ထူပွဲ အခမ်းအနားပြုလုပ်သည့် ၁၃၀၀ ပြည့်အရေးတော်ပုံ အာဇာနည်ဗိမာန်အထိ ဂါရဝပြုလမ်းလျှောက်ချီတက်ခဲ့ကြသည်။

ဇွန်လ ၂၆ ရက်နေ့ကလည်း သခင်ဗဟိန်း ရာပြည့်ပွဲတော်အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲ၊ ပန်းချီပြပွဲ၊ ဂုဏ်ပြုကဗျာရွတ်ဆိုပွဲနှင့် စာပေဟောပြောပွဲများ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၃၁ လမ်းထောင့် ဓမ္မသာလာခန်းမ၌ ကျင်းပခဲ့သေးသည်။

သခင်ဗဟိန်းကို ၁၉၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် အင်းဝမြို့ကိုင်းတန်းရပ်ကွက်၌ အဖ ဦးမှင်၊ အမိ ဒေါ်ဦးတို့က မွေးဖွားခဲ့ပြီး ၁၉၃၄ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်၌ ပညာသင်ခဲ့ရာ ၁၉၃၅-၁၉၃၆ ခုနှစ်တွင် ယင်းကောလိပ် ကျောင်းသားသမဂ္ဂ အမှုဆောင်ဖြစ်ခဲ့သည်။

၁၉၃၆-၁၉၃၇ ခုနှစ်တွင် ယင်းကောလိပ်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌဖြစ်ခဲ့သည်။ ယင်းနောက် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးခဲ့ရာ ၁၉၃၈-၁၉၃၉ ခုနှစ်တွင် တကသဥက္ကဋ္ဌ၊ ဗကသဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

၁၉၃၈ ခုနှစ်တွင်ဖြစ်ခဲ့သည့် ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ထင်ရှားခဲ့သူဖြစ်ပြီး တို့ဗမာအစည်းအရုံး ဗဟိုဌာနချုပ်၊ အလုပ်သမားဌာန အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ကာ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ■ **M-01**

# ဝါးကိုအခြေခံ၍ လူသုံးကုန်ပစ္စည်းများ စမ်းသပ်ထုတ်လုပ်

**မန္တလေး၊ ဇွန် ၂၇**

မြန်မာနိုင်ငံမှထွက်ရှိသော ဝါးကိုအခြေခံ၍ လူသုံးကုန်ပစ္စည်းများ စမ်းသပ်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေး အသင်းထံမှ သိရသည်။

ဝါးပေါင်းခံရည်မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ၊ ဝါးမီးသွေးမှထုတ်လုပ်သည့် ပစ္စည်းများ စုစုပေါင်းအမျိုးအစားခြောက်မျိုး ထုတ်လုပ်လျက်ရှိကြောင်း၊ ဝါးပေါင်းခံရည်ကိုအခြေခံ၍ ရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ခြင်ဆေးရည်၊ ဝါးပေါင်းခံရည်မှ ဆပ်ပြာရေ၊ ခွေးရေချိုးဆပ်ပြာနှင့် ဝါးမီးသွေးကို အခြေခံ၍ ဆပ်ပြာများထုတ်လုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောကြားသည်။

မန္တလေးမြို့နှင့်ရန်ကုန်မြို့တို့တွင် စမ်းသပ်ထုတ်လုပ်နေခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြ၍ စစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ကြောင်း၊ ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းထံမှ သိရသည်။ ■ **M-05**

# မန္တလေးမြို့တော်အတွင်း ရေသုံးစွဲခ ငါးဆယ်ရာခိုင်နှုန်းခန့်သာ ကောက်ခံရရှိဟုဆို

**မန္တလေး၊ ဇွန် ၂၇**


ဓာတ်ပုံ-ရွှေရည်

မန္တလေးမြို့ တော် စည်ပင်သာယာ ရေးကော်မတီက ဖြန့်ဖြူးလျက်ရှိသော သုံးရေများအတွက် ရေမီတာနှင့် ကျုံးရေ အတွက် အခွန်အခများ ကောက်ခံရာတွင် အသုံးပြုသူများထံမှ ငါးဆယ်ရာခိုင်နှုန်း ခန့်သာ ကောက်ခံရရှိနေကြောင်း ယင်း ကော်မတီ၊ အခွန်ဌာနထံမှ သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာ ရေးကော်မတီက ဖြန့်ဖြူးပေးလျက်ရှိ သော ရေပေးဝေရေးစနစ်တွင် အသုံးပြု နေသည့် ရေမီတာ အလုံးပေါင်းကိုးသောင်း ရှိကြောင်း၊ ယင်းအနက်မှ ထက်ဝက်ခန့် သာ ကောက်ခံရရှိနေကြောင်း အဆိုပါ ဌာန ဌာနမှူး ဦးဝင်းမောင်ကပြောကြား သည်

ဇွန်လ ၂၆ ရက်နေ့ မွန်းလွဲ ၂ နာရီ အချိန်က မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ ခြောက်ထပ်ဆောင်တွင် ပြုလုပ်သော ရေအခွန်အခ ပြင်ဆင် ကောက်ခံမှုနှုန်းထားနှင့်ပတ်သက်၍ပြည် သူများနှင့် တွေ့ဆုံရာတွင် ၎င်းကပြောဆို ခဲ့ခြင်း ဖြစ်သည်။

"လက်ရှိ ဖြန့်ဝေပေးထားတဲ့ ရေရဲ့ ၅၀ ရာခိုင်နှုန်းသော ရေဖိုးရေခ ပြန်ရ တယ်။ ကျန်တဲ့၅၀ ရာခိုင်နှုန်းက အကြောင်း အမျိုးမျိုးကြောင့် လေလွင့်ဆုံးရှုံးနေ တယ်" ဟု ၎င်းကဆိုသည်။

မြို့တော်စည်ပင်အနေနှင့် အိမ်သုံး ရေမီတာများအတွက် ယခင်က တစ်ယူနစ် (ဂါလန် ၂၂၀) လျှင် ၈၅ ကျပ်၊ စီးပွားရေး လုပ်ငန်းသုံးအတွက် ၁၁၀ ကျပ်နှုန်းဖြင့် ကောက်ခံခဲ့ကြောင်း၊ ပြည်တွင်းလုပ်ငန်း ရှင်များ၏ စက်ရုံးသုံးအတွက် တစ်ယူနစ် လျှင် ၄၄၀ ကျပ်၊ နိုင်ငံခြားလုပ်ငန်းရှင် များ၏ စက်ရုံသုံးအတွက် ၈၈၀ ကျပ် နှုန်းဖြင့် ကောက်ခံခဲ့ပြီး ရေမီတာထိန်း သိမ်းခအဖြစ် သုံးလလျှင် တစ်ရာကျပ် ကောက်ခံကြောင်း ဦးဝင်းမောင်က ရှင်းပြ သည်။

ယင်းသို့ ကောက်ခံနေသော ကြောင့် မြို့တော်စည်ပင်အနေနှင့် အရှုံး နှင့် ရင်ဆိုင်နေရရာမှ ယခုဘဏ္ဍာနှစ် ဧပြီ လ ၁ ရက်နေ့ကစ၍ အိမ်သုံးရေမီတာများ အတွက် တစ်ယူနစ်လျှင် ၂၀၀ ကျပ်၊ စီး ပွားရေးသုံးအတွက် ၂၆၀ ကျပ်၊ ပြည်တွင်း စက်ရုံသုံးအတွက် ၆၆၀ ကျပ်၊ နိုင်ငံခြား လုပ်ငန်းရှင် စက်ရုံသုံးအတွက် ၁၁၀၀ ကျပ်နှုန်း၊ ရေမီတာထိန်းသိမ်းခအဖြစ် သုံးလလျှင် ၁၀၀ ကျပ်နှုန်းဖြင့်ပြောင်းလဲ ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း ၎င်းက အသိပေးပြောဆိုသည်။

မန္တလေးမြို့ပေါ်ရှိ မြို့နယ်ခြောက်ခု တွင် စည်ပင်ကဖြန့်ဖြူးပေးသည့် မီတာ ရေရရှိသူ နည်းပါးလျက်ရှိကြောင်း၊ ယင်း ရေ သန့်ရှင်းမှုအားနည်းကာ ရေပေးဝေ ချိန် နောက်ကျခြင်းများကြောင့် သုံးစွဲသူ များ အခက်အခဲဖြစ်ရကြောင်း၊ ကောင်း မွန်သန့်ရှင်းသည့်ရေကို အချိန်မှန် ရရှိ မည်ဆိုပါက သုံးစွဲသူများ၏ ထောက်ခံမှု ရရှိမည်ဖြစ်ကြောင်း ရပ်ကွက်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများက ယင်းအခမ်း အနားတွင် ဆွေးနွေးခဲ့ကြသည်။

"ဘာပြဿနာရှိလဲဆို တော့ ရေမီတာတွေရဲ့ အရည်အသွေးပေါ့။ ကျွန်မသိသလောက်ကတော့ အရင်က တပ်ဆင်ခဲ့တဲ့မီတာပေါ့၊ ပြည်သူတွေကို သက်သောင့်သက်သာ ဖြစ်စေချင်တာနဲ့ တရုတ်နိုင်ငံထုတ် ရေမီတာတွေတပ်ထား တာ တွေ့ရပါတယ်" ဟု ယင်းကော်မတီ ရေနှင့် သန့်ရှင်းရေးဌာန၊ ဌာနမှူး ဒေါ်ခင်မေဌွေးက ပြောကြားသည်။

ယင်းအခက်အခဲများကို ဖြေရှင်း နိုင်ရန် လက်ရှိသွယ်တန်းထားသည့် ပိုက် များကို ပြန်လည်မွမ်းမံပေးခြင်း၊ ထပ်မံ သွယ်တန်းပေးမည့်အပြင် လက်ရှိသုံးစွဲ နေသည့် ရေမီတာ အလုံးကိုးသောင်း အနက် အလုံးရေနှစ်သောင်းကို လဲလှယ် တပ်ဆင်ပေးရန် စီစဉ်ထားကြောင်း ၎င်း က ပြောဆိုသည်။

"စည်ပင်ရေသုံးချင်ပေမယ့် ရေ ငုတ်ကဝေးတယ်။ ရေငုတ်ကနေသွယ်ဖို့ ပိုက်ဆက်ရတယ်၊ ရေမီတာတပ်မယ်ဆို ခြောက်သောင်းလောက် ကုန်မယ်လို့ပြော တယ်။ စည်ပင်ရေသုံးချင်ပေမယ့် သွယ် တန်းတပ်ဆင်ခကရှိနေတော့ အခုမသွယ် နိုင်သေးဘူး" ဟု ချမ်းမြသာစည်မြို့နယ် တွင်နေထိုင်သည့် အသက် ၄၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

မန္တလေးမြို့ တော်စည်ပင်သာယာ ရေးကော်မတီအနေနှင့် ဘဏ္ဍာရေးနှစ် အလိုက် ရေပေးဝေရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေး အေဂျင်စီ (JICA) ၏ ထောက်ပံ့ငွေ ဖြင့် ပြည်ကြီးတံခွန်မြို့နယ်၏ ၃၀ ရာခိုင် နှုန်းကို ရေဖြန့်ဝေပေးနိုင်ရန် အစီအစဉ်ရှိ ကြောင်း၊ ယင်းအပြင် အာရှဖွံ့ဖြိုးရေးဘဏ် ADB နှင့် နိုင်ငံတကာထောက်ပံ့ငွေများ ဖြင့် အမရပူရမြို့နယ်တွင် ရေဖြန့်ဝေပေး ရန်လည်း အကောင်အထည်ဖော်လျက်ရှိ ကြောင်း၊ ရေညစ်ညမ်းမှုမဖြစ်စေရန် ပိုက် လိုင်းအသစ်များ လဲလှယ်ခြင်း၊ ပြင်ဆင် ခြင်း၊ ရေအားပိုမိုကောင်းမွန်စေရန် ရေ တွင်းတူးဖော်ခြင်း၊ ရေစက်များ၊ ရေ လှောင်ကန်များတည်ဆောက်ခြင်း၊ ရေ အလေအလွင့် လျော့နည်းစေရန် ဘဏ္ဍာ နှစ်အလိုက် ဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေနှင့် ချမ်းမြ သာစည်မြို့နယ်တို့ရှိ ၉၀ ရာခိုင်နှုန်းသော လူဦးရေခုနစ်သိန်းခန့် ၂၄ နာရီပတ်လုံး သန့်ရှင်းသောရေသုံးစွဲနိုင်ရန် ရည်မှန်း ထားကြောင်း ယင်းကော်မတီထံမှ သိရ သည်။

■ ဝင်းရွှေရည်ဦး

# ဇနီးကိုသတ်ကာ ထွက်ပြေးသူ မိုးညှင်းတွင် ဖမ်းမိ

**မန္တလေး၊ ဇွန် ၂၇**

လွန်ခဲ့သော သုံးနှစ်ခန့်ကကွဲကွာ နေသော ဇနီးကိုသတ်ကာ ထွက်ပြေးနေ သူကို မိုးညှင်းမြို့နယ်တွင် ဇွန်လ ၂၆ ရက် နေ့က ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးလျက်ရှိ ကြောင်း ပြည်ကြီးတံခွန်မြို့နယ် မြို့မ ရဲစခန်းထံမှ သိရသည်။

ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် ရပ်ကွက်တွင် ဇွန်လ ၂၄ ရက်နေ့ ညနေ ၅ နာရီခန့်အချိန်က အသက် ၃၉ နှစ်အရွယ်ရှိ ဒေါ်ဝင်းဝင်းနွယ် နှုတ်ခမ်းအောက်၊ ပါးပြင်၊ ရင်အုံ၊ ပခုံးနှင့်လက်မောင်းတို့တွင် ထိုးသွင်းဒဏ်ရာ၊ လက်ခုံတွင် ပြတ်ရှဒဏ် ရာ၊ လက်ကောက်ဝတ်တွင် ပြတ်ရှဒဏ်ရာ စသည့်ဒဏ်ရာများဖြင့် သေဆုံးနေသည် ကို တွေ့ရှိခဲ့ပြီး သေဆုံးသူ၏ ညီမဖြစ်သူက တရားလိုပြုလုပ်ကာ တိုင်ကြားထားသော အမှုဖြစ်သည်။

လွန်ခဲ့သောသုံးနှစ်ခန့်ကွဲကွာနေ သည့် အသက် ၃၃ နှစ်အရွယ် ခင်ပွန်းဖြစ် သူ ဝင်းမြင့်အောင် (ခ) လုနီမိုး လွန်ခဲ့ သည့် ရက်ပိုင်းအတွင်းက သေဆုံးသူ ဒေါ်ဝင်းဝင်းနွယ်ထံရောက်ရှိလာပြီး ပြန် လည်ပေါင်းသင်းရန် ပြောဆိုရာမှ စကား များရန်ဖြစ်ခဲ့ကြောင်း၊ ငါးရက်အတွင်း သတ်ပြမည်ဟု ခြိမ်းခြောက်ခဲ့သည့် အတွက် တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

မြစ်ကြီးနားမြို့သို့ ထွက်ပြေးတိမ်း ရှောင်သွားကြောင်း သတင်းရသည့် အတွက် ကချင်ပြည်နယ် မှုခင်းအကူတပ် ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မိုးညှင်း မြို့နယ် နန်စီးအောင်တံတားအနီး လုံခြုံ ရေး ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ က ဇွန်လ ၂၅ ရက်နေ့ ညပိုင်းတွင် ခရီး သည်တင်ယာဉ်တစ်စီးပေါ်မှ ဖမ်းဆီးနိုင်ခဲ့ ခြင်းဖြစ်ကြောင်း ယင်းမှတ်တမ်းအရ သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်ကြီး တံခွန်မြို့မရဲစခန်းက (ပ) ၅၀၅/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှု ဖွင့်ထားပြီး ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၁၀ ရက်နေ့အထိ ပထမအကြိမ် ချုပ်ရက် ရမန်ယူကာ စစ်ဆေးလျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■

**M-04**

# ဗကသကျောင်းသား ကိုနှင်းအောင် ထောင်ဒဏ်နှစ်လ ချမှတ်ခံရ

**မန္တလေး၊ ဇွန် ၂၇**

အလုပ်သမားအရေးကိစ္စဆောင် ရွက်စဉ် စဉ့်ကိုင်မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ဆန္ဒ ထုတ်ဖော်ခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ဝင် ကိုနှင်းအောင် ကို ယင်းမြို့နယ်တရားရုံးက ဇွန်လ ၂၇ ရက်နေ့တွင် ဒဏ်ထောင်နှစ်လ ချမှတ်ခဲ့ သည်။

ကိုနှင်းအောင်ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခြင်းဆိုင် ရာ ဥပဒေပုဒ်မ ၁၉ အရ ထောင်ဒဏ်တစ် လ၊ တရားရုံး မထီမဲ့မြင်ပြုမှုနှင့် ဒဏ်ငွေ နှစ်ရာကျပ်ချမှတ်ခဲ့ရာ ဒဏ်ငွေမဆောင် သဖြင့် ထောင်ဒဏ်တစ်လတိုးသွားခြင်း ဖြစ်ကြောင်း ဗကသအဖွဲ့ဝင် ကိုနှင်းအောင် ၏မိတ်ဆွေ ဦးခိုင်မင်းက ပြောကြားသည်။

ဗကသကျောင်းသားကိုနှင်းအောင် သည် စစ်ကိုင်းပညာရေးကောလိပ် ကျောင်းသား ကိုဇော်ရဲထွဋ်အပါအဝင် ဗကသကျောင်းသား နှစ်ဦးနှင့်အတူ မန္တလေးမြို့ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ရှေ့တွင် ဧပြီလ ၂၆ ရက်နေ့ ကျောင်းသားထု အခွင့်အရေးရရှိ ရန် ခွင့်ပြုချက်မရှိဘဲ ဆန္ဒထုတ်ဖော်ခဲ့ သောကြောင့် ချမ်းအေးသာစံမြို့နယ် တရားရုံးက မေလ ၉ ရက် ရက်နေ့တွင် ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ်သုံးလနှင့် တရားရုံး မထီမဲ့မြင်ပြုမှုဖြင့် ထောင်ဒဏ် တစ်လ စုစုပေါင်း ထောင်ဒဏ်လေးလ ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး မေလ ၂၄ ရက် နေ့တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်ခဲ့ သော်လည်း စဉ့်ကိုင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်း ဆန္ဒထုတ်ဖော်ခဲ့သည့်အတွက် မန္တလေး အိုးဘိုထောင်တွင် ဆက်လက်ဖမ်းဆီး ချုပ်နှောင်ခံခဲ့ရသူဖြစ်သည်။ ■

**M-01**

# မြေယာလျော်ကြေးအစား အစားထိုးမြေနေရာပေးရန် ဒေသခံများတောင်းဆို

**မန္တလေး၊ ဇွန် ၂၇**

ဧရာဝတီမြစ်ကမ်း အဆင့်မြှင့်တင် ရေးစီမံကိန်းတွင် ပါဝင်သွားသည့် မြေပိုင် ရှင်များနှင့် တောင်သူများက မြေယာ လျော်ကြေးအစား အစားထိုးမြေနေရာ သာ ရလိုကြောင်း ၎င်းတို့က တောင်းဆိုခဲ့ ကြသည်။

"ကျွန်တော်တို့အနေနဲ့ မြေယာ လျော်ကြေးအစား အစားထိုးမြေပဲ လိုချင် ပါတယ်။ မြေယာလျော်ကြေးက ကျွန်တော် တို့အတွက် မလိုအပ်ပါဘူး။ အစားထိုးမြေ ရမှ တောင်သူအလုပ်ကို ဆက်ပြီးလုပ်နိုင် မှာပါ။ ဒါကြောင့်အစားထိုးမြေပေးဖို့တောင်း ဆိုတာ။ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးက တင်ပြတဲ့ စာရင်းတွေဟာ မှန်ကန်မှုမရှိနိုင် တဲ့အတွက် ကွင်းဆင်းပြီးတော့ တိုင်းတာ ပေးဖို့ တောင်းဆိုပါတယ်" ဟု မြေပိုင်ရှင် ဦးမျိုးဇော်ထွန်းက ပြောကြားသည်။

မန္တလေးဧရာဝတီမြစ်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်း (IEE) ကို ဧပြီလ ၂၈ ရက်နေ့မှ မေလ ၃ ရက်နေ့အထိ ပြုလုပ်ခဲ့ရာ တွေ့ရှိချက်များ နှင့်ပတ်သက်၍ ဇွန်လ ၂၇ ရက်နေ့က ဒေသခံပြည်သူများကို ရှင်းလင်းရာတွင် မြေပိုင်ရှင်များနှင့် တောင်သူများက ပြော ကြားခဲ့ခြင်းဖြစ်သည်။

"အခုဟာက စီမံကိန်းဖော်ဆောင် ဖို့အတွက် ကနဦးအနေနဲ့ ပတ်ဝန်းကျင် ဆန်းစစ်ခြင်းလုပ်ငန်းကို ဥပဒေ၊ လုပ်ထုံး လုပ်နည်းတွေနဲ့အညီ ဆောင်ရွက်တဲ့ အဆင့်ပဲ ရှိပါသေးတယ်။ ဒီအဆင့်ကို ကျော်ပြီးမှ မြေယာလျော်ကြေးကိစ္စကို နိုင်ငံတော်အစိုးရထံ တင်ပြရမှာ" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြား ရေးမှူး ဦးအောင်မျိုးခိုင်က ပြောကြားသည်။

ယင်းစီမံကိန်းကို မန္တလေးမြို့ အနောက်ဘက် ကန်တော်ကြီးအနီးရှိ ရွှေလုံ ဗိုလ်ဘုန်းတော်ကြီးကျောင်း အနောက် ဘက်ခြမ်း ဧရာဝတီမြစ်နှင့်ကပ်လျက်တွင် တည်ဆောက်ရန်စီစဉ်ထားပြီး မန္တလေး မြို့မှကုန်ပစ္စည်းများ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြို့များသို့ ပို့ဆောင်နိုင်ရန် ရည်ရွယ်ကြောင်း၊ အဆိုပါစီမံကိန်းကို မြေဧက ၂၀ ပေါ်တွင်ဆောင်ရွက်မည် ဖြစ်၍ မြေယာပိုင်ဆိုင်သူ ၇၀ ဦး၏ မြေယာများ ပါဝင်နေကြောင်း ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းဆိုင် ရာ ရှင်းလင်းပွဲသို့ တက်ရောက်လာသော နှစ်ဖက်အဖွဲ့များထံမှ သိရသည်။

မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်းတွင် ကွန်တိန်နာများနှင့် ကုန်ပစ္စည်းများ ထားသိုရန်နေရာများ၊ ဆိပ်ခံတံတားနှင့် ချဉ်းကပ်တံတားတို့ ပါဝင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ် ငန်းကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ရန်စီစဉ်ထားကာ တည်ဆောက်ဖြစ် မည်ဆိုပါက ၂ နှစ်အတွင်း အပြီးလုပ် ဆောင်မည်ဖြစ်ကြောင်း ယင်းလုပ်ငန်း စီမံကိန်းအရ သိရသည်။

အဆိုပါ စီမံကိန်းကိုတည်ဆောက် ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ် ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန က အဆိုပြုခဲ့ခြင်းဖြစ်ပြီး ဂျပန်အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA က စီမံကိန်းတစ်ခုလုံးကို ကူညီ ပေးမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်း အတွက် အမေရိကန်ဒေါ်လာ ၃၈ သန်းခန့် ကုန်ကျနိုင်ကြောင်း မန္တလေးတိုင်း အစိုးရ အဖွဲ့က ခန့်မှန်းထားသည်။

စီမံကိန်းတစ်ခုလုံးကို JICA က အကောင်အထည်ဖော်ဆောင်ရွက်ပေး မည်ဖြစ်သော်လည်း စီမံကိန်းဧရိယာ အတွင်း ပါဝင်နေသည့် မြေနေရာအသုံးပြု မှုအတွက် နိုင်ငံတော်အစိုးရက တာဝန်ယူ ဖြေရှင်းပေးရမည့် စီမံကိန်းဖြစ်သည်။ ■

**M-04**

# တိုက်ပွဲများကြောင့် နာဂဒေသအတွင်း လယ်လုပ်ကိုင်သူများ အခက်အခဲတွေ့

**မြစ်ကြီးနား၊ ဇွန် ၂၇**

နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်ရှိ နားလုံကျေးရွာတွင် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ် (KIA/KIO)တို့အကြား စစ်ရေးတင်းမာပြီး တိုက်ပွဲများဖြစ်ပေါ်၍ ကျေးရွာနားတွင် တပ်စခန်းတည်ဆောက်ထားမှုကြောင့် ဒေသခံများ လယ်လုပ်ကိုင်ရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း ယင်းဒေသခံများထံမှ သိရသည်။

ဇွန်လ ဒုတိယပတ်အတွင်းက နောင်ကုလုကျေးရွာ၌ တပ်မတော်က တပ်စခန်းချနေထိုင်ပြီး နားလုံကျေးရွာနားတွင် KIA မှ တပ်စခန်းချ နေထိုင်မှုများ ပြုလုပ်ခြင်းကြောင့်ယင်းဒေသခံများသည်လယ်ယာလုပ်ကိုင်ခြင်းမပြုနိုင်သည့်အပြင် သွားလာရေးအတွက်ပါ အခက်အခဲများကြုံတွေ့နေရကြောင်း ယင်းဒေသခံများက ဆိုသည်။

"အခုချိန်ဆို လယ်ထွန်တဲ့အချိန်ဖြစ်တယ်။ တပ်တွေချပြီးနေထိုင်တော့ ရွာကလူတွေက လယ်လုပ်စားလို့ မရဘူး။ ဘယ်မှသွားလာလို့လည်းမရဘူး" ဟု ယင်းဒေသခံတစ်ဦးက ပြောဆိုသည်။

ယခုအချိန်တွင် နားလုံဒေသရှိ KIA တပ်စခန်းမရှိတော့ဘဲ ယင်းနေရာတွင် တပ်မတော်က ပြန်လည်တပ်စခန်းချထားသည့်အတွက် လယ်လုပ်ငန်းများပြန်လည်စတင်နိုင်ပြီဖြစ်ကြောင်း နန်းယွန်းမြို့နယ် မဲဆန္ဒအမှတ် ၂ မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်က ပြောကြားသည်။

အဆိုပါ နားလုံကျေးရွာသည် နန်းယွန်းမြို့နှင့် မိုင် ၂၀ ခန့်ရှိပြီး ရွာချင်းကြားသုံးမိုင်ဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသဖြစ်ကြောင်း၊ ယင်းနားလုံကျေးရွာတွင် အိမ်ခြေ ၉၀ ရှိ၍ လူဦးရေထောင်ချီနေထိုင်ကြကာ အဓိကလယ်စပါး စိုက်ပျိုးခြင်းတစ်ခုသာ လုပ်ကိုင်စားသောက်သည်။ ■

R-06

# ပဲခူးတိုင်းအစိုးရ သတင်းမီဒီယာများနှင့် တွေ့မည်

**တောင်ငူ၊ ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများက ဒေသတွင်း သတင်းမီဒီယာသမားများကို တိုင်းအစိုးရအဖွဲ့ရုံး၌ ဇွန်လ ၂၉ရက် နံနက်ပိုင်းတွင် တွေ့ဆုံမည်ဖြစ်ကြောင်း ယင်းအစိုးရအဖွဲ့ထံမှ သိရသည်။

တက်ရောက်မည့် သတင်းမီဒီယာသမားများကို စာရင်းကောက်ယူနေပြီး တက်ရောက်လိုသော သတင်းသမားများ အနေနှင့် တိုင်းဒေသကြီး ပြန်/ဆက်ရုံးသို့ ဆက်သွယ်ရမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးစိုးပိုင်က ပြောကြားသည်။

တစ်နှစ်ခွဲနီးပါးကြာမြင့်နေသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၎င်းတို့၏ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြနိုင်ရန်နှင့် မီဒီယာများက သိရှိလိုသည်များကို မေးခွန်းမေးမြန်းနိုင်ရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက ပြောကြားသည်။ ■ R-15

# ပြိုကျပျက်စီးသွားသည့် ရွှေဘိုတက္ကသိုလ် မျက်နှာကြက် ကျောင်းရန်ပုံငွေဖြင့် ပြုပြင်မည်

**ရွှေဘို၊ ဇွန် ၂၇**

ရွှေဘိုတက္ကသိုလ် ကျောင်းခန်းမျက်နှာကြက် ပြိုကျပျက်စီးသွားခြင်းကို ကျောင်းရန်ပုံငွေဖြင့် ပြုပြင်သွားမည်ဖြစ်ကြောင်း ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ တင်ထွန်းမြင့်က ပြောကြားသည်။

ဇွန်လ ၂၆ ရက်နေ့ နံနက် ၁၀ နာရီခွဲခန့်က စာသင်နေစဉ်အတွင်း ရွှေဘိုတက္ကသိုလ် အဆောင် ၆ အခန်း(၆၁၁) A သင်္ချာစာသင်ဆောင်မှ မျက်နှာကြက်ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ပြီး ကျောင်းသူ ၁၁ ဦး ဒဏ်ရာရရှိခဲ့ရာမှ လေးဦးကို ဆေးရုံတင်ပို့ခဲ့သော်လည်း ယခုအခါ ပြန်လည်ဆင်းလာနိုင်ပြီဖြစ်ကြောင်း ယင်းတက္ကသိုလ် တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါ ကျောင်းဆောင်ကို ၂၀၀၅ ခုနှစ်က ရွှေနဂါးမင်း ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ပြီး ရွှေဘို တက္ကသိုလ်တွင် နှစ်ထပ် စာသင်ဆောင် ခြောက်ဆောင် သုံးထပ်ဆောင်အပါအဝင် အဆောင် ၁၄ ဆောင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ရွှေဘိုတက္ကသိုလ်ထံမှ သိရသည်။ ■ R-09

The VOICE Daily CARTOON




# ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးကုသိုလ်ပြုနိုင်ဖို့ပါ။ သားအိမ်ခေါင်းကင်ဆာရောဂါခံစားနေရတဲ့ အသက် ၅၀ အရွယ် ဒေါ်မြင့်မြင့်ထူးက သားအိမ်ခေါင်းကင်ဆာခံစားရတာမို့ သားအိမ်ထုတ်ထားပေမယ့် မသက်သာလို့ မန္တလေးဆေးရုံကြီးမှာ တက်ရောက်ကုသမှု ခံယူနေရတာပါ။ ကင်ဆာဆေး သုံးကြိမ်သွင်းကုသရမယ်လို့ သိရပြီး ကုန်ကျစရိတ် ကျပ် ၅ သိန်း ၅ သောင်း ကုန်ကျမှာဖြစ်ပြီး တတ်အားသရွေ့ ပါဝင်လှူဒါန်းမယ့်သူတွေ လိုအပ်နေတယ်လို့ သိရပါတယ်။ အသေးစိတ် သိလိုတယ်၊ ဆက်သွယ်စုံစမ်းလိုတယ်ဆိုရင် မနောကြာဖြူအဖွဲ့ ၅၃ လမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး ဖုန်း ၀၉ ၃၃၀၄၈၃၆၂၊ ၀၉ ၂၀၀၆၄၂၃၊ ၀၉ ၄၃၀၉၉၆၆၀ ကို ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါတယ်။ ■



# ဈေးဝယ်လမ်းညွှန်

## ရင်သားပြည့်ဖြိုး အလှတိုးစေမယ့် LADYMAX

FAME က အသစ်ထုတ်လုပ်လိုက်တဲ့ LADYMAX Breast Beauty Cream မှာဆိုရင် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့ Phytoestrogen ပါဝင်မှုမြင့်မားပြီးတော့ အစွမ်းအထက်ဆုံး သဘာဝဆေးပင် Pueraria mirifica extract (ပေါက်ဥအဆီအနှစ်)ကနေ ထုတ်လုပ်ထားတာဖြစ်ပါတယ်။

ရင်သားကြီးထွားဖို့အတွက် အဓိကလိုအပ်တဲ့ Fatty Tissue နဲ့ Ligament တွေကို သဘာဝအတိုင်း တိုးပွားစေတာကြောင့် ဘေးထွက်ဆိုးကျိုးလုံးဝမရှိဘဲ နှစ်လအတွင်း အမြင့်ဆုံးဖွံ့ဖြိုးမှုကို ရရှိစေနိုင်ပါတယ်။ အသားအရေကြံ့ခိုင်မှုကို ထောက်ပံ့ပေးတာကြောင့် ရင်သားတွဲပြီး လျှောကျနေသူတွေဆိုရင် သဘာဝအတိုင်း တင်းရင်းပြီး နုးညံ့မှုကို ပေးစွမ်းနိုင်ပါတယ်။ ဒါ့အပြင် ရင်သားသေးငယ်သူများတွေလည်း သဘာဝအတိုင်း အချိုးအစားကျကျ ပြည့်ဖြိုးလှပစေပါတယ်။

LADYMAX Breast Beauty Cream ကို အသုံးပြုမယ့်သူတွေက ရင်သားအရွယ်အစားပေါ်မူတည်ပြီး သင့်တော်တဲ့ပမာဏကို ရင်သားအပေါ်ပိုင်းမှစတင်ကာ စက်ဝိုင်းပုံသဏ္ဍာန်အတိုင်း သုံးမိနစ်မှ ငါးမိနစ်ခန့် အသားထဲစိမ့်ဝင်တဲ့အထိနှိပ်နယ်ပြီး တစ်နေ့ကို နှစ်ကြိမ် လိမ်းပေးရပါမယ်။ နို့သီးခေါင်းပေါ်ကို မလိမ်းရပါဘူး။ မိမိနဲ့သင့်တော်တဲ့ အရွယ်အစားနဲ့ အနေအထားကို ထိန်းသိမ်းဖို့အတွက် တစ်ရက်ခြား တစ်ကြိမ် လိမ်းပေးဖို့လိုအပ်ပါတယ်။ အာနိသင် ပိုမိုထက်မြက်စေဖို့အတွက်တော့ Ladymax လှပျို့ဖြူဆေး၊ Soyamin ပဲပိစပ်ဆေးတွေနဲ့လည်း တွဲဖက်သောက်သုံးနိုင်ပါတယ်။ ■





ယခု နှစ်ပိုင်းအတွင်း မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးနှင့်ပတ်သက်သောဖြစ်စဉ်များ ကြိုးပမ်းမှုကို အရှိန်အဟုန်မြင့် တွေ့နေရသည်။ သို့သော် တစ်ဖက်ကလည်း အရှေ့မြောက်ဒေသတစ်ခွင် ယမ်းနံ့များ ဝေနေဆဲ။ တိုက်ပွဲခေါ်သံများ ကြားနေဆဲဖြစ်သည်။

စစ်နှင့်ပတ်သက်၍ ကျွန်တော့်အမြင်ပြောရလျှင် ရေစစ်သောက်သည်ကလွဲ၍ မည်သည့်စစ်မှ အကျိုးမပေးပါ။ ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးမှဖြစ်နေကြသောစစ်ပွဲများမှာ ဘာသာရေး၊ လူမျိုးရေးဝါဒစွဲနှင့်သယံဇာတ စစ်ပွဲများဖြစ်ကြသည်။

**(၁) ကမ္ဘာကြီးနဲ့စစ်**

ယခုလက်ရှိစစ်ပွဲများတွင် ကြောက်ဖို့အကောင်းဆုံး အရက်စက်ဆုံးမှာ ယခုအရှေ့အလယ်ပိုင်းဒေသ ဆီးရီးယားနှင့် အီရတ်ဒေသတို့တွင်တိုက်နေသော IS အစ္စလာမ္မစ် အစွန်းရောက်အကြမ်းဖက်သမားများဖြစ်ကြပြီး အစ္စလာမ်ဘာသာဝင်ချင်းသာမက အခြားသောဘာသာဝင်များလည်း စစ်ပွဲနှင့်မဆိုင်ဘဲ သိန်းနဲ့ချီ ရက်ရက်စက်စက် အသတ်ခံနေရသည်။ထို မီးပွားသည် ယခုလက်ရှိ ဖိလစ်ပိုင်သို့ကူးစက်နေပြီး အာရှနိုင်ငံများလည်း ပူပန်နေရသည့်အနေအထား ဖြစ်လာသည်။

**(၂) ပြည်တွင်းစစ်အစ**

ကျွန်တော်တို့ မြန်မာပြည်သည် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ သမိုင်းကြောင်းတစ်လျှောက် ပြည်တွင်းစစ်ဒဏ်ကို အတော်ခံရသည်။ လွတ်လပ်ရေးရခါစမှစ၍ ရောင်စုံသူပုန်တို့နှင့် စစ်ပွဲများသည် ယနေ့ကာလအထိ အတောမသတ်နိုင်ခဲ့။ လူမျိုးရေး ဝါဒရေး အာဃာတနှင့် သယံဇာတဟူသော အကြောင်းပြချက်များဖြင့် တိုက်ကြသည်။ ၁၉၈၈ မတိုင်ခင်အထိ အုပ်ချုပ်ခဲ့သော မဆလအစိုးရသည် ၁၉၆၂ မှစ၍ တာဝန်ယူကတည်းက အရှေ့မြောက်ဖျားနှင့် မြန်မာပြည်တောင်ပိုင်းတစ်လျှောက် စစ်ပွဲကြီးငယ်ပေါင်းများစွာ တိုက်ခဲ့ရသည်။

၁၉၆၄ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးဖို့ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ကွန်မြူနစ်တို့ရန်ကာကွယ်ဖို့အတွက် အရှေ့မြောက်ဒေသတွင် အရပ်ဘက်ကာကွယ်ရေးတပ်များဖွဲ့ကာ ပြည်သူ့စစ်အသွင်ထားရှိသော်လည်း သောင်းကျန်းသူနှိမ်နင်းရေးတွင် မအောင်မြင်။ ပိုဆိုးသည်က တိုင်းရင်းသားလက်နက်ကိုင်တပ်များ ထပ်မံတိုးပွားလာပြီးနောင်ဖြစ်မည့် ပြည်တွင်းစစ်မီးပွားများ တိုးလာတော့သည်။

၁၉၈၀ လွန်နှစ်များတွင် မိုင်းယန်းတိုက်ပွဲ၊ စီစီဝမ်တာပန်တိုက်ပွဲများကြောင့် အရှေ့မြောက်ရှိ ဗမာပြည်ကွန်မြူနစ်ပါတီသည် အင်အားနည်းကာ ချည့်နဲ့သွားသည်။ နောက်ပိုင်းတွင် ပါတီဝင်လက်နက်ကိုင်တပ်များ၏ ပုန်ကန်မှု၊ အမိန့်မနာခံမှုတို့ကြောင့် လုံးဝပြိုကွဲသွားခဲ့သည်။ ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်များလည်း ထိုစဉ်က စစ်အစိုးရနဲ့ နားလည်မှု ယူခဲ့ကြသည်။ အပြည့်အဝ ငြိမ်းချမ်းရေးယူခဲ့ကြသည်ထက် နားလည်မှုတစ်စိတ်တစ်ပိုင်းနှင့် စစ်မတိုက်စတမ်း ယူခဲ့ကြသည့်ငြိမ်းချမ်းရေးဖြစ်ခဲ့သည်။ သို့သော် အပြီးသတ်သဘောတူချက် မရခဲ့။

**(၃) အားယူကြသည့်ကာလ**

ထိုကာလများအတွင်း ငြိမ်းချမ်းခဲ့သည်ကတော့ အမှန်။ KNU အဖွဲ့နဲ့ကတော့ တောင်ပိုင်းမှာ ပစ်ခတ်မှုတွေကတော့ရှိသည်။ ၂၀၁၀ နှစ်ကုန်ပိုင်းမှစ၍ ဦးသိန်းစိန် အရပ်သားအစိုးရတက်လာတော့ မြစ်ဆုံကိုအကြောင်းပြုကာ KIA/KIO ကချင်လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်တို့ကြားပဋိပက္ခအသွင်ဆောင်လာသည်။ နောက်ပိုင်းတော့ အရှေ့မြောက်တစ်ခွင် တိုက်ပွဲကြီးများပေါ်လာပြီး အသစ်အဖွဲ့များ TNLA ၊ AA စသည်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်များ ထပ်မံတိုးလာသည်။

ထို့နောက်မှာတော့ သိရသည်မှာ တိုင်းရင်းသားအဖွဲ့များသည် ငြိမ်းချမ်းရေးယူထားသည့် ကာလအတွင်း အင်အားကြီးမားလာပြီး စစ်လက်နက်အင်အားများစွာ ဖြည့်တင်းထားနိုင်ကြသည်။ တပ်မတော်ဘက်ကလည်း ဆယ်စုနှစ် ၂ စုစာအတွင်း စစ်လက်နက်စွမ်းအင်ကြီးမားစွာ ပြောင်းလဲလာသည်။ ငြိမ်းချမ်းရေးယူထားသည့်ကာလများတွင် အင်အားဖြည့်တင်းထားကြသည်မှာ ထင်ရှားသည်။

**(၄) ပဟေဠိ**

အရှေ့မြောက်ဘက်တွင် အင်အားအကြီးဆုံးတိုင်းရင်းသားလက်နက်ကိုင်ဆိုလျှင် ‘ဝ’တပ်မတော်(UWSA)သာရှိသည်။ ‘ဝ’ဒေသ၏ ထူးခြားချက် အတွင်းပိုင်း ဂဃနဏမသိကြခြင်းကြောင့်လည်း ပဟေဠိဆန်နေခြင်းဖြစ်သည်။ မကြာသေးမီကဖြစ်ပွားသည့် မိုင်းလားဒေသနှင့်ပတ်သက်သည့် နယ်မြေပြဿနာသည်လည်း UWSA ၏ အင်အားကိုပြသနေသလိုပင်။ ရှုပ်ထွေးပွေလီနေသော အရှေ့မြောက်ဒေသ၏ အဓိကချုပ်ကိုင်ထားသူလို့လည်း ဆိုနိုင်သည်။ ပြီးခဲ့သော လောက်ကိုင်ဒေသစစ်ပွဲနှင့် မုန်းကိုးစစ်ပွဲတို့တွင် KIA၊ TNLA၊ AA နဲ့ ဖုန်ကြားရှင်တို့ဘက်မှ တရားဝင်ကြေညာတိုက်ခိုက်ခဲ့ကြသည်။ သို့သော် အရှေ့မြောက်ဒေသရှိ အင်အားအကြီးဆုံးလက်နက်ကိုင် UWSA ‘ဝ’ တပ်သည် စစ်ပွဲများထဲတွင် မပါဝင်ဘဲ ငြိမ်းချမ်းရေးကိုထိန်းထားခြင်း၊ ၂၀၀၁ ခုနှစ် ထိုင်း SSA၊ SURA တို့နှင့်ဖြစ်သောစစ်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့ခြင်းတို့ကြောင့် ပဟေဠိဆန်သော လက်နက်ကိုင်အဖွဲ့ ခန့်မှန်းရခက်သောအဖွဲ့လည်းဖြစ်ပေသည်။ အိမ်နီးချင်း တရုတ်နိုင်ငံ၏ အနေအထားကလည်း ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် စောင့်ကြည့်နေရသည့်အနေအထား ဖြစ်နေပေသည်။

**(၅) ပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲများ**

တိုးတက်လာသောခေတ်ကာလအရ နှစ်ဖက်စလုံး ခေတ်မီလက်နက်များသုံးစွဲကြသည်။ တပ်မတော်ဘက်က လေကြောင်းချီတပ်မများ၊ သံချပ်ကာယာဉ်များ၊ ဟာဝဇ်ဇာအမြောက်ကြီးများ၊ လေယာဉ်ပစ်ကူရဟတ် ယာဉ်အကူများနဲ့ တိုက်ခိုက်လာသည်။ အရာရှိစစ်သည်ကျဆုံးမှုနည်းနိုင်သမျှနည်းအောင် ကြိုးစားလာသည်။ လက်နက်ကိုင်သောင်းကျန်းသူတို့ဘက်ကလည်း လေယာဉ်ပစ်မစ်ဆိုင်း (SAM) များပါ ပြီးခဲ့သော မုန်းကိုးစစ်ပွဲတွင် သုံးလာခြင်း၊ လက်နက်ကြီးပစ်ကူများ သုံးလာခြင်းနှင့် ပြီးခဲ့သောမုန်းကိုးနှင့် မူဆယ်တိုက်ပွဲစဉ်တွင် ပြောက်ကျားနည်းဗျူဟာများ ကျင့်သုံးလာပြီး အရှေ့မြောက်တစ်ခွင် တိုက်ကွက်ဖော်လာကြသည်ကို တွေ့ရသည်။

**(၆) မပြောင်းလဲသောအမှန်တရား**

မည်သို့ပင် စစ်ပွဲတွေ ဗျူဟာတွေပဲပြောင်းပြောင်း၊ လက်နက်တွေပဲ ပြောင်းပြောင်း မပြောင်းသည်က စစ်ဘေးရှောင်ဒုက္ခသည်များ။ ဌာနေတိုင်းရင်းသားတို့သည် သေနတ်ပါလျှင် ဘယ်အဖွဲ့အစည်းကဖြစ်ဖြစ် ကြောက်နေရသည်။ ဆပ်ကြေးတောင်းလျှင် ပေးရသည်။ ပေါ်တာလိုလျှင် ထမ်းရပြန်သည်။ သေနတ်သံကြား လက်နက်ကြီးပစ်သံကြားလျှင် တွေ့ရာအထုပ်ဆွဲ တောထဲပြေးပေရော့။ တိုက်ပွဲရှည်ကြာလေ အလုပ်ပျက်အကိုင်ပျက်။ စားရသောက်ရ ဒုက္ခတွေများ။ ဒီကြားထဲ မိုင်းနင်းမိလျှင် ဒုက္ခိတဖြစ်ဦးမည်။ လက်နက်မှန်လျှင် သေကျေဒဏ်ရာရဦးမည်။ ဒုက္ခသည်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုနတ္ထိ။ ကလေးငယ်များ ပညာသင်ကြားနိုင်မှုမရှိ၊ အနာဂတ်ဘဝမရေရာ အချို့သော အဘိုးအိုအရွယ်တို့ဆိုလျှင် သူတို့တစ်သက် ပြေးလွှားနေရသည်နှင့် ပြီးနေတော့သည်။ အချို့သောဒေသများတွင် ဒေသခံတို့သည် မိမိတို့၏သားသမီးများ ဘဝရပ်တည်ရေးအတွက် ပြည်မရှိ ဘုန်းကြီးကျောင်းများ၊ သီလရှင်တိုက်များ၊ ပရဟိတဂေဟာများသို့ ပို့ထားရသည်။

နှစ်ပေါင်းများစွာ မီးကုန်ယမ်းကုန် တိုက်လာသည်မှာ တဖြည်းဖြည်းနှင့် ဆယ်စုနှစ်ခုနှစ်စု ပြည့်ပါတော့မည်။ ပြည်ထောင်စုသားချင်း တိုင်းရင်းညီအစ်ကိုအချင်းချင်း တစ်အိမ်တည်းနေသူများ တိုက်ကြသည့်အတွက် မိမိပိုင်အိမ်သာ နစ်နာပြီး ဘေးအိမ်နီးနားချင်းနိုင်ငံများ၏ အမြတ်ထုတ်မှုကိုခံနေရသည်။ မြန်မာပြည်ရှိ ကျွန်းသစ်၊ ကျောက်စိမ်း၊ ရွှေ၊ ဓာတ်သတ္တုမှအစ အိမ်နီးချင်းနိုင်ငံများမှ အမြတ်ထုတ်ယူနိုင်ကြသည်။ သယံဇာတကြွယ်ဝသောကြောင့်လည်း သယံဇာတစစ်ပွဲများဟုလည်း ပြောနိုင်ပါသည်။

**တိုင်းပြည်၏ မတူညီကွဲပြားသော အခက်အခဲ အကျပ်အတည်းများကို စားပွဲဝိုင်းတွင် နိုင်ငံရေးနည်းအရ ဖြေရှင်းနိုင်မှသာ စစ်ပွဲများ ချုပ်ငြိမ်းမည်ဟု ယုံကြည်ပါသည်။ တစ်ခုတော့ရှိသည်။ စားပွဲဝိုင်းကိုတော့ အာဃာတ တရားများ သယ်မလာဖို့တော့ လိုပါသည်။**

သို့သော် ပြည်သူလူထုအများစုမှာတော့ အကျိုးအမြတ်ကို မခံစားရ။ ဒါ့အပြင် သယံဇာတတူးဖော်မှု၊ ကျွန်းသစ်ခုတ်ယူမှုများမှ ပေးခဲ့သည့် သဘာဝဘေးအန္တရာယ်များကို ပြည်သူတို့ ခါးချည့်အောင် ခံစားနေရပါတော့သည်။

တိုးတက်သော မည်သည့်နိုင်ငံတွင်မဆို ပြည်တွင်းစစ် မဖြစ်ကြပါ။ နိုင်ငံတည်ငြိမ်အေးချမ်းမှသာ အခြားသော စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတွင် အာရုံစိုက်နိုင်ပေမည်။ ထို့အပြင် ပြည်တွင်းစစ်သည် နိုင်ငံမှ အရွယ်ကောင်းလူငယ်လူရွယ်များ ပညာရေးသင်ကြားမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပါ ထိခိုက်စေသည့်အတွက် သေချာစဉ်းစားလျှင် တိုင်းပြည်သည် အထူးနစ်နာပါသည်။

**(၇) အဖြေတစ်ခု ရှိရမည်**

လွတ်လပ်ရေးရပြီးချိန်မှစ၍ နှစ် ၆၀ ကျော် မီးကုန်ယမ်းကုန် စစ်တိုက်ကြသော်လည်း ပြည်တွင်းစစ်မှာ မပြီးပြတ်နိုင်သေးပါ။ ထို့ကြောင့် လက်နက်ကိုင်လမ်းစဉ်သည် မှန်ကန်သောအဖြေမဟုတ်ဟု နားလည်ကြဖို့ အရေးကြီးပါသည်။ တိုင်းပြည်၏ မတူညီကွဲပြားသော အခက်အခဲ အကျပ်အတည်းများကို စားပွဲဝိုင်းတွင် နိုင်ငံရေးနည်းအရ ဖြေရှင်းနိုင်မှသာ စစ်ပွဲများ ချုပ်ငြိမ်းမည်ဟု ယုံကြည်ပါသည်။ တစ်ခုတော့ရှိသည်။ စားပွဲဝိုင်းကိုတော့ အာဃာတ တရားများ သယ်မလာဖို့တော့ လိုပါသည်။

ယခုအခါ ပင်လုံညီလာခံ ဒုတိယပိုင်း ကျင်းပနေဆဲဖြစ်ပါသည်။ ပထမကျင်းပစဉ်က တိုင်းရင်းသားအဖွဲ့အချို့ ထွက်ခွာသွားသည်ကိုမြင်တော့ စိတ်မကောင်းပါ။ ယခုအစည်းအဝေးတွင် စုံစုံညီညီတက်ရောက်ကြပြီး ဆွေးနွေးကြသည်မှာ အားရစရာလည်းကောင်းသည်။ သို့သော် အချို့သော ထိလွယ်ရှလွယ်စကားလုံးများအတွက် အချေအတင်ဖြစ်ကြသည်ကိုတော့ ကသိကအောက်ဖြစ်မိပါသည်။

အရှေ့ဘက်ပြဿနာသာမက အနောက်တံခါးဝပြဿနာလည်းရှိနေပါသေးသည်။ ခိုးဝင်ဘင်္ဂါလီများပြဿနာအတွက် တိကျသောအဖြေရှာကြဖို့လည်း လိုပါသည်။ ထို့ကြောင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးသည် အနောက်တံခါးဝပြဿနာ ဖြေရှင်းရန်အတွက် ပဏာမ ရှင်းဖို့လိုပါသည်။

ယခုအခါ နိုင်ငံ၏တောင်တန်းများကို ကြည့်ပါ။ သစ်တောတွေကုန်ပါပြီ။ တွင်းထွက်ဒေသများကိုကြည့်ပါ။ ချိုင့်ကြီးတွေသာကျန်ပါတော့သည်။ နယ်စပ်ဒေသကိုကြည့်ပါ။ အရှေ့ဘက်မှာ မီးခိုးတွေအူ ယမ်းငွေ့တွေ ပျံ့လွင့်နေတုန်း။ အနောက်ဘက်တံခါးမမှာတော့ သန်းနဲ့ချီတဲ့ဒုက္ခသည် လူမျိုးရေးပြဿနာက စောင့်နေပါသည်။

ထို့ကြောင့် ပြည်တွင်းစစ်ချုပ်ငြိမ်း၍ မြက်ခင်းများစိမ်းကာ တောင်တန်းများသာသောနေ့ကို စောင့်စားရင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို မျှော်လင့်လျက်။ ။

**ကိုရင်ကောင်း**

The VOICE Daily

CARTOON



**တက္ကသိုလ်** ဝင်တန်းဖြေဆိုမည့်သူ ၁၀ ယောက် ရပ်နေလျှင် ၇ ယောက် စာမေးပွဲ ကျရှုံးပါမည်။ ဇွန်လ ၁၇ ရက်နေ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာပြီးသည့်နောက် ထူးချွန်စွာအောင်မြင်ကြသူများအား ချီးမွမ်းထောမနာသံတို့ ဝေစည်နေသလောက် ကျရှုံး မအောင်မြင်သူများ ညှိုးငယ်တိတ်ဆိတ်စွာ သိမ်ငယ်နေကြရပြီ။ ကျရှုံးသူဦးရေကို ကိန်းဂဏန်းဖြင့် တိကျစွာဖော်ပြရသော် ၄၇၃,၄၅၂ ဦးဖြစ်ကာ ၆၆ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်သည်။ ၂၀၁၃ မှ စတင်၍ ကောက်ယူထားသော ကိန်းဂဏန်းများအရ နှစ်စဉ်ဖြေဆိုသူ ကျောင်းသားများ၏ သုံးပုံနှစ်ပုံခန့်သည် အဆင့်မြင့်ပညာရေး၏ ငြင်းပယ်ခံရသူများ ဖြစ်နေကြရသည်။

စာမေးပွဲကျရှုံးသွားသူသည် (၁) အချိန်ဆုံးရှုံးခြင်း (၂) ပညာရေးအသုံးစရိတ်များ ဆုံးရှုံးခြင်း (၃) မိမိတို့၏ ရှိနေပြီးသားခလေ့အရ မျက်နှာငယ်ရကာ သိက္ခာဆုံးရှုံးခြင်းတို့ကြုံတွေ့ကြရကာ မြွေပါလည်းဆုံး သားလည်းဆုံး ဖြစ်ကြရသည်။ မိုးလေဝသအခေါ်အဝေါ်အရ ရွာရန်ရာနှုန်း ၇၀ ရာခိုင်နှုန်းဆိုလျှင် မိုးရွာနိုင်ခြေ အလွန်ရှိသည့်သဘောဖြစ်သော်လည်း မိမိတို့သားသမီးသည် ကျရှုံးမှုအန္တရာယ်ဇုန်နှင့် ၇၀ ရာခိုင်နှုန်းမျှ နီးကပ်နေခြင်းကိုကား မိဘများအနေနှင့် အနီးမှန်လေ့ရှိသည်။ မိဘများ အနီးမှန်သလောက် ထူးချွန်ကျောင်းသားမွေးထုတ်ကျောင်းအချို့၏ အဏုကြည့်မှန်ဘီလူးကား ရှင်းလင်းပြတ်သားလှသည်။ ဝင်ခွင့်စာမေးပွဲဆန်ခါဖြင့် စစ်ချ၍ စာမေးပွဲအောင်မြင်နိုင်ရန် ရာနှုန်းပြည့်သေချာသော ကျောင်းသားများကို လက်ရွေးစင် ရွေးချယ်နိုင်ခွင့်ရှိကြသည်။ အချို့ကျောင်းများဆိုလျှင် နှစ်ကျတန်း (Repeater) များကို မသင်ကြားပါ။ ထို့ထက်ထူးခြားသော ကျောင်းတစ်ကျောင်းအား စာရေးသူကြုံတွေ့ရသည်မှာ မိမိကျောင်းမှ ကိုးတန်းအောင်မြင်ပြီးသော ကျောင်းသားအား မိမိကျောင်းတွင်ပင် တက္ကသိုလ်ဝင်တန်း တက်ရောက်ရန် ဝင်ခွင့်ပြန်လည်ဖြေဆိုခိုင်းကာ ဝင်ခွင့်အောင်မြင်ခြင်း မရှိပါက လက်ခံသင်ကြားခြင်းမပြုဘဲ ငြင်းပယ်လိုက်ခြင်းပင် ဖြစ်သည်။ ၎င်းကျောင်းသားသည် Fresher (နှစ်တက်တန်း) ကျောင်းသားဖြစ်ပါလျက် နောက်ထပ်ကျောင်းရှာဖွေရ၍ ကသီလင်တနိုင်တော့သည်။

> **ထို့ပြင် ထူးချွန်မွေးထုတ်ကျောင်းများ၏ အောင်စာရင်းကြော်ငြာတင်ပြပုံ သွယ်ဝိုက်မှုသဘောအရ ထိုကျောင်းများ၌ ( ၆ ဘာသာ ဂုဏ်ထူးထွက်စေသည့် (သို့) စာမေးပွဲ အောင်မြင်စေသည့် နတ်ရေကန်ရှိသည့်အလား မိဘများစိတ်ထဲတွင် ထင်မှတ်နေကြသည်။ မိမိသားသမီးအားလည်း ထိုနတ်ရေကန် အတွင်း ခုန်ဆင်းခွင့်ရလိုကြသည်။**

နိုင်ငံတော်၏ ပညာရေးဝန်ကြီးဌာနမှ အရေးကြီးစာရွက်စာတမ်းအမှတ်အသားဖြစ်သော ကိုးတန်းအောင်လက်မှတ် သို့မဟုတ် ကိုးတန်းအောင်မြင်ပြီးကြောင်း TC ကိုင်ဆောင်ထားသူသည် နိုင်ငံတော် ပညာရေးဥပဒေ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော မည်သည့်ကျောင်းတွင်မဆို ကျောင်းအပ်ပိုင်ခွင့် အခွင့်အရေး အပြီးတိုင်ရရှိခြင်းမရှိဘဲ ဆုံးရှုံးရသည့်သဘော ဖြစ်နေသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တန်းတူညီမျှမှု အခွင့်အရေးမရရှိဘဲ ခွဲခြားဆက်ဆံခံရသလောဟု အတွေးနယ်ချဲ့နေမိသည်။ မည်သို့ပင်ဆိုစေ ထူးချွန်ကျောင်းသားများ မွေးထုတ်နေခြင်းကိုကား ကြိုဆိုရမည်သာ ဖြစ်သည်။

**ပညာရေး လောင်းကြေးငွေ**

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်ကျောင်းသားအတွက် မိဘများက ငွေကြေးဖြင့် လောင်းကြေးထပ်ရသကဲ့သို့ ကျောင်းသားကား မိမိသက်တမ်း၏ တစ်နှစ်တာကာလအချိန်(မိမိအသက်၏ ၆၀ ပုံ ၁ ပုံ) ကို လောင်းကြေးထပ်ကြရသည်။ သို့ဆိုလျှင် တက္ကသိုလ်ဝင်တန်းနှင့်ပတ်သက်သော ပညာရေး ပေါက်ဈေး မည်မျှရှိသနည်း။ အနည်းငယ် ဆန်းစစ်ကြည့်ပါမည်။ အိမ်ရှယ်ဝိုင်းဟုခေါ်သော ဝိုင်းကျူရှင်၏ပေါက်ဈေးမှာ တီးတိုးပညာရေးဈေးကွက် အခေါ်အဝေါ်အရ ၁ ချိန် ၂ သောင်းခွဲခန့်မှ စရှိသည်။ ဆိုလိုသည်က သီတင်းတစ်ပတ်ကို ၃ ရက်သင်ရလျှင် ၃ ချိန်ဟုခေါ်၍ ၄ ရက်သင်ရလျှင် ၄ ချိန်ဟုခေါ်သည်။ ထို ၄ ချိန်ဟူသော အခေါ်အဝေါ်သည် တစ်လလျှင် သီတင်း ၄ ပတ်စာ သင်ပေးမည်ဟူသောအဓိပ္ပာယ်ဖြစ်



သည်။ ထို့ကြောင့် ၄ ချိန်ယူသူသည် တစ်လ ဝိုင်းကျူရှင်ခ ဆရာတစ်ဦးလျှင် တစ်သိန်း ကုန်ကျမည်ဖြစ်သည်။ ဂိုက်ပါထည့်တွက်လျှင် ၇ ဦးဖြစ်သည်။ (အချို့ဆိုလျှင် ဆရာ ၁၀ ဦးထိ ခေါ်သင်ကြသည်)။

ထို့ကြောင့် တစ်ဦးချင်း One By One အိမ်ခေါ်သင်သူတစ်ယောက်၏ ကုန်ကျစရိတ် သည် သိန်း ၇၀ မှ သိန်း ၁၀၀ အထိ ကုန်ကျစရိတ်ရှိသည်။ ခွေးဘီလူးကား တစ်စီး သို့မဟုတ် နစ်ဆန်း (နွားလေး) ကားတစ်စီးစာ ပမာဏ ဖြစ်သည်။ ဤမျှ ဖိဖိစီးစီး သင်ကြားပေးသော်လည်း ကံမကောင်းအကြောင်းမလှစွာ One By One ခေါ်သင်သည့် ကျောင်းသားအချို့ စာမေးပွဲကျရှုံးသည့်အခါ မိဘများကား ကုန်ကျစရိတ်ကို မြင်မိ သတိထားမိသွားသည်။ ဤသို့ ကျရှုံးမည်ကို စာသင်နှစ်အစကတည်းက သင်ကြားနေသည့်ဆရာများ ရိပ်စားမိ၍ ပွင့်လင်းစွာ မိဘများကို အသိပေးတိုင်ပင်ခဲ့ပါက မိမိသားသမီးကို ဤမျှငွေကုန်ကြေးကျမခံဘဲ ပထမနှစ်ကျောင်းစာ အတွေ့အကြုံရရုံသာ သင်ကြားမည်ဟု One By One သင်ကြားကာ ကျရှုံးခဲ့သူ၏ မိဘတစ်ဦးမှ နောင်တရစွာ ညည်းတွားသည်။

ဆက်လက်၍ ယခုနှစ်ကျရှုံးခဲ့သော ကျောင်းသားပေါင်း ၄၇၃,၄၅၂ ဦး၏ သဲထဲရေသွန် ဖြစ်သွားသော ပညာရေးကုန်ကျစရိတ်ကို တွက်ထုတ်ကြည့်မည်။ မြို့ပြကိုယ်ပိုင်ကျောင်းများသည် ကျောင်းသားတစ်ဦးလျှင် စရိတ်ငြိမ်း တစ်နှစ်စာ သိန်း ၄၀ ခန့်ရှိ၍ နယ်မြို့များဆိုလျှင် စရိတ်ငြိမ်း တစ်နှစ်စာ သိန်း ၂၀ ခန့်ရှိသည်။ ထို့ကြောင့် ကျရှုံးသူတစ်ဦး၏ ပညာရေးအသုံးစရိတ်ကို အနည်းဆုံး တစ်လလျှင် ၄ သောင်းဖြင့် တွက်ချက်လျှင် ၄ သောင်း × ၁၀ လ × ၄၇၃,၄၅၂ဦး = ၁,၈၉၃,၈၀၈ သိန်း (၁၈၉ ကျပ်ဘီလီယံ) ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်းတစ်တန်းစာ၏ မိဘများဘက်က ကုန်ကျခဲ့သည့် ပညာရေးအဟောသိကံစရိတ်သည် ၁၈၉ ကျပ်ဘီလီယံ ဖြစ်သည်။ ထိုပမာဏသည် တိုင်းဒေသကြီးတစ်ခုကို ဘတ်ဂျက်ချထားပေးနိုင်လောက်သော ပမာဏဖြစ်သည်။ တစ်ဖန် ရိုးရိုးအောင်မြင်သူ ၁၄၃,၈၅၈ ဦးအား တစ်လ ၁ သိန်းခန့် စရိတ်ထားတွက်ချက်ကြည့်ရသော် ၁ သိန်း × ၁၀ လ × ၁၄၃,၈၅၈ ဦး = ၁,၄၃၈,၅၈၀ သိန်း (၁၄၃ ကျပ်ဘီလီယံ)။ ဆက်လက်၍ ဂုဏ်ထူးရရှိသူ ၉၈,၈၇၈ ဦးအား အနည်းဆုံး တစ်လ ၂ သိန်းဖြင့် တွက်ချက်သော် ၂ သိန်း × ၁၀ လ × ၉၈,၈၇၈ ဦး= ၁,၉၇၇,၅၆၉ (၁၉၇ ကျပ်ဘီလီယံ)။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်း ဖြေဆိုသူ ၇၁၆,၁၈၈ ဦး၏ ပညာရေးကုန်ကျစရိတ်သည် စုစုပေါင်းသည် ကျပ်ဘီလီယံ( ၅၂၉) ရှိသည်။ ထူးချွန်စွာ အောင်မြင်သူတစ်ဦး၏မိဘကား မိမိသားသမီး ထူးချွန်စွာ အောင်မြင်သောကြောင့် သုံးစွဲခဲ့ရသည် ကုန်ကျမှုအား စရိတ်ဟုမမြင် ရင်းနှီးမြှုပ်နှံမှုဟုသာ မြင်သည်ဟုဆိုလာသည်။ သို့ဆိုလျှင် နိုင်ငံတော်အနေနှင့်ရော မည်သို့သဘောထားပါသနည်း။

**ပညာရေးဘဏ္ဍာငွေ**

နိုင်ငံတော်အစိုးရက အခမဲ့ မူလတန်း ပညာရေးအစီအစဉ်ကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အစပြုခဲ့ပြီး၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အခမဲ့ အလယ်တန်းပညာရေးကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အခမဲ့ အထက်တန်းပညာရေးကိုလည်းကောင်း ဆက်တိုက်ဆောင်ရွက်ခဲ့သည်။ ပညာရေးဘဏ္ဍာငွေ၏ အဓိပ္ပာယ်ဖွင့်ဆိုပုံမှာ လက်ရှိအနေအထားတွင် (၁) နိုင်ငံတော်ဘဏ္ဍာငွေ၊ (၂) အိမ်ထောင်စုများအသုံးစရိတ်နှင့် (၃) ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ အထောက်အပံ့တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ပညာရေးအသုံးစရိတ်၏ ၆၃ ရာခိုင်နှုန်းကို အိမ်ထောင်စုများဘက်မှ ကျခံကြရပြီး ၃၁ ရာခိုင်နှုန်းကို နိုင်ငံတော်ဘက်မှ ပံ့ပိုးပေးခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပညာရေးအသုံးစရိတ်၏ ၆၆ ရာခိုင်နှုန်းကို နိုင်ငံတော်ဘက်မှ ပိုမိုကျခံပြီး ၃၀ ရာခိုင်နှုန်းကိုအိမ်ထောင်စုများဘက်က ကျခံသည်အထိ ပြောင်းလဲသွားပါသည်။ သို့ဆိုလျှင် ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်မှ ကျခံလေလေ အိမ်ထောင်စုများက ကျခံရသည့် စရိတ်သက်သာလေလေဟု မှတ်ယူရပေမည်။ ထို့ပြင် ပညာရေးဆိုင်ရာ အိမ်ထောင်စုအသုံးစရိတ် အချိုးအစားမှာ ပြင်ပကျူရှင်စရိတ် ကုန်ကျမှုသည် ၄၁ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟု သုတေသန ပြုထားသည်။ စာရေးသူတွက်ချက်ပုံအရ နိုင်ငံတော်အသုံးစရိတ် တိုးမြှင့်လျှင် အိမ်ထောင်စုအသုံးစရိတ်မှ လျော့ကျသည်ဆိုသော်လည်း ထိုတက္ကသိုလ်ဝင်တန်း ကုန်ကျစရိတ်တွင် အိမ်ထောင်စုများဘက်က ကျခံရသည့်စရိတ် ကျပ်ဘီလီယံ ၅၀၀ ကျော်သည် (အခွန်ဆောင်သည့်ငွေကဲ့သို့ ) ကျောင်းသားမိဘအိတ်ကပ်မှ နိုင်ငံတော်ဘဏ္ဍာစာရင်းခေါင်းစဉ်သို့ မြိုးမြိုးမြက်မြက် ချိတ်ဆက်ရောက်ရှိသွားသည့် ဆက်သွယ်မှုရှိခြင်းမျိုး မဟုတ်ဘဲ ကျောင်းသားမိဘအိတ်ကပ်မှ ကျူရှင်စရိတ်ခေါင်းစဉ်သို့ စီးဆင်းသွားခြင်း ဖြစ်သည်။ မည်သို့ဆိုစေ စာရေးသူအနေနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင် လျင်မြန်ချောမွေ့စွာ ပေါက်မြောက်အောင်မြင်စေရန် မျှော်လင့်မိသည်။ ထိုကျပ်ဘီလီယံ ၅၀၀ ကျော်ကို ရရှိခံစားနေသော ပညာရေးမိတ်ဖက်အကျိုးရှင်များ ( Stakeholder) များအနေနှင့် ရှုဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ အနေအထားဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပါ ဗျူဟာမြောက်အပြောင်းအလဲ ၉ ရပ်အား ဝိုင်းဝန်းဖော်ဆောင်ပါက သားရွှေအိုးထမ်းမည့်ကိန်းပင်ဖြစ်သည်။

**Repeater တို့ ကျောင်းအပ်ချိန်**

နှစ်ကျတန်း Repeater တို့ကျောင်းအပ်ဖို့ပြင်ဆင်ချိန်သည် နှစ်တက်တန်း Fresher တို့ ကျောင်းအပ်ရသည်လောက် မလွယ်ကူတော့ချေ။ မိဘများအနေနှင့်ကော ကျောင်းသားများအနေနှင့်ပါ တစ်စုံတစ်ခု ပြစ်မှုကျူးလွန်ထားမိသကဲ့သို့ Repeater ကျောင်းသားများအား ဝမ်းသာအားရ ကြိုဆိုနေသည့် ကမ်းလက်များ မရှိသလောက်ပင်ဖြစ်သည်။ (နှစ်တက်တန်း Fresher များသည်ပင်လျှင် ထူးချွန်နိုင်ခြေ မရှိသော ကျောင်းသားများကို ဝင်ခွင့်စာမေးပွဲဆန်ခါဖြင့် ခွဲခြားဆက်ဆံခံရသည်)။ ယခုနှစ် နယ်မြို့တစ်မြို့၏ ၆ ဘာသာဂုဏ်ထူးအများဆုံးမွေးထုတ်ပေးသောကျောင်းတွင် သင်ကြားနေသော ဆရာတစ်ဦးအား Repeater လက်ခံသင်ကြားပေးမှုနှင့်ပတ်သက်၍ သဘောထားအမြင် တောင်းခံကြည့်ရာတွင် ထိုဆရာသင်ကြားသည့်ကျောင်းသည် ကျောင်းသားကို ဝင်ခွင့်ဖြေဆိုရန်မလိုဘဲ သင်ကြားပေးသည်ဟုဆိုသည်။ သို့သော် ထူးချွန်ကျောင်းသားနှင့် အောင်မှတ်ရရုံကျောင်းသား ကွာခြားပုံအား မြေဆီသြဇာကောင်းသောမြေပေါ်တွင် စိုက်ပျိုးသောအပင်နှင့် မြေဆီသြဇာမကောင်းသည့် ကျောက်ကုန်းမြေတွင်စိုက်ရသော အပင် ကွာခြားသလိုဟု တင်စားဥပမာပေးခဲ့သည်။ ထို့ပြင် ထူးချွန်မွေးထုတ်ကျောင်းများ၏ အောင်စာရင်းကြော်ငြာ တင်ပြပုံ သွယ်ဝိုက်မှုသဘောအရ ထိုကျောင်းများ၌ ( ၆ ဘာသာဂုဏ်ထူးထွက်စေသည့် (သို့) စာမေးပွဲအောင်မြင်စေသည့်) နတ်ရေကန်ရှိသည့်အလား မိဘများစိတ်ထဲတွင် ထင်မှတ်နေကြသည်။ မိမိသားသမီးအားလည်း ထိုနတ်ရေကန်အတွင်း ခုန်ဆင်းခွင့်ရလိုကြသည်။ ထို့အပြင် ထူးချွန်ကျောင်းသားဖြစ်စေ၊ သာမန်ကျောင်းသားဖြစ်စေ ထိုကျောင်းသားတစ်ဦးချင်းစီနှင့် နောက်ကွယ်တွင် ဈေးကွက်သဘောအရ တစ်ရွာလုံး (သို့) တစ်မြို့နယ်လုံး ရှိနေသည်။ ကျောင်းသားတစ်ဦးအောင်မြင်သွားလျှင် ထိုကျောင်းသားနှင့်ဆက်စပ်၍ တစ်ရွာလုံး တစ်မြို့နယ်လုံး၏ ကျောင်းသားဈေးကွက်ကို အုပ်စီးမိသွားသည်။ အခြေခံမပါ အောင်မြင်နိုင်ခြေမရှိသော ကျောင်းသားကို သင်ကြားမိ၍ ကျရှုံးပါက ထိုကျောင်းသားမိဘနှင့်သာ မျက်နှာပျက်ရသည်မဟုတ်ဘဲ ထိုကျောင်းသားနှင့် ဆက်စပ်လျက်ရှိသော တစ်ရွာလုံး တစ်မြို့နယ်လုံးရှိ ကျောင်းသားဈေးကွက်နှင့်ပါ ဖောက်သည်ပျက်သွားရသည်ဟု ရှင်းပြသည်။ ဤသို့ဆိုလျှင် ဈေးကွက်သဘောအရ ဝင်ခွင့်စာမေးပွဲ ဆန်ခါဖြင့် ကျရှုံးနိုင်ခြေရှိသော ကျောင်းသားများကို ငြင်းပယ်ခြင်းသည် အပြစ်မဆိုသာပေ။ အဘယ့်ကြောင့်ဆိုသော် ကျောင်းသား ၁၀၀၀ ခန့် သင်ကြားသော ကျောင်းတစ်ကျောင်း၏ အနိမ့်ဆုံး တစ်နှစ်စာအမြတ်အစွန်းသည် သိန်းခုနစ်ထောင်မှ သိန်းတစ်သောင်းခွဲခန့်ထိ ရှိသောကြောင့်ဖြစ်သည်။

နိဂုံးအားဖြင့် နိုင်ငံတော်မှ အားပေးလျက်ရှိသော သက်ဆိုင်ရာ အခြေခံပညာအတန်းနှင့်လျော်ညီစွာ တက်ရောက်နိုင်သည့် နည်းပညာနှင့် သက်မွေးပညာကျောင်းများ အားကောင်း ဖွံ့ ဖြိုးလာလျှင် ယခုရင်ဆိုင်နေရသော အခက်အခဲများ တစ်စုံတစ်ရာ ဖြေရှင်းနိုင်လိမ့်မည်ဟုသာ မျှော်လင့်လျက်ရှိသည်။

**ဦးနီ**

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော ‘ဘဝဖြောင့်ကြောင်း တစေ့တစောင်း’ တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ ‘ဘဝဖြောင့်ကြောင်း တစေ့တစောင်း’ တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။

အယ်ဒီတာ

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း ( ၁၆၀ )

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်းလို့ အမည်ပေးပြီးတော့ ကိုယ့်ဘဝအကြောင်းလေးတွေ ပြောခဲ့ တာ အပိုင်း ၁၆၀ ရှိသွားပြီပေ့ါလေ။ ဆယ်တန်းမအောင်ခင်အထိ ပြောလာတာ။ ဆယ်တန်းဖြေပြီးခါစ။ ဆယ်တန်းဖြေနေတဲ့အချိန် ဖြေပြီးခါစမှာ ဆယ်တန်းအောင်ရင် ဘာလုပ်မလဲလို့ စိတ်က ပေါ်လာတာပေ့ါလေ။ ဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတော့ ဘာလုပ်ရမလဲ ဒီအရွယ်က။ ဘုန်းဘုန်းတို့မှာ အဖေက အမေက ဂျပန်ခေတ်မှာ ကြီးပြင်းလာတော့ ပညာရေး သူတို့ကိုယ်တိုင် အားနည်းရှာတော့ ဦးဆောင်ပြီးတော့ ဘာလုပ်ပါ ဘာလုပ်ပါလို့ မပြောပေးနိုင်ရှာဘူး။ ဆွေမျိုးသားချင်းတွေထဲကလည်း နည်းတာကိုး။ ဒီဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတဲ့ မေးခွန်းရဲ့ အဖြေက ဘုန်းဘုန်းအတွက်တော့ လွယ်တယ်လို့လည်း ပြောရတယ် ခက်တယ်လို့လည်း ပြောရတယ်။ လွယ်တယ်လို့ ပြောတာက ကိုယ့်အခြေအနေကို ကိုယ်သိတယ်။

ဘုန်းဘုန်းတို့က အဲဒီတုန်းက ဆယ်တန်း ၁၆ နှစ်ဆိုတွက်ကြည့်ပေ့ါ။ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်လောက် ရှိတယ်လေ။ ခုနစ်ယောက်လောက်ရှိတယ်ဟိုး သေးသေးလေးထိ ဆိုတော့ အမေအဖေနဲ့ စီးပွားရေးကလည်း ရုန်းလိုက်ရတာ အလုပ်ကလည်း ကြိုးစားလိုက်ရတာ။ ဘုန်းဘုန်း ပြောခဲ့ဖူးတယ်နဲ့ တူပါတယ်။ ဉာဏ်ကောင်းပါတယ် သင်္ချာတော်ပါတယ်။ အင်္ဂလိပ်စာတော့ အားနည်းတယ်ပေ့ါ။ အဲဒီတုန်းက စနစ်ကိုက ငါးတန်းကျမှ အင်္ဂလိပ်စာ သင်ရတာ။ ဆယ်တန်းအောင်ရင် ဘာလုပ်မလဲ။ ဆယ်တန်းအောင်ရင် ဆရာဝန်ဖြစ်မလားဆိုတော့ ဆရာဝန်တော့ ဒီလောက်စိတ်မပါဘူး။ အင်ဂျင်နီယာတော့ ဖြစ်ချင်တယ်။ အဆောက်အအုံဆောက်တဲ့ အင်ဂျင်နီယာ ဖြစ်ချင်တယ်။ မိဘမျိုးရိုးကိုယ်က ကန်ထရိုက်လုပ်ကြတယ်။ လက်သမား၊ ပန်းရန်တွေလည်း ကိုယ်တိုင်လုပ်တတ်တယ်။ ဆေးသုတ်လည်း ဆေးသုတ်။ အင်ဂျင်နီယာလည်း ဖြစ်ချင်တယ် ကျောင်း ဘယ်လိုတက်ရမလဲဆိုတဲ့ ငွေရေးကြေးရေးကို စဉ်းစား။ ငွေရေးကြေးရေး မတတ်နိုင်ရင် ဘယ်လိုမှ အင်ဂျင်နီယာဖြစ်ဖို့ မလွယ်ဘူး။ အင်ဂျင်နီယာတောင်မှ ဖြတ်ခနဲဆို သိလိုက်တာက ဦးစိုးလို့ခေါ်တဲ့ အမေ့မောင် ကျေးဇူးပေ့ါလေ။ ဂျီတီအိုင်ဆိုတာရှိတယ်၊ အာအိုင်တီဆိုတာရှိတယ်။ အာအိုင်တီဆိုတာ အဲ့ဒီတုန်းက ရန်ကုန်မှာ လာတက်ရမှာ။ ဘယ်လိုမှကို ငွေရေးကြေးရေး သွားရေးလာရေး ကိုယ်သွားရင် အာအိုင်တီတက်ရင် ကုန်မယ့်စရိတ် ကိုယ်မတတ်နိုင်ဘူး။ ကိုယ် အိမ်ကနေထွက်သွားရင် ကိုယ့်ရဲ့လုပ်အား ကိုယ်တစ်ယောက် ရှိတဲ့အတွက် အိမ်မှာလည်းပဲ အကျိုးများနေတာတွေဟာ လျော့သွားနိုင်တယ်။ အဲဒီမှာတင် စဉ်းစားတယ်။ မန္တလေး ဂျီတီအိုင်ဆိုရင်တော့ ဒီလိုသွားတက်လို့ရတယ်ပေ့ါ။ ဒါ နည်းနည်း အသိလေးပါပဲ။ ဆယ်တန်းအောင်မှသာ အောင်စာရင်းထွက်မှသာ ဆုံးဖြတ်ရတာပေ့ါလေ။

ဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတဲ့ ဒါလေးပေါ်ခဲ့တာကိုက။ ပေါ်စေချင်တယ် ဆယ်တန်းကျောင်းသူကျောင်းသားတွေ ပေါ်စေချင်တယ်။ ကိုးတန်းကျောင်းသူကျောင်းသားတွေ ပေါ်စေချင်တယ်။ ခုနစ်တန်း၊ ရှစ်တန်းတွေလည်း ဒီစိတ်ကလေး ပေါ်စေချင်တယ်။



ဓာတ်ပုံ - အောင်နိုင်

> ဆရာဝန်ဖြစ်ချင်တာ အင်ဂျင်နီယာဖြစ်ချင်တာထက် ဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတဲ့ အဲဒီစိတ်ကူး အဲဒီအတွေးလေး ပေါ်တာကိုက အလွန်အကျိုးများတယ်။ နံပါတ်တစ် နံပါတ်နှစ် နံပါတ်သုံးနဲ့ပြောရင် တစ် ကိုယ့်ပင်ကိုဝါသနာ ပါမပါ ပေါ်ကြည့်ရတာ။ နှစ် ဝါသနာပါတဲ့ အလုပ်ကို လုပ်တော့မယ်ဆိုရင် ဒီဝါသနာပါတဲ့အလုပ်အတွက် ကိုယ့်ကို အထောက်အပံ့ပေးနိုင်သလား။

ဆယ်တန်းအောင်စာရင်း ထွက်ပြီးမှ ဆယ်တန်းရတဲ့ အမှတ်အပေါ် မူတည်ပြီးမှ ဆိုတာကတော့ ဒါကတော့ အဲဒီကျမှ ကိုယ့်ရဲ့ဆန္ဒက အကုန်လုံး အကောင်အထည်ဖော်လို့ မရဘူး။ ဆယ်တန်းမဖြေခင်၊ ကိုးတန်းမဖြေခင်၊ ရှစ်တန်းမဖြေခင် အဲဒီကတည်းကမှ ဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတာ စိတ်ထဲက ဖြစ်ထားမှ။ အမှန်က ကျောင်းသားဆိုတာ သိတဲ့အတိုင်းပဲ ကျောင်းသွားမယ်၊ ကစားမယ်၊ စားမယ် ဘုန်းဘုန်းတို့ခေတ်ကတော့။ ဒီဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတာ တွေးတဲ့လူနဲ့ မတွေးတဲ့လူနဲ့ မတွေးတဲ့လူက များတယ်လို့ပဲ ပြောရမှာ။ တွေးအောင်လည်း အနားက ပတ်ဝန်းကျင်ကလည်း အားပေးဖို့ လမ်းပြဖို့ကလည်း မရှိကြရှာဘူးလေ။ ဘုန်းဘုန်းတို့ ဘုန်းဘုန်းတို့ပြောတာပါ။ ဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတဲ့ အတွေးလေး ဝင်လိုက်တာဟာ ဘုန်းဘုန်းဘဝအတွက် တော်တော်ကောင်းသွားတယ်။ အင်ဂျင်နီယာလုပ်မယ်။ ဒီလိုစိတ်ဖြစ်တယ်။ အင်ဂျင်နီယာလုပ်ရင် အင်ဂျင်နီယာနဲ့တန်တဲ့ စာတော့ ကြိုးစားရမှာပေ့ါ။ ဟို ဝါသနာပါတာ မပါတာက ဆရာဝန်ဆို ဝါသနာမပါဘူး။ အင်ဂျင်နီယာဆို ဝါသနာပါတယ်။ စိတ်ကိုက စိတ်ကိုက ဖြစ်တာ။

တချို့ရှိတယ် ဆရာဝန်ကို ဘယ်လိုမှ စိတ်မပါတဲ့ သူရှိသလို ငယ်ကတည်းက ဆရာဝန်ဖြစ်ချင်တာ ကစားတာတောင် နားကြပ်နဲ့ ဆေးထိုးအပ်နဲ့ အဲလိုတွေကလည်းရှိတယ်။ အခုခေတ်လိုဆိုရင်တော့ တီဗီတွေထဲကြည့်ရင် ဆရာဝန်ကြည့်ရင် အိုဖြစ်ချင်စိတ်တွေကိုပေါ်လို့။ တချို့များဆို ဘုန်းဘုန်းတို့ ငယ်တုန်းက ဆရာဝန်မောင်သင်ဆိုတာ ရုပ်ရှင်မင်းသားရှိတယ်။ သူ့ကားကြည့်ရင် ဆရာဝန်ဖြစ်ချင်စိတ် ပေါ်တဲ့သူက ပိုအားကောင်းတယ်။ ဘုန်းဘုန်းတို့ကျတော့ သိပ်ဒီလောက် မဖြစ်လိုက်ဘူး။ အဲတော့ ကိုယ်ဝါသနာပါတဲ့အလုပ်ကို ကိုယ်လုပ်ချင်တယ်ဆိုတဲ့ ဒါလေးတော့ အရင်မွေးရတာပေ့ါ။ ခက်တော့လည်း ခက်တယ်နော်။ အခုအခါပြောနဲ့ ပြောရင်တော့ ဘုန်းကြီးမဖြစ်ခဲ့ဖူးဘဲနဲ့ ဘုန်းကြီးတစ်သက်လုံးဖြစ်ချင်စိတ်ဆိုတာ ပေါ်ဖို့မလွယ်သလို ဘုန်းဘုန်းတို့ ဗုဒ္ဓဘာသာဝင်တွေက ဘဝါဘဝကို ဖြစ်ခဲ့တဲ့ဘဝတွေကို ယုံကြည်တာကိုး ရှိတယ်လို့။ အဲတော့ ဆရာတော် သံဃာတော် မဖြစ်ခဲ့ဖူးဘဲနဲ့တော့ ဘုန်းကြီးအပြီးဝတ်ဖို့ စိတ်မပေါ်နိုင်သလို ကျောင်းဆရာ မဖြစ်ခဲ့ဖူးဘဲနဲ့တော့ ကျောင်းဆရာ လုပ်ချင်စိတ် ပေါ်ဖို့မလွယ်ဘူး။ အဲလိုပဲ ဆရာဝန်လည်းဒီအတိုင်း အင်ဂျင်နီယာလည်း ဒီအတိုင်းပဲ။ ဒါက ဝါသနာနဲ့ဆိုင်တာ။ လူတိုင်းလူတိုင်းမှာ ကိုယ့်ဝါသနာလေးတွေ ကိုယ့်ဝါသနာလေးတွေ ပါတယ်လေ။ ဒါမှမဟုတ် ကိုယ့်အလေ့အကျင့်လေးတွေ ပါတယ်လေ။ ဒါနဲ့ပတ်သက်ပြီး ဘုန်းဘုန်း အသေးစိတ် နောက်ပြောပြပါဦးမယ် နောက်ပိုင်းရောက်ရင်။

အခု ပြောချင်တာက ဆရာဝန်ဖြစ်ချင်တာ အင်ဂျင်နီယာဖြစ်ချင်တာထက် ဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတဲ့ အဲဒီစိတ်ကူး အဲဒီအတွေးလေး ပေါ်တာကိုက အလွန်အကျိုးများတယ်။ နံပါတ်တစ် နံပါတ်နှစ် နံပါတ်သုံးနဲ့ပြောရင် တစ် ကိုယ့်ပင်ကိုဝါသနာ ပါမပါပေါ် ကြည့်ရတာ။ နှစ် ဝါသနာပါတဲ့အလုပ်ကို လုပ်တော့မယ်ဆိုရင် ဒီဝါသနာပါတဲ့အလုပ်အတွက် ကိုယ့်ကိုအထောက်အပံ့ပေးနိုင်သလား။ ကိုယ် ကျောင်းတက်တယ်ဆိုရင် ကျောင်းအတွက် အထောက်အပံ့ ငွေရေးကြေးရေး ပါရတော့မှာလေ။ ပညာရေးအထောက်အပံ့ ပါရတော့မှာလေ။ အထောက်အပံ့ ဘယ်သူပေးမလဲ။ မိဘက ငွေရေးကြေးရေး ထောက်ပံ့နိုင်လား။ အို မိဘငွေရေးကြေးရေး ထောက်ပံ့နိုင်တဲ့သူတွေအတွက်ကျတော့ ဒါစဉ်းစားစရာ မလိုတော့ဘူး။ ဒါပြောစရာမလိုဘူး။ မိဘက ငွေရေးကြေးရေး မထောက်ပံ့နိုင်တဲ့သူတွေကျတော့ ငွေရေးကြေးရေး ကြည့်ရတယ်။ ဦးတွေကများ ထောက်မလား၊ အဒေါ်တွေကများ ထောက်မလား။ ရပ်ထဲရွာထဲက ပိုက်ဆံရှိတဲ့သူက ထောက်မလား။ ခုခေတ်လို ပြောရင်တော့ ဘယ်ဖောင်ဒေးရှင်းကများ ထောက်မလဲ။ ဘယ်ဆရာတော်တွေကများ ထောက်မလဲ။ ဘယ်အဖွဲ့အစည်းကများ ထောက်မလဲ။ အဲလို အထောက်အပံ့လေးက ရှိမှဖြစ်မှာလေ။ ဒီဆယ်တန်းအောင်ရင် ဘာလုပ်မလဲဆိုတဲ့ မေးခွန်းပေါ်လာတာနဲ့ နောက်ကဝင်လာတဲ့ ကိုယ့်ဝါသနာပါတာက ဘာလဲလို့ တကယ် စိစိစစ်စစ်လုပ်ရင် ကိုယ်တကယ်ဝါသနာ ပါတယ်မပါဘူးဆိုတာ သိလာတာ။ ငွေရေးကြေးရေး အထောက်အပံ့လည်း ဘယ်ကရနိုင်မလဲ။

ဘယ်ကရနိုင်မလဲလို့ ပြောလိုက်တာနဲ့ ရရင်ကိုယ်က ဘယ်လို ပြန်ကျေးဇူးဆပ်ရမလဲ။ ထောက်ပံ့တဲ့သူကရော ဘယ်လောက်ထိ ကိုယ့်ကို ထောက်ပံ့မှာလဲ ငွေရေးကြေးရေးကို။ ငွေရေးကြေးရေး အထောက်အပံ့ရလို့ ကိုယ်ကတက်ပြီးရင်ရော ကိုယ်က ဘာတွေပေးဆပ်ရမှာလဲ။ ဒါကတော့ ဆယ်တန်းအရွယ်အနေနဲ့ စဉ်းစားတယ်ဆိုတာက စဉ်းစားတယ်လောက်နဲ့တင် ရပ်လို့မရဘူးလေ။ လူကြီးဆန်ဆန် တွေးတတ်ခေါ်တတ်မှလည်း ရတာကိုး။ ကိုယ်ကလည်း ပြန်ပြီးတော့ ကျေးဇူးပြန်တုံ့ပြန်ရဦးမှာပဲလေ။ ဘယ်လိုတုံ့ပြန်ရမှာလဲ။ ဘုန်းဘုန်းတို့ ငယ်တုန်းကတော့ ဆင်းရဲတဲ့သူစာတော် ဆရာဝန်ထား ပြီးကျတော့ သူ့သမီးနဲ့ပေးစား သူ့တူမနဲ့ပေးစား အဲဒါမျိုးကြုံတော့ ရုပ်ရှင်တွေ ဝတ္ထုတွေကြည့်လည်းကြည့် ဖတ်လည်းဖတ်နေရတော့ အဲဒါမျိုးကြီးတော့ ကြောက်တာပေ့ါလေ။ အဲဒါမျိုးကြီးတော့ ကြောက်တာပေ့ါ။ အဲလို ကြောက်တယ်ဆိုရင်ကော ကိုယ့်ဝင်ငွေနဲ့ကိုယ် လုပ်နိုင်သလား။ ဆယ်တန်းအောင်ရင် ကိုယ်သွားမယ့်လမ်းကို။ နောက်ပြီးတော့ အကြံဉာဏ် အထောက်အပံ့။ ဆိုပါစို့ ဒီပညာရပ်ကိုသင်နေတယ် ကိုယ်လေ့လာတယ် စာကိုတော့ ဘုန်းဘုန်းအနေနဲ့မပူဘူး။ သင်တဲ့စာကို နားလည်အောင်ကြိုးစားတာ ကိုယ့်အလုပ် ကျောင်းသားအလုပ်။ တကယ်လည်း လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျန်တဲ့လိုအပ်ချက်တွေကိုရော အကြံဉာဏ်ပေ့ါ။ ငွေကို ထောက်ပံ့တဲ့လူ ရှိဦးတော့ အကြံဉာဏ်ကို ထောက်ပံ့တဲ့လူ ရှိဦးမှ။

ကိုယ့်အသိုင်းအဝိုင်းက ဆရာဝန်ရှိသလား။ မရှိဘူး ဘုန်းဘုန်းမှာ။ ကိုယ့်အသိုင်းအဝိုင်းက အင်ဂျင်နီယာရှိသလား မရှိဘူး ဘုန်းဘုန်းမှာ။ ဘုန်းဘုန်းတို့ အသိုင်းအဝိုင်း ခဏထား မိသားစုခဏထား ပတ်ဝန်းကျင်ခဏထား ရွာထဲမှာတောင် ဘွဲ့ရတဲ့သူဆိုလို့ တက္ကသိုလ်တက်တဲ့သူက ဘုန်းဘုန်းတို့ရွာ တစ်ယောက်ရှိတာလေ။ ဘုန်းဘုန်းကတော့ ရွေးပြီ။ ငါဘာလုပ်မလဲ။ ဒီအထဲမှာ ဝင်လာသေးတယ်။ ဘုန်းဘုန်းအနေနဲ့ ဆယ်တန်းအောင်ရင် ကိုယ်ဝါသနာပါရာ လုပ်မယ်ဆိုလွယ်တာပေ့ါ။ ဒါပေမဲ့ ခက်တယ်ဆိုတာက ငွေရေးကြေးရေး အထောက်အပံ့။ နောက် ကျန်တဲ့ အကြံဉာဏ်အထောက်အပံ့။ ဒါတွေ ဘယ်ကရမလဲ။ ငွေရေးကြေးရေး ကိုယ့်ဟာကိုယ် ကြိုးစားမယ်။ ဟုတ်ပြီ ကျောင်းတက်ရင်းနဲ့ ဘယ်အလုပ် ကိုယ်လုပ်လို့ရမလဲ။ အလုပ်တစ်ဖက်နဲ့ ကျောင်းတက်လို့ရမလား။ ကိုယ်တက်တဲ့ကျောင်းဟာ နေ့တက်ရတဲ့ကျောင်းပဲ ဒေးပဲ။ နေ့တက်ရတဲ့ကျောင်းဆို ညအလုပ်ရှိမလား။ ဒါမှမဟုတ်လို့ ရှိရင်လည်းပဲ …။

■ ဓမ္မဒူတ အရှင်ဆေကိန္ဒ

(ဆက်လက်ဖော်ပြပါမည်။)

# ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေးသုံးမျိုး ထပ်မံထည့်သွင်းမည်

**ရန်ကုန်၊ ဇွန် ၂၇**

အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ကာကွယ်ဆေးသုံးမျိုးကို ထပ်မံထည့်သွင်း ထိုးနှံမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က ပြောကြားသည်။

"ဒီနှစ် နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာ အစုလိုက်ထိုးမယ်။ အစုလိုက်က အသက်ကိုးလကနေ ၁၅ နှစ်အထိပေါ့။ နိုဝင်ဘာက ကျောင်းအခြေပြုနဲ့ ဒီဇင်ဘာမှာ ရပ်ကွက်ကျေးရွာအခြေပြု လုပ်ဆောင်သွားမှာပါ" ဟု ၎င်းကရှင်းပြသည်။

ယခု ၂၀၁၇ ခုနှစ်တွင် ဂျပန် ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို အစုလိုက် ထိုးနှံပေးသွားမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ယင်းကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးတွင် ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးနှင့် ၂၀၂၀ ပြည့်နှစ်တွင် သားအိမ်ခေါင်းရောဂါ ကင်ဆာကာကွယ်ဆေးများကို ထပ်မံထည့်သွင်း ထိုးနှံပေးမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေး ဦးစီးဌာနထံမှ သိရသည်။

အနာဂတ်သားကောင်းများ ကျန်းမာဖွံ့ဖြိုးစေရေးအတွက် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသည့် ကူးစက်ရောဂါများ ဖြစ်ပွားခြင်း၊ သေဆုံးခြင်း၊ ဉာဏ်ရည်မမီခြင်းစသည်တို့ မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများသည် အရေးကြီးဆုံး လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့အတွက် မိဘများအနေနှင့်လည်း ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပါဝင်သင့်ကြောင်း ဒေါက်တာ သန်းထွန်းအောင်က ဆိုသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းက နှစ်စဉ်မွေးဖွားလျက်ရှိသော အသက်တစ်နှစ်အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်အရ တီဘီ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင် အသားဝါဘီ ရောဂါ၊ ဝက်သက်ရောဂါ၊ အဆုတ်ရောင် ရောဂါ၊ ဂျိုက်သိုးရောဂါနှင့် ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါများကို ထိုးနှံပေးလျက်ရှိပြီး ကာကွယ်ဆေးထိုး လုပ်ငန်းအတွက် ကလေးတစ်ဦးလျှင် ဒေါ်လာ ၈၀ ခန့် အကုန်အကျခံ ထိုးနှံပေးလျက်ရှိကြောင်း ယင်းဌာနထံမှ သိရသည်။ ■ J-12

## ဗီတာမင်ဓာတ်များနှင့် ကျန်းမာရေး

**သံဓာတ်** - သံဓာတ်သည် အရေးကြီးသည့် သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်ပြီး သံဓာတ်ချို့တဲ့ခြင်းကြောင့် သွေးအားနည်းရောဂါခံစားရပြီး ကိုယ်ခံစွမ်းအားလျော့နည်းခြင်း၊ အာရုံစူးစိုက်မှုလျော့နည်းခြင်း၊ မောပန်းလွယ်ခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု လျော့နည်းစေခြင်းတို့ ဖြစ်စေနိုင်ပါသည်။

**ဗီတာမင်အေ** - ဗီတာမင်အေသည် ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားမှုနှင့် ရောဂါကာကွယ်စွမ်းအားတို့အတွက် အသုံးဝင်သော အာဟာရတစ်မျိုးဖြစ်ပြီး ကြက်မျက်သင့်ရောဂါနှင့် ကလေးငယ်များတွင် ဝက်သက်၊ ငှက်ဖျားနှင့် ဝမ်းပျက် ဝမ်းလျှော ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။

**ဇင့်** - ဇင့်ဓာတ်သည် ခန္ဓာကိုယ်ပုံမှန်ဖွံ့ ဖြိုးမှုအတွက် အရေးပါပြီး ကလေးငယ် များတွင် ကိုယ်ခံစွမ်းအားတိုးတက်မှုကို ထိန်းပေးခြင်း၊ အနာများကို ကျက်လွယ်ခြင်းနှင့် ဝမ်းရောဂါဖြစ်ပွားခြင်းတို့မှ ကာကွယ်နိုင်သည်။ ကိုယ်ဝန်ဆောင်များတွင် ဇင့်ဓာတ်ချို့တဲ့ပါက လမစေ့မီ မွေးဖွားခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးဉာဏ်ရ ည်နိမ့်ပါးခြင်းနှင့် ကလေးရော၊ မိခင်ပါ ကိုယ်ခံအားကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေ တတ်ပါသည်။

**ဗီတာမင်ဘီ 12** - ဦးနှောက်အာရုံကြောနှင့် သွေးဆဲလ်များ ကျန်းမာစေရန် အတွက်လိုအပ်ပြီး ဗီတာမင်ဘီ 12 ချို့တဲ့လျှင် မှတ်ဉာဏ်အားနည်းခြင်း၊ စိတ်ဓာတ်ကျလွယ်ခြင်းနှင့် သွေးအားနည်းခြင်းတို့ ဖြစ်ပေါ်စေပါသည်။

**ဖောလစ်အက် 6** - ကလေး၊ လူကြီးများတွင် မောပန်းလွယ်ခြင်း၊ သွေးအား နည်းခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း သားပျက်သားလျှောဖြစ်ခြင်း၊ သန္ဓေသားတွင် မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုများဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပါသည်။

**ဗီတာမင်ဘီ 6** - ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက် မိခင်များတွင် ကလေးငယ်များ ဦးနှောက်နှင့် ဉာဏ်ရည်ကြီးထွားဖွံ့ဖြိုးစေရန် အရေးပါပါသည်။ ယင်း ဓာတ်ချို့တဲ့ခြင်းကြောင့်အရေပြားရောင်ရမ်းခြင်း၊ ကြီးကန်းပါးစပ်ဖြစ်ခြင်း၊ စိတ်ကျ ရောဂါခံစားရခြင်းနှင့် ရုတ်တရက်တက်ခြင်းတို့ ဖြစ်ပေါ်စေ နိုင်ပါသည်။

**ဗီတာမင်ဘီ 1** - သကြားဓာတ်ကိုစွမ်းအင်အဖြစ် ပြောင်းလဲပေးပြီး နှလုံး၊ ဦးနှောက်အာရုံကြောနှင့် ကြွက်သားများ ပုံမှန်အလုပ်လုပ်နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်ပါသည်။ အဆိုပါဓာတ်ချို့တဲ့ခြင်းကြောင့် ဖောရောင်ခြင်း၊ ထုံကျဉ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်းတို့ ဖြစ်ပေါ်တတ်ပြီး ကလေးငယ်များတွင် ဘယ်ရီဘယ်ရီ ရောဂါ ဖြစ်ပေါ်တတ်ပါသည်။

**ဗီတာမင်ဘီ 3** - ကိုလက်စထရောကို လျှော့ချပေးပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျော့နည်းစေပါသည်။ ခန္ဓာကိုယ်အတွင်းရှိအချိုဓာတ်ကို ထိန်းညှိပေးပါသည်။ အသားအရေစိုပြည်စေပြီး ဦးနှောက်နှင့် အာရုံကြောအတွက် မရှိမဖြစ်လိုအပ်ပါသည်။

■ **Source : ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



## NEWS IN BRIEF

### အီးစီးကရက်တင်သွင်း၊ သောက်သုံးခြင်း ထိန်းသိမ်းရန်လိုအပ်

**ရန်ကုန်၊ ဇွန် ၂၇**

မြန်မာနိုင်ငံအတွင်း အီးစီးကရက် ထုတ်လုပ်နိုင်ခြင်းမရှိသော်လည်း တင်သွင်းသည့်အခါတွင် ထိန်းသိမ်းမှုမရှိသည့်အတွက် လူငယ်များအကြားတွင်ကျယ်စွာ အသုံးပြုလာသည်ကို ထိန်းသိမ်းရန်လိုအပ်ကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောကြားသည်။

အီးစီးကရက်သည် ပုံမှန်စီးကရက်များထက် ဓာတုပစ္စည်းမများသော်လည်း ဆေးရွက်ကြီးထွက်ပစ္စည်းများ ပါဝင်ကြောင်း၊ ယင်းတွင် အသုံးပြုသည့်ဆေးတွင် ဓာတုပစ္စည်း ၇၀ ရာခိုင်နှုန်းခန့်ပါဝင်ပြီး တရုတ်မှ အများဆုံး ထုတ်လုပ်နေကြောင်း ၎င်းကပြောဆိုသည်။

### သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်း နှစ်မျိုးထုတ်ပြန်

**ရန်ကုန်၊ ဇွန် ၂၇**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချလျက်ရှိသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းနှစ်မျိုးကို ထုတ်ပြန်ခဲ့ကြောင်း ယင်းဌာနထံမှ သိရသည်။

Dunia Herba Assaggaf Alqudri,Malaysia က ထုတ်လုပ်သည့် Collagen Plus Day & Night Cream နှင့် ထိုင်ဝမ်ထုတ် Ly-Na Medicated Pearl Paste တို့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ မှတ်ပုံတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအန္တရာယ်ဖြစ်စေနိုင်သည့် တားမြစ်ဓာတုပစ္စည်း မာကျူရီပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ဖော်ပြထားသည်။

### စားသုံးဆီဖြန့်ဖြူးသုံးစွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ လုပ်မည်

**ရန်ကုန်၊ ဇွန် ၂၇**

ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီထုတ်လုပ်တင်သွင်း ဖြန့်ဖြူးသုံးစွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းအနှံ့ဆောင်ရွက်သွားရန် လျာထားကြောင်း စားသုံးသူရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ပြောကြားသည်။

ယခုအလုပ်ရုံဆွေးနွေးပွဲသည် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ဖြင့် မန္တလေး၊ မကွေးစသည့် အထက်မြန်မာပြည်တွင် ဆောင်ရွက်သွားရန် အကြမ်းဖျင်းလျာထားကြောင်း၊ ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို ဇွန်လ ၂၃ ရက်နေ့က UMFCCI ၌ ကျင်းပခဲ့သည်။ ■ J-12

# တီဘီရောဂါတိုက်ဖျက်ရေးကို အကျဉ်းထောင်များတွင် ကွင်းဆင်း၍ ဦးစားပေးကုသမည်

**ရန်ကုန်၊ ဇွန် ၂၇**

နိုင်ငံအနှံ့အကျဉ်းထောင်များရှိ အကျဉ်းသားအချင်းချင်း တီဘီရောဂါ တစ်ဆင့်ပြန်လည်ကူးစက်မှု ပိုမိုများပြားနိုင်ခြင်းကြောင့် တီဘီရောဂါကုသရေး အစီအစဉ်များကို ယင်းနေရာများသို့ ကွင်းဆင်း၍ ဦးစားပေးကုသပေးမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။

လက်ရှိတွင် အကျဉ်းထောင်များတွင် သွေးမှတစ်ဆင့်ကူးစက်နေသည့် HIV/AIDS ရောဂါခံစားနေရသော အကျဉ်းသား တစ်ထောင်ခန့်ကို ART ဆေးဝါးစဉ်ဆက်မပြတ်ရရှိရန် စီစဉ်ပေးနိုင်ခဲ့သော်လည်း တီဘီရောဂါနှင့် ပတ်သက်သည့် ကူးစက်ပျံ့နှံ့မှုကို စစ်ဆေးကာ ကြိုတင်ကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါခံစားရသူများကို ကုသပေးသည့်ပုံစံဖြင့် ခွဲခြားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"အကျဉ်းထောင်ဆိုတာ အပြင်နဲ့ သီးခြားဖြစ်နေတော့ ကျန်းမာရေးစောင့်ရှောက်ခံရမှု နည်းပါးနေတယ်ပေါ့။ အခုလို ကူးစက်လွယ်တဲ့ တီဘီရောဂါမျိုးတွေ ဘယ်လိုခံစားနေရလဲ၊ ဘယ်လောက်ကြိုတင်ကာကွယ်သင့်လဲဆိုတာတွေ ဦးစားပေးဆောင်ရွက်ဖို့ အကျဉ်းဦးစီးနဲ့ ညှိနှိုင်းဆောင်ရွက်နေတာပါ" ဟု ၎င်းကရှင်းပြသည်။

တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းကို ယခုနှစ် စက်တင်ဘာလအတွင်း စတင်နိုင်ရန် စီစဉ်ထားပြီး အကျဉ်းထောင် ၄၆ ခုအပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ကျေးလက်ဒေသများအထိပါ ကွင်းဆင်း၍ ရွေ့လျားကုသရေးယာဉ် နှစ်စီးဖြင့် ဆက်တိုက်ဆောင်ရွက်မည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထားကြောင်း အကျဉ်းဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းစိုးထွန်းက ပြောကြားသည်။

"တစ်နိုင်ငံလုံးက အကျဉ်းထောင်တွေမှာ အကျဉ်းသား ခုနစ်သောင်းလောက် ထိန်းသိမ်းထားတော့ မြန်မြန်ကူးစက်လွယ်တဲ့ တီဘီရောဂါနဲ့ ပတ်သက်လို့ ဘယ်လိုပြန့်ပွားနေလဲဆိုတာ ပြောရခက်တယ်" ဟု ၎င်းကဆိုသည်။ ■ J-17

# “အမေက မွေးကတည်းက ဝိတ်ချချင်တာတို့၊ ကောင်းကောင်းမစားတာတို့ဆိုရင် ဘယ်လိုနည်းနဲ့မှ ကလေးက အာဟာရမပြည့်ဝတော့ပါဘူး”

## အာဟာရဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းမြင့်နှင့် တွေ့ဆုံခြင်း

သီတာဆွေ

**အသက်ခြောက်လမှစတင်ကာ ကလေးငယ် များ၏ လိုအပ်သောဖြည့်စွက်အာဟာရများကို နည်းစနစ်ကျစွာ ကျွေးရန်လိုအပ်ပြီး သို့မှသာလိုအပ်သည့် အာဟာရပြည့်ဝ၍ ကျန်းမာသည့် ကလေးငယ်များ ဖြစ်လာနိုင်မည် ဖြစ်သည်။ ထို့အတွက် အသက်ခြောက်လ မှ တစ်နှစ်အရွယ် ကလေးများအတွက် ဖြည့်စွက်စာကျွေးမွေးခြင်းနှင့် ပတ်သက်၍ အာဟာရဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းမြင့်နှင့် The Voice က မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**



ဓာတ်ပုံ - သီတာဆွေ

**Voice : ကလေးအသက် ခြောက်လပြည့်ပြီးတဲ့အချိန်ကစပြီး ဘယ်လိုမျိုးဖြည့်စွက်စာတွေကို စကျွေးပေးဖို့ လိုအပ်တယ်ဆိုတာ ပြောပြပေးပါဦး။**

**Dr.WWM :** ကလေးအသက် ခြောက်လပြည့်ပြီးသွားပြီဆိုရင် ကလေးတွေအားလုံးက ဖြည့်စွက်စာစားဖို့ လိုအပ်ပါတယ်။ စားတဲ့နေရာမှာလည်း အစာကတစ်ရက်ကို လေးကြိမ်စားဖို့ လိုအပ်ပါတယ်။ ပြီးရင် နို့ကို တစ်ရက် ခြောက်ကြိမ် အနည်းဆုံး တိုက်ရပါမယ်။ မိခင်နို့ တိုက်တိုက်သည်ဖြစ်စေ၊ နို့ဘူးကို တိုက်သည်ဖြစ်စေပေါ့။ နေ့လယ်ပိုင်းမှာ လေးကြိမ်တိုက်မယ်။ ညနေပိုင်းမှာ နှစ်ကြိမ်တိုက်ပါမယ်။ အစာက ပထမဆုံး မနက် ၈ နာရီမှာ မနက်စာအနေနဲ့ Cereal (ကောက်ပဲသီးနှံ)တွေကနေလုပ်ထားတဲ့ ကလေးစားတဲ့ Cereal ကို တစ်ဇွန်းက စကျွေးမယ်။ နေ့လယ်စာကိုတော့ ဆန်ပြုတ်ကျွေးမယ်။ ကျွေးတဲ့အခါမှာ ထမင်းနှစ်ဇွန်း၊ အသား ဒါမှမဟုတ် ငါးပေါ့။ အသားကိုလည်း အနီရောင်အသားကို သုံးလို့မရသေးပါဘူး။ ဒီအတွက် ကြက်သား သို့မဟုတ် ငါးကို ငါးကျပ်သားအတုံးလောက်ရှိတဲ့ တစ်တုံးလောက် ထည့်ပါမယ်။ ပြီးရင် ပဲနီလေး လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ အာလူး ဒါမှမဟုတ်ရင် ဖရုံသီးကို လက်တစ်ဆစ်ထည့်မယ်။ ပြီးတော့မှ ပန်းပွင့် ဒါမှမဟုတ် ပန်းမုန်လာမျိုးတွေကို နှစ်ခက်လောက် ထည့်ပါမယ်။ နောက် မုန်လာဥနီ လက်တစ်ဆစ်ထည့်ပေါ့။ ဆီသုံးတဲ့အခါမှာလည်း ပဲဆီကိုပဲသုံးပါ။ တခြားဆီတွေကို မသုံးစေချင်ပါဘူး။ ပဲဆီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းနဲ့ ဆားထည့်စရာမလိုဘဲ ဒါတွေအကုန်လုံးကို ရောကျိုပြီးတော့ Blender နဲ့ကြိတ်လိုက်ပြီးတဲ့အခါမှာ နောက်ထပ်တစ်ကြိမ် ပြန်ကျိုဖို့ လိုအပ်ပါတယ်။ ကြိတ်ထားတာကို တိုက်ရိုက်ကလေးကို မကျွေးစေချင်ပါဘူး။ ဒီကြားထဲမှာ ပိုးဝင်တာတွေဖြစ်သွားမှာစိုးတဲ့အတွက် နောက်တစ်ကြိမ် ပြန်ကျိုတာပေါ့။ ဒါကို ကလေးတွေကို နေ့လယ် ၁၂ နာရီမှာ တစ်ကြိမ်၊ ညနေ ၅ နာရီမှာ တစ်ကြိမ်ကျွေးမယ်။ ဒါက ကလေးတွေအတွက် အာဟာရပြည့်ဝတဲ့ ဖြည့်စွက်စာပါ။ ည ၈ နာရီလောက်မှာဆိုရင်လည်း Cereal တစ်ဇွန်းပေါ့။ အချို့စားလာနိုင်တဲ့ကလေးတွေဆို နှစ်ဇွန်း ကျွေးလို့ရပါတယ်။ ဒီလိုမျိုး ဆန်ပြုတ်ကို သုံးရက်လောက်ကြာကျွေးပြီးပြီဆိုရင် အသီးဖျော်ရည် (ဥပမာ- လိမ္မော်သီး၊ ဆန်းကစ်သီး) နဲ့စဖို့ လိုပါတယ်။ သေချာသန့်ရှင်းတဲ့လက်နဲ့ညှစ်ပြီးတော့ ရေ ၃၀ စီစီနဲ့ အသီးရည် ၃၀ စီစီ ရောပြီးစတိုက်ရင် ရပြီလို့ပြောချင်ပါတယ်။

**Voice : အသက်ခြောက်လကနေ တစ်နှစ်အရွယ်အထိ ဆိုတဲ့အတွက် နောက်ပိုင်းလတွေမှာရော ဘယ်လိုဖြည့်စွက်စာတွေ အသုံးပြုသင့်ပါသလဲ။**

**Dr.WWM :** ဒီလိုနဲ့ အသက် ခုနစ်လကိုရောက်လာရင် ကြက်ဥနဲ့ တည့် မတည့်စမ်းဖို့ လိုအပ်ပါတယ်။ ပထမတစ်ရက်မှာ ကြက်ဥကာကျက်လုပ်ပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းလောက် ဆန်ပြုတ်ကျွေးပြီးတဲ့အခါမှာ ကျွေးမယ်။ ဒုတိယရက်မှာက အကာပေါ့။ ဒါတွေတည့်သွားပြီဆိုရင် မနက်ဘက် Cereal ကျွေးတဲ့အခါမှာ ကြက်ဥတစ်လုံးထည့်ကျွေးဖို့ လိုပါတယ်။ ခုနစ်လကျော်ပြီဆိုရင် ကလေးကို အစာ ငါးကြိမ်ကျွေးပါမယ်။ နို့ကတော့ ထုံးစံအတိုင်းပါပဲ။ ရှစ်လလောက်ရောက်ရင် အစာကို ခြောက်ကြိမ်တိုးလို့ရပါပြီ။ မနက် ၈ နာရီလောက် မနက်စာကျွေးပြီး ၁၀ နာရီလောက်မှာ Snack လို့ ခေါ်တဲ့ သရေစာ (ငှက်ပျောသီး၊ ပူတင်း) စသဖြင့်ပေါ့။ နေ့လယ်ခင်းမှာဆိုရင်တော့ ရှစ်လကျော်သွားတဲ့ ကလေးတွေကို ဒိန်ချဉ်တိုက်ပေးဖို့ လိုအပ်ပါတယ်။ ဒါကို ကလေးရဲ့အစာအိမ်နဲ့ အူလမ်းကြောင်းက ပိုးတွေကို ကာကွယ်နိုင်ဖို့ စကျွေးပါမယ်။ တစ်ပတ်သုံးရက်လောက် ထမင်းစားဇွန်း တစ်ဇွန်းလောက်ကျွေးရင် လုံလောက်နေပါပြီ။ ကျန်တဲ့နေ့တွေမှာ ဒိန်ခဲတွေ၊ နို့နဲ့ နို့ထွက်ပစ္စည်းတွေကို တိုးကျွေးလို့ရပါပြီ။ အသက်ကိုးလလောက် ရောက်ရင်တော့ အနီရောင်အသား (ဆိတ်၊ အမဲ၊ ဝက်) တွေကို အစားထိုးကျွေးလို့ရပါပြီ။ ကလေး အသက် ၁၀ လလောက်ကိုရသွားရင် ဆန်ပြုတ်တွေကို Blender နဲ့ ကြိတ်စရာမလိုတော့ဘဲ ဇွန်းနဲ့ချေပြီးတော့မှ ခပ်ပျစ်ပျစ် စပြီးကျွေးလို့ရပါပြီ။ ဒီလိုနဲ့ အသက် ၁၁ လကိုရောက်ရင်တော့ ထမင်းပြဲပြဲလေးတွေကို စကျွေးလို့ရပြီ။ ထမင်းပြဲပြဲရယ်၊ အသား တောက်တောက်စဉ်းထားတာရယ်၊ နူးနပ်တဲ့အရွက်ကြော်ရယ်၊ ဟင်းချိုရယ် စသဖြင့် တစ်ရက်ကို နည်းနည်းတိုးလာခြင်းအားဖြင့် တစ်နှစ်ပြည့်သွားပြီဆိုတာနဲ့ ကလေးတစ်ယောက်က သာမန်လူကြီးစားသလိုပဲ စားလို့ရပါပြီ။

> “အသက် ၁၁ လကို ရောက်ရင်တော့ ထမင်းပြဲပြဲလေးတွေကို စကျွေးလို့ရပြီ။ ထမင်းပြဲပြဲရယ်၊ အသား တောက်တောက်စဉ်းထားတာရယ်၊ နူးနပ်တဲ့အရွက်ကြော်ရယ်၊ ဟင်းချိုရယ် စသဖြင့် တစ်ရက်ကို နည်းနည်းတိုးလာခြင်းအားဖြင့် တစ်နှစ်ပြည့်သွားပြီဆိုတာနဲ့ ကလေးတစ်ယောက်က သာမန်လူကြီးစားသလိုပဲ စားလို့ရပါပြီ။”

**Voice : မွေးစကနေ အသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ဖို့ဆိုထားပေမယ့် အချို့မိခင်တွေက ကလေးတွေကို အသက် ခြောက်လ မတိုင်မီ ဖြည့်စွက်စာကျွေးတာတွေက ကလေးအတွက် ဘယ်လောက်အထိ ထိခိုက်မှုတွေဖြစ်နိုင်ပါသလဲ။**

**Dr.WWM :** အသက် ခြောက်လအထိကတော့ Breast Feeding ပေါ့။ ဒါပေမဲ့ အမေက ဘာမှမစားဘူး၊ ရေပဲသောက်နေတယ်၊ ငါးပိရည်နဲ့ပဲ စားနေတယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ မလုံလောက်နိုင်ဘူး။ အဲလိုဆိုရင် ဆရာမတို့က ကလေးအသက် လေးလခွဲ၊ ငါးလဆိုရင် ဖြည့်စွက်စာ စတယ်။ အမေနို့ကောင်းတဲ့ကလေးဆိုရင် ကလေးအသက် ခြောက်လမှစဖို့လိုတယ်။ ဒါက မိခင်ပေါ်မှာလည်း မူတည်တာပေါ့။ အသက် လေးလခွဲ၊ ငါးလလောက်နဲ့ ကလေးက ဖြည့်စွက်စာ စတယ်ဆိုရင် ပြဿနာမရှိဘူး။ ကလေးရဲ့အစာအိမ် အဆင်သင့်ဖြစ်တာက လေးလခွဲကျော်ကျော်မှာ ဖြစ်နေတော့ ခြောက်လဆိုရင် ကောင်းကောင်းစားပြီပေါ့။ ဒါကို ဘာနဲ့ကြည့်လို့ရလဲဆိုတော့ ကလေးတွေက အစားအသောက်မြင်ပြီး စားချင်စိတ်ရှိလာပြီ၊ အစာအိမ်နဲ့ အူလမ်းကြောင်းက အသင့်ဖြစ်လာပြီဆိုရင် လက်မစုပ်တာမျိုးပေါ့။ ကလေးတွေကို မကျွေးသင့်ဘူးဆိုတာ အစာအိမ်နဲ့ အူလမ်းကြောင်းက အသင့်မဖြစ်သေးတော့ အစာကြေတာ မကောင်းသေးဘူးပေါ့။ စုပ်ယူမှုရော၊ ချေဖျက်မှုအားရော မကောင်းဘူး။ ပြီးတဲ့အခါမှာ ကျောက်ကပ်ကနေ ထုတ်ရတာဖြစ်တဲ့အတွက် ထုတ်တဲ့အခါမှာ ပရိုတင်းအကြီးတွေကို စွန့်ထုတ်ရတဲ့အတွက် နောင်ကြီးလာတဲ့အချိန်ကျရင် ကျောက်ကပ်အားနည်းတာမျိုး ဖြစ်တတ်တယ်။ အစာအိမ်ရောဂါတွေ၊ အစာအိမ်နာတာတွေ ခဏခဏဖြစ်တယ်။ အစာအိမ်နဲ့ အူလမ်းကြောင်းရောဂါတွေ အသက်ကြီးတဲ့အခါမှာ ဖြစ်မှာစိုးလို့ မကျွေးနဲ့ဦးလို့ ပြောတာပါ။

**Voice : မိခင်တစ်ယောက်အနေနဲ့ ကလေးအတွက် နို့ကောင်းကောင်းတိုက်ကျွေးနိုင်ဖို့ ဘယ်လိုစားသောက်သင့်ပါသလဲ။**

**Dr.WWM :** ကလေးမွေးမွေးပြီးချင်း မိခင်တစ်ယောက်အနေနဲ့ High Protein Diet လို့ခေါ်တဲ့ အသားများများပါတဲ့ အစားအသောက်ကိုစားဖို့ လိုပါတယ်။ ဒီ့အပြင် ကလေးအတွက် နို့ထွက်ဖို့ အရည်လည်း များများသောက်ဖို့ လိုပါတယ်။ ဆရာမတို့ဆေးရုံမှာဆိုရင်တော့ စွပ်ပြုတ်ရည် ခြောက်ခွက်သောက်ရပါတယ်။ ဘာတွေလဲဆိုရင် ကြက်စွပ်ပြုတ်ပေါ့။ ကြက်စွပ်ပြုတ်ဆိုရင်လည်း ဘာမှမပါတာ မသောက်ပါနဲ့။ အဲဒီအထဲမှာ ဖရုံသီး ဒါမှမဟုတ်ရင် ကျောက်ဖရုံသီး ထည့်ရပါမယ်။ နောက် အရွက်တစ်မျိုးမျိုးထည့်တာပေါ့။ နောက်တစ်ခုက ဟင်းခါးသောက်လို့ ရပါတယ်။ အရင်တုန်းကဆိုရင် ငါးခြောက်ဖုတ်နဲ့ ဟင်းခါးတိုက်တယ်ပေါ့။ ခုခေတ်မှာတော့ ငါးခြောက်ဖုတ်ကို လုံးဝမကျွေးပါဘူး။ ဟင်းခါးကိုလည်း ပုစွန်ခြောက်နဲ့ချက်တာမျိုးမဟုတ်ဘဲနဲ့ ငါးအစိုနဲ့ချက်တာမျိုးပေါ့။ နောက်တစ်ခုက ကြာစွယ်၊ ကြာရိုးဟင်းချိုပါ။ ပိန်းဥဟင်းချို၊ ပဲနီလေးနဲ့ ကြာဆံဟင်းချို စတာတွေကို တစ်ရက်ကို ခြောက်ခွက် ဟင်းချိုသောက် တရုတ်ပန်းကန်လုံးနဲ့ သောက်ရပါမယ်။ အဲဒါကိုလည်း ခြောက်ပတ်ပြည့်တဲ့အထိ ၄၅ ရက် ဆက်တိုက်သောက်ဖို့ လိုပါတယ်။ အဲဒီလိုသောက်ခြင်းအားဖြင့် မိခင်တွေရဲ့နို့ထွက်တဲ့နို့ရည်က Quality နဲ့ပြည့်တဲ့ နို့ရည်လို့ပြောလို့ရတာပေါ့။ နောက် အသီးဖျော်ရည်လည်း သောက်ရပါမယ်။ ကြိုက်တဲ့ဖျော်ရည်ပေါ့။

**Voice : ဆရာမအနေနဲ့ ကလေးမိခင်တွေအတွက် ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲ။**

**Dr.WWM :** ကလေးမွေးပြီးပြီးချင်း စွပ်ပြုတ်သောက်ခိုင်းတာက အဲဒီအချိန်မှာ အာဟာရပြည့်ပြည့်ရသွားတယ်ဆိုရင် နို့က ကောင်းကောင်းထွက်မှာပဲ။ အမေက မွေးစထဲက အာဟာရပြည့်ဝဖို့လိုတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် အသားလည်းစားရမယ်။ စွပ်ပြုတ်ရည်လည်း သောက်ရမယ်။ ထမင်းကတော့ ဗိုက်ဆံ့သလောက်ပဲစားပေါ့။ ဒါမျိုးရသွားရင် ကလေးက အာဟာရပြည့်မယ်။ ပြည့်ရင် ခြောက်လပြည့်တဲ့အခါမှာ ဖြည့်စွက်စာ စရင် ပြဿနာမရှိပါဘူး။ အမေက မွေးကတည်းက ဝိတ်ချချင်တာတို့၊ ကောင်းကောင်းမစားတာတို့ဆိုရင် ဘယ်လိုနည်းနဲ့မှ ကလေးက အာဟာရ မပြည့်ဝတော့ပါဘူး။

**Voice : အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

■သီတာဆွေ


ဓာတ်ပုံ- သန့်ဇင်ဦး

# ညီမြင်းလွင်ရဲ့ ပထမဆုံး ရုပ်သံဇာတ်လမ်းတွဲ ‘ဇီးကွက်သေတ္တာ’

**ရန်ကုန်၊ ဇွန် ၂၇**

နာမည်ကျော် ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ညီမြင်းလွင်က ‘ဇီးကွက်သေတ္တာ’ လို့ အမည်ရတဲ့ စုံထောက် ရုပ်သံဇာတ်လမ်း ကို မကြာမီ ရိုက်ကူးသွားတော့မှာဖြစ်ကြောင်း သူ့ရဲ့ Facebook Account ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေး ပြောကြားခဲ့ပါတယ်။

“ကျွန်တော်ရိုက်ကူးမယ့် ဇာတ်လမ်းတွဲ ကတော့ ပရိသတ်ကို မဖြစ်မနေကြည့်ရမယ် ဆိုတဲ့ တာဝန်တစ်ခု မပေးထားပါဘူး။ ဇာတ်လမ်းအရှည် မဟုတ်ဘဲ ဇာတ်ကောင်တစ်ကောင်ကို ပုံသေထားပြီး၊ အပတ်တိုင်းမှာ ဇာတ်လမ်းအသစ်တစ်ပုဒ်ပြီး တစ်ပုဒ် ပြောင်းလဲသွားမှာဖြစ်တဲ့အတွက် ပရိသတ်များအနေနဲ့ ဒီနေ့ကြည့်မိပြီး နောက်နေ့ မကြည့်ဖြစ်ရင်လည်း ပြဿနာ မရှိပါဘူး” လို့ ၎င်းက ရေးသားထားပါတယ်။

ယင်းဇာတ်လမ်းတွဲနဲ့ ပတ်သက်ပြီး ထူးခြားမှုတစ်ခုကတော့ ဇာတ်လမ်းထဲက စုံထောက်နဲ့အတူ ပရိသတ်တွေကပါ တရားခံလိုက်ရှာပေးရမှာဖြစ်ပြီး၊ အမှုတစ်ခုကိုပြပြီး တရားခံကို ဝှက်ထားတာမျိုးတွေ၊ တရားခံကိုပြပြီး ဘယ်လို သဲလွန်စ ရှာတွေ့ခဲ့တယ်ဆိုတာမျိုးတွေကို အပတ်စဉ် ပဟေဠိဝှက်သွားမှာဖြစ်ပြီး အဖြေမှန်သူတွေကို အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးသွားဖြစ်ကြောင်း ညီမြင်းလွင်က ရေးသားထားပါတယ်။

“ကျွန်တော့်ရဲ့ပထမဆုံး ရုပ်သံဇာတ်လမ်းတွဲ နာမည်က ဇီးကွက် သေတ္တာ ဖြစ်ပါတယ်။ ဇီးကွက်ဆိုတဲ့ ညမအိပ်တဲ့ စုံထောက်တစ်ယောက်ရဲ့ သေတ္တာထဲက အမှုတွဲဖိုင်တွေအကြောင်းပေါ့။ လာမယ့် မိုးရာသီအလွန် နေ့ရက်များမှာတော့ အဲ့ဒီ သေတ္တာထဲကို ကျွန်တော့်ပရိသတ်တွေအားလုံး ဦးနှောက်ကို အလုပ်ပေးဖို့ အလည်ခေါ်သွားပါရစေ” လို့ ၎င်းက ရေးသားထားပါတယ်။

ညီမြင်းလွင်ကိုယ်တိုင် ဇာတ်လမ်းရေးသားထားပြီး ဥက္ကာ၊ ဝင်းမြင့်ဦး၊ ဆူးခက်မင်း၊ သားထိုက်၊ ထက်ဝေယံနိုင်၊ ကြယ်ပေါက်နဲ့ Victor တို့ ဇာတ်ညွှန်းခဲ့ထားတဲ့ ‘ဇီးကွက် သေတ္တာ’ ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်မယ့် သရုပ်ဆောင်တွေကိုတော့ ထုတ်ပြန်ကြေညာခြင်း မရှိသေးပါဘူး။


contactmusic.com

# ဟယ်ရီပေါ်တာ ဇာတ်ကောင် သက်တမ်း အနှစ် ၂၀ ပြည့်ပြီ

ဟယ်ရီပေါ်တာ ဇာတ်ကောင်နဲ့ နာမည်ကြီးလာတဲ့ စာရေးဆရာမ ဂျေကေရိုးလင်းရဲ့ ပထမဆုံး ဟယ်ရီပေါ်တာ စာအုပ်ထွက်ရှိခဲ့တာ နှစ်ပေါင်း ၂၀ ပြည့်ခဲ့ပါပြီ။

၁၉၉၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှာ စတင်ထုတ်ဝေခဲ့တဲ့ ဟယ်ရီပေါ်တာနှင့် မှော်ပြဒါးရှင်လုံးစာအုပ်ကြောင့် စာရေးသူဟာ တစ်ဟုန်ထိုး နာမည်ကျော်သွားခဲ့ပါတယ်။

ခုနစ်အုပ်တွဲစာအုပ်တွေ ဆက်ရေးခဲ့ပြီး စာအုပ်များဟာဆိုရင် စုစုပေါင်း အုပ်ရေ သန်း ၄၅၀ ဖိုးအထိ ရောင်းချခဲ့ရပါတယ်။ ရုပ်ရှင်အဖြစ် ရိုက်ကူးအသက်သွင်းရာမှာလည်း အောင်မြင်ခဲ့ပြီး ဟယ်ရီပေါ်တာ ပန်းဥယျာဉ်တွေအထိ ပေါ်ပေါက်ခဲ့ပြီး တစ်ချိန်က ငွေကြေးကျပ်တည်းခဲ့တဲ့ ကလေးတစ်ယောက်မိခင် အမျိုးသမီးဟာ မီလီယံနာကြီးတစ်ယောက်ဖြစ်ခဲ့ပါပြီ။

ဟယ်ရီပေါ်တာ ပရိသတ်တွေဟာ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ အနှစ် ၂၀ ပြည့်ကို ဆင်နွှဲနေကြပြီးတော့ ဂျေကေရိုးလင်းကိုယ်တိုင်ကလည်း Twitter ပေါ်ကနေ ပရိသတ်တွေကို အမှတ်တရစကားပြောကြားခဲ့ပါတယ်။

“လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ခန့်က ဒီလိုနေ့မှာပဲ တစ်ယောက်တည်း နေထိုင်နေသူတစ်ယောက်ဟာ တခြားသူတွေဆီကို ရုတ်တရက်ဆိုသလို လမ်းပွင့်ရောက်ရှိသွားခဲ့ပါတယ်” လို့ ဂျေကေရိုးလင်းက ရေးသားခဲ့ပါတယ်။

လူမှုကွန်ရက်မီဒီယာ facebook ဟာလည်း ဂျေကေရိုးလင်းရဲ့ ဇာတ်ကောင်တွေကို ဂုဏ်ပြုတဲ့ အစီအစဉ်တွေ ပြုလုပ်ပေးခဲ့ပါတယ်။ **F-02**

# “ကျွန်တော်နဲ့ အောင်ထက်က အနုပညာညီအစ်ကိုတွေ ဖြစ်တဲ့အတွက် သူ့လိုအပ်ချက်၊ ကိုယ့်လိုအပ်ချက်တွေကို ထောက်ပြသွားပြီး အကောင်းဆုံးဖန်တီးသွားမယ်”

## ဖြိုးပြည့်စုံနဲ့ တွေ့ဆုံခြင်း ▶ ဝင်းထွန်းနိုင်


ဓာတ်ပုံ- ဝင်းထွန်းနိုင်

လတ်တလောမှာ ဒုတိယတစ်ကိုယ်တော်ခွေအပြင် အတွဲခွေအတွက်ပါ သီချင်းတွေဖန်တီးနေတဲ့ တေးသံရှင်ဖြိုးပြည့်စုံနဲ့ တွေ့ဆုံပြီး မကြာခင်ထွက်တော့မယ့် ‘မျှော်နိုင်သမျှ’ MTV အကြောင်းအပါအဝင် ကျန်းမာရေးအကြောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။

**Voice: ‘မျှော်နိုင်သမျှ’ Audio ခွေက ထွက်တာ ၂ နှစ်ပြည့်တော့မယ်နော်၊ MTV က မထွက်သေးဘူးလား။**

**PPS:** MTV ကို လာမယ့်ဩဂုတ်လထဲမှာ ထွက်နိုင်ဖို့ အကုန်ပြင်ဆင်ပြီးသွားပါပြီ။ အဲ့ဒါကြောင့် ထွက်မယ်လို့လည်း ယုံကြည်ပါတယ်။ ကျွန်တော်က Music Video တစ်ခြမ်း၊ Short Story တစ်ခြမ်းဆိုပြီး နှစ်ခြမ်းခွဲရိုက်ထားပါတယ်။ ပြီးတော့ ပရိသတ်တွေကိုလည်း ရုပ်အားဖြင့်ရော အသံအားဖြင့်ပါ မှတ်မိစေချင်တဲ့ ရည်ရွယ်ချက်တစ်ခုနဲ့ ကျွန်တော်ကိုယ်တိုင် စဉ်းစားပြီးမှ ရိုက်ထားတဲ့ Music Video သုံးပုဒ်လောက်ပါတယ်။ ကျန်တဲ့သီချင်းတွေကတော့ ချစ်တာတွေ၊ လွမ်းတာတွေ၊ ကွဲတာတွေ၊ ညားတာတွေအပေါ်မှာ အခြေခံပြီး အချစ်ကိုမှ အမျိုးမျိုးပုံဖော်ထားတာပါ။

**Voice: ဒါဆို MTV ကို ကိုယ့်စိတ်ကြိုက်ပုံဖော်ထားတာပေါ့နော်။**

**PPS:** ကျွန်တော့်အနေနဲ့ကတော့ အကောင်းဆုံးကြိုးစားထားပါတယ်။ ပြီးတော့ ကျွန်တော်တစ်ယောက်တည်းအားနဲ့မဟုတ်ပါဘူး။ နံပါတ်တစ်က MTV မှာပါဝင်ထားတဲ့ သရုပ်ဆောင်တစ်ယောက်ချင်းစီတိုင်းက စိတ်အားဖြင့် မေတ္တာနဲ့ ကူညီပေးကြတယ်။ အဲဒါက ကျွန်တော့်ကို အများကြီးခွန်အားဖြစ်စေပါတယ်။ နံပါတ်နှစ်က တခြားပညာပိုင်းဆိုင်ရာ တစ်ယောက်ချင်းစီတိုင်းက သူတို့ တတ်သိနားလည်ထားတဲ့ပညာရပ်တွေနဲ့ ပံ့ပိုးပေးထားတယ်။ နံပါတ်သုံးကတော့ ကူညီပေးတဲ့ စပွန်ဆာတွေရှိတယ်။ အခုက ကျွန်တော့်ရဲ့ MTV က အားလုံးရဲ့ပူးပေါင်းပါဝင်မှုနဲ့ ထွက်လာမှာပါ။ အဲ့ဒါကြောင့် ပရိသတ်တွေလည်း ကြိုက်ကြလိမ့်မယ် ထင်ပါတယ်။

**Voice: အောင်ထက်နဲ့လည်း အတွဲခွေတစ်ခွေလုပ်နေတယ်လို့ သိရတယ်။**

**PPS:** ပရိုဂျူဆာက ခွေထုတ်ပေးမယ်ပြောတော့ အောင်ထက်ကလည်း စိတ်ဝင်စားသလို ကျွန်တော်ကလည်း စိတ်ဝင်စားတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံးက အပြင်မှာလည်း ညီအစ်ကိုတွေလိုပဲ တိုင်တိုင်ပင်ပင်ရှိကြတယ်။ ပြီးတော့ အောင်ထက်သည် အရည်အချင်းပြည့်ဝတဲ့ အဆိုတော်ပါ။ ကျွန်တော်က ဂီတနဲ့ပတ်သက်လို့ တီးတာတွေ၊ ရေးတာ တွေ မလုပ်နိုင်ဘူး။ အောင်ထက်ကကျတော့ ကိုယ်တိုင်ရေးပြီး ကိုယ်တိုင်တီးတာတွေရှိတယ်။ အဲဒါကြောင့် သူနဲ့တွဲလုပ်ရင် ကိုယ့်အတွက် တိုးတက်မှုတွေအများကြီးရှိမှာဆိုတော့ သူနဲ့ ပူးပေါင်းခွင့်ရမယ့်အခွင့်အရေးတစ်ခုကို လက်လွှတ်မခံဘဲနဲ့ လုပ်ဖြစ်သွားတာပါ။ လက်ရှိမှာတော့ ကျွန်တော်တို့နှစ်ယောက်က သီချင်းတွေကို ရွေးနေပါပြီ။

**Voice: တစ်ကိုယ်တော်ခွေထက်စာရင် နှစ်ယောက်တွဲခွေက ကိုယ့်အတွက် ဖိအားနည်းတယ်လို့ပြောရင်ရလား။**

**PPS:** ဟုတ်ပါတယ်။ အခုက ကိုယ်ဆိုထားတဲ့ သီချင်းငါးပုဒ် သို့မဟုတ် ခြောက်ပုဒ်အပေါ်မှာပဲ အကောင်းဆုံးဖန်တီးရင်ရပြီ။ ပြီးတော့ ပရိသတ်အနေနဲ့ကျတော့လည်း တစ်ယောက်တည်းထက်စာရင် နှစ်ယောက်ရဲ့ အနုပညာဖန်တီးမှုကို မြင်တွေ့ခွင့်ရမယ်၊ ခံစားခွင့်ရမယ်။ ကျွန်တော်ကတော့ အဲ့ဒီလိုပဲယူဆပါတယ်။ နောက်တစ်ခုက ကျွန်တော်နဲ့ အောင်ထက်က အနုပညာညီအစ်ကိုတွေဖြစ်တဲ့အတွက် သူ့လိုအပ်ချက်၊ ကိုယ့်လိုအပ်ချက်တွေကို ထောက်ပြသွားပြီး အကောင်းဆုံး ဖန်တီးသွားမယ်။ အဲဒီအပေါ်မှာ ပရိသတ်တွေက ပါဝင်အားဖြည့်လက်ခံပြီး အားပေးကြမယ်ဆိုရင်တော့ ဒီခွေကလည်း အောင်မြင်ပါလိမ့်မယ်။

**Voice: လက်ရှိမှာ ဒုတိယတစ်ကိုယ်တော်ခွေကိုလည်း ပြင်ဆင်နေပြီဆိုတော့ သီချင်းပုံစံတွေက ပထမခွေနဲ့ ဘာတွေအပြောင်းအလဲလုပ်ထားလဲ။**

**PPS:** သီချင်းက ခြောက်ပုဒ်တော့ပြီးသွားပါပြီ။ ပထမခွေမှာတုန်းက တေးရေးအကြီးတွေပါသလို သီချင်းတွေက ကော်ပီတွေများတယ်။ ဒုတိယခွေကျတော့ တေးရေးတွေက လူငယ်တွေများပြီး သီချင်းတွေက ကိုယ်ပိုင်သံစဉ် တွေများတယ်။ ပြီးတော့ ကျွန်တော့်ရဲ့အားသာချက်အတိုင်း Pop သီချင်းချိုချိုလေးတွေ၊ အေးအေးလေးတွေအပေါ်မှာ အခြေခံပြီးတော့ ပြောင်းလဲသွားမှာပေါ့နော်။

**Voice: Title ကို စဉ်းစားထားပြီးပြီလား။**

**PPS:** လောလောဆယ်မှာတော့ Title ကို ‘သတိရပါရစေ’ ဆိုပြီး ယာယီပေးထားပါတယ်။ ပထမက ဝေကြီး ရေးပေးထားတဲ့ ‘မှတ်တိုင်’ သီချင်းကို ပေးမလို့ပါ။ အဲ့ဒီသီချင်းက ‘ရတနာပုံ’ ရုပ်သံဇာတ်လမ်းတွဲမှာလည်းပါပါတယ်။ သူက ‘လရိပ်’ လို ပရိသတ်ရင်ထဲကို တစိမ့်စိမ့်နဲ့သွားမယ့်သီချင်းမျိုးဖြစ်နေတယ်။ အဲ့ဒါကြောင့် ကျွန်တော်က ပရိသတ်ရင်ထဲကို တန်းရောက်စေမယ့် ‘သတိရပါရစေ’ သီချင်းကို ပေးဖြစ်တာပါ။ ဒီသီချင်းကို တေးရေးဆရာ မင်းချစ်သူက ရေးပေးထားတယ်။

**Voice: သည်းခြေမှာ ကျောက်တည်နေတဲ့ကျန်းမာရေးအခြေအနေကိုလည်း ပြောပြပေးပါဦး။**

**PPS:** ကျွန်တော်က သည်းခြေမှာ ကျောက်တည်တာပါ။ တကယ်တော့ ကျောက်တည်ပြီဆို သည်းခြေက အချိန်မရွေး ရောင်လာနိုင်တယ်၊ ပေါက်နိုင်တယ်ဆိုတော့ ဆရာဝန်တွေက ထုတ်စေချင်တယ်။ တစ်နည်းအားဖြင့် သည်းခြေကို ထုတ်စေချင်တာပေါ့နော်။ ကျွန်တော့်အနေနဲ့ကျတော့ အသက်က ငယ်သေးတော့ သည်းခြေထုတ်ရမှာကို ကြောက်တယ်၊ စိုးရိမ်တယ်။ အဲ့ဒီနှစ်ခုကြားမှာ ဗျာများနေတာဆိုတော့ စောင့်ကြည့်ခြင်းနဲ့ပဲ ကုသနေပါတယ်။ သေချာတာကတော့ တိကျတဲ့ ကုသမှုကို ယူကိုယူရမှာပါ။ ကျွန်တော်လည်း ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ကိုယ်က နည်းနည်း ကျန်းမာသေးတယ်ဆိုတော့ ရောဂါဖိစီးမှုက မပြင်းထန်သေးဘူး။ ပြီးတော့ ပြင်ဆင်ချိန်လည်းရှိတယ်။ အဲဒါကြောင့် ကြိုးစားပြီးတော့ အလုပ်နဲ့ ကျန်းမာရေးကို ချိန်ပြီးလုပ်နေပါတယ်။

**Voice: ကိုယ်ကိုယ်တိုင်က ဆရာဝန်တစ်ယောက်ဆိုတော့ ကိုယ့်ရဲ့ရောဂါအပေါ်ကို ဘယ်လိုမြင်မိလဲ။**

**PPS:** အမှန်တကယ်က ဆရာဝန်သာပြောတာပါ၊ ဆရာဝန်တွေက ပိုဆိုးကြတယ်။ သူတို့က သူများကိုသာ ဒီဟာမလုပ်နဲ့၊ ဟိုဟာမလုပ်နဲ့ဆိုပြီး ပညာပေးတာပါ၊ ကိုယ်ကိုယ်တိုင်ကျတော့ မဆင်ခြင်နိုင်ကြဘူး။ တကယ်တော့ ကျွန်တော် သည်းခြေကျောက်တည်တယ်ဆိုတာ မဆင်ခြင်ဘဲ စားခဲ့မိတဲ့အစားအစာတွေရဲ့နောက်ဆက်တွဲ ဆိုးကျိုးပါပဲ။ လက်ရှိအချိန်မှာတော့ တော်တော်လေးကို ဆင်ခြင်နေရပါပြီ။ ဒါပေမဲ့ ဖြစ်မှ ဆင်ခြင်တာကတော့ ရောဂါပျောက်ဖို့အတွက်မဟုတ်ဘဲ ရောဂါ သက်သာဖို့သာ ဖြစ်တာပေါ့နော်။ အဲ့ဒါကြောင့် ရောဂါမဖြစ်ခင်မှာ ကြိုတင်ကာကွယ်တာကတော့ အကောင်းဆုံးပါပဲလို့ ပြောချင်ပါတယ်။



# ခရိုနီတွေအကြောင်း ရုပ်ရှင်က မေတ္တာတရားကို အခြေခံပြီး ရိုက်မှာပါ ဆိုတဲ့ ဒါရိုက်တာ သည်ခေတ်နေ

ရန်ကုန်၊ ဇွန် ၂၇

ဓာတ်ပုံ- သည်ခေတ်နေ Facebook Page

တေးသံရှင် မိုးမိုး ရေးသားထားတဲ့ ခရိုနီတွေ အကြောင်း ရုပ်ရှင်ဇာတ်ကားက မေတ္တာ တရား အကြောင်းကို အခြေခံပြီး ရိုက်ကူးသွားမှာ ဖြစ်ကြောင်း ယင်းဇာတ်ကားကို ရိုက်ကူးမယ့် ဒါရိုက်တာ သည်ခေတ်နေက The Voice ကို ပြောကြားပါတယ်။

"ကိုမိုးမိုး ရေးထားတဲ့ ဇာတ်လမ်းလေး ကတော့ တော်တော်ကောင်းပါတယ်။ ကျွန်တော် လည်း အရမ်းရိုက်ချင်တဲ့ ဇာတ်လမ်းပုံစံမျိုးပါ။ သရုပ်ဆောင်တွေကတော့ လောလောဆယ် ကိုကျော်ကျော်ဗိုနဲ့ ကိုမိုးမိုးကိုယ်တိုင် ပါဝင် သရုပ်ဆောင်ဖို့ လျာထားပါတယ်။ မင်းသမီးက တော့ မရွေးရသေးပါဘူး။ ကျွန်တော်တို့ စက်တင်ဘာလထဲမှာ စရိုက်ပါမယ်" လို့ ယင်း ဇာတ်ကားနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းဇာတ်ကားရဲ့နာမည်ကိုတော့ 'Dear Boss ' လို့ ပေးထားပြီး ပရိသတ်အများစု အမြင်စောင်းနေကြသလို ပုံစံမျိုး ရိုက်ကူးသွားမှာ မဟုတ်ဘဲ၊ မျှမျှတတဖြစ်အောင် ရိုက်ကူးသွားမှာ ဖြစ်ကြောင်း၊ လူတိုင်းမှာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ မေတ္တာတရားတော့ ရှိကြ တယ်ဆိုတဲ့ အကြောင်းလေးကို ပုံဖော် ရိုက်ကူး သွားမှာဖြစ် ကြောင်း ဒါရိုက်တာ သည်ခေတ်နေက ပြောကြားပါတယ်။

"ဇာတ်လမ်းလေးကတော့ လူငယ် သုံးယောက်က ခရိုနီတွေကို မုန်းတာမဟုတ်ဘဲ ပိုက်ဆံကို မုန်းကြတာပေါ့။ သူတို့က ခရိုနီတွေရဲ့ ပစ္စည်းတွေကို လုတာမဟုတ်ဘူး။ ခိုးတာ မဟုတ် ဘူး။ ခရိုနီတွေရဲ့ အိမ်ထဲကို ဝင်ပြီးတော့ သောင်းကျန်းသွားတယ်။ ပစ္စည်းတွေကို နေရာ တလွဲစီ ထားခဲ့တယ်။ အဲ့ဒီလို လုပ်ရင်းနဲ့ မထင်မှတ် ဘဲ နောက်ဆုံးမှာ သူတို့အကွက်နဲ့ သူတို့ပြန်ခံ လိုက်ရတဲ့ ဇာတ်လမ်းလေးပါ" လို့ ၎င်းက ဆိုပါတယ်။



# Asia Model Award ဆု ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိတယ်ဆိုတဲ့ ထွန်းကိုကို

ရန်ကုန်၊ ဇွန် ၂၇

ကိုရီးယားနိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ Asia Model Festival 2017 ပွဲမှာ Asia Model Award ဆုကို ချီးမြှင့်ခံ ရတဲ့ မော်ဒယ်လ်၊ သရုပ်ဆောင်ထွန်းကိုကိုက အတိုင်းမသိ ဝမ်းသာမိသလို ကိုယ့်နိုင်ငံအတွက်လည်း ဂုဏ်ယူမိတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်က ၂၀၁၃ ခုနှစ်က Asia New Star ပြိုင်ပွဲကို သွားပြိုင်ပြီး ပထမဆုရခဲ့တယ်။ ကျွန်တော်ဆုရ ပြီးတော့ အနုပညာအလုပ်တွေကို လုပ်ခွင့်ရခဲ့တယ်။ ပရိသတ် ကလည်း စပြီး လက်ခံအားပေးလာကြတယ်။ အဲဒါကြောင့် ၂၀၁၇ ခုနှစ်မှာ Asia Model Award ဆုကို ထပ်ပေးတာ ပေါ့နော်။ ကျွန်တော့်အနေနဲ့လည်း ဆုထပ်မံရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်ရပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောပါတယ်။

ပထမတစ်ကြိမ် ဆုရပြီးကတည်းက ကိုယ်ဝါသနာပါတဲ့ အနုပညာအလုပ်တွေကို အများကြီးလုပ်ခွင့်ရခဲ့ပြီး ပရိသတ် တွေရဲ့အသိအမှတ်ပြုခြင်းကို ခံလာရကြောင်း၊ ဒုတိယအကြိမ် ထပ်မံရရှိတဲ့အတွက်လည်း တာဝန်ပိုကြီးလာသလို အနုပညာ အလုပ်တွေကို အရင်ကထက် ပိုကြိုးစားလုပ်သွားမှာဖြစ်ပြီး ပရဟိတအလုပ်တွေကို ပိုလုပ်ဆောင်သွားမှာဖြစ်ကြောင်း မော်ဒယ်လ် သရုပ်ဆောင်ထွန်းကိုကိုက ပြောထားပါတယ်။

"ရုပ်ရှင်ကားကြီးအနေနဲ့ကတော့ ဩဂုတ်လမှာ တစ်ကား၊ စက်တင်ဘာလမှာ တစ်ကား ရိုက်ဖို့လက်ခံထားပါ တယ်။ ကိုယ့်ရဲ့ဇာတ်ရုပ်တွေကိုတော့ သေချာမသိသေးပါဘူး။ ဒါပေမဲ့ ရှေ့က ရိုက်ခဲ့ကားတွေမှာတော့ ရဲဇာတ်ရုပ်တွေ များပါတယ်။ အဲဒါကြောင့် ရဲဇာတ်ရုပ်တွေနဲ့ အကျိုးပေးနေ တယ်ပြောရမယ်။ ပြီးတော့ နယ်ပွဲတွေမှာလည်း သီချင်းဆိုဖို့ရှိပါတယ်" လို့ ၎င်းက ပြောပါတယ်။

ဓာတ်ပုံ- ထွန်းကိုကို Facebook Page



soompi.com

# အွန်လိုင်းမှာ ဩဇာလွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ် ၂၅ ဦးစာရင်းမှာ ပါဝင်ခဲ့တဲ့ BTS

ဆိုးလ်၊ ဇွန် ၂၇

တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် အမျိုးသား ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ ကမ္ဘာ ကျော် Time မဂ္ဂဇင်း က ရွေးချယ်တဲ့ အွန်လိုင်းမှာ ဩဇာလွှမ်းမိုးမှု အရှိဆုံးပုဂ္ဂိုလ် ၂၅ ဦးစာရင်းမှာ ပါဝင် ခဲ့ကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

ဒီစာရင်းမှာတော့ အမေရိကန် နိုင်ငံရဲ့သမ္မတ ဒေါ်နယ်ထရန့်၊ ကင်ကဒါးရှီးယန်း၊ ရီယားနား၊ ဂျေကေ ရိုးလင်းတို့လည်း ပါဝင်ခဲ့ပါတယ်။ လူမှု ကွန်ရက်ပေါ်မှာ ကမ္ဘာနဲ့ ချီပြီး ဩဇာလွှမ်းမိုးနိုင်မှု အပေါ် မူတည်ပြီးတော့ တစ်နှစ်တာအတွင်း အွန်လိုင်းမှာ ဩဇာလွှမ်းမိုးမှုအရှိဆုံး လူပုဂ္ဂိုလ် ၂၅ ဦးကို Time မဂ္ဂဇင်းက ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

BTS အဖွဲ့က Billboard ရဲ့ Social 50 Chart မှာ သီတင်းပတ်ပေါင်းများစွာ ထိပ်ဆုံးမှာ ရပ်တည်နိုင် ခဲ့သလို Billboard 200 Album Chart မှာလည်း ပါဝင်ခဲ့ပါတယ်။ Billboard Music Awards ဆုပေးပွဲမှာ လည်း Top Social Artist Award ဆုကို ရရှိခဲ့ပါတယ်။

လက်ရှိမှာတော့ BTS အဖွဲ့က ကမ္ဘာလှည့် ဂီတဖျော်ဖြေရေးခရီးစဉ်အဖြစ် ဂျပန်နိုင်မှာ ဖျော်ဖြေ ဖို့ ရှိပြီး၊ နှစ်ကုန်ပိုင်းမှာတော့ တေးအယ်လ်ဘမ်သစ် ထွက်ရှိနိုင်ဖို့အတွက် ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။



# အောင်မြင်တဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်ချင်တယ် ဆိုတဲ့ ယွန်းဝင့်လွှာအောင်

ရန်ကုန်၊ ဇွန် ၂၇

ဓာတ်ပုံ- သန့်ဇင်ဦး

မကြာခင်က ကျင်းပပြီးစီးခဲ့တဲ့ Miss Now How 2017 ပြိုင်ပွဲမှာ Winner ဆုကို ရရှိခဲ့တဲ့ ယွန်းဝင့်လွှာအောင်က အနုပညာနဲ့ ပတ်သက်တဲ့ ရည်မှန်းချက်တစ်ခုကတော့ အောင်မြင်တဲ့ သရုပ်ဆောင်တစ်ယောက်ဖြစ်ချင်တာပါလို့ The Voice ကို ပြောကြားပါတယ်။

"Miss Now How ပြိုင်ပွဲက ညီမရဲ့ ပထမဆုံး ပြိုင်ပွဲပါ။ ပထမဆုံးပြိုင်ပွဲမှာပဲ ကိုယ့်ထက်စီနီယာတွေ အများကြီးကြားထဲမှာ Winner ဆုကို ရခဲ့တဲ့အတွက်တော့ အတိုင်းမသိ ဝမ်းသာခဲ့ရပါတယ်။ ရှေ့ဆက်ပြီး တော့ ညီမက သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားသွားမှာပါ" လို့ ၎င်းက ထပ်လောင်း ပြောဆို ပါတယ်။

မော်ဒယ်လ်ထက် သရုပ်ဆောင်တစ်ယောက် ပိုပြီး ဖြစ်ချင်ပြီး လက်ရှိမှာတော့ MRTV4 က နေ ဖွင့်လှစ်ထားတဲ့ သရုပ်ဆောင်သင်တန်းမှာ တက်ရောက်သင်ကြားနေကြောင်း၊ သင်တန်းပြီးရင်တော့ ဇာတ်လမ်းတွဲတွေ စတင်ရိုက်ကူးရမှာ ဖြစ်ကြောင်း ယွန်းဝင့်လွှာအောင်က ပြောကြားပါတယ်။

"Miss Now How ပြိုင်ပွဲပြီးပြီးချင်းမှာပဲ MRTV4 က လူကြီးတွေက ညီမကို လာပြီး ဆက်သွယ်ပါ တယ်။ အရင်က တည်းက သရုပ်ဆောင်သင်တန်းတက်ချင်ပေမယ့် ဘယ်မှာ သွားတက်ရမှန်းမသိဘူး။ MRTV4 က လူကြီးတွေက သူတို့ ဆီမှာ အင်တာဗျူး လာဖြေပါလို့ပြောတော့ ယွန်း သွားဖြေတယ်။ အင်တာဗျူးအောင်သွားတဲ့အတွက် သင်တန်းတက်နေတာ နှစ်လ ပြည့်သွားပါပြီ။ တစ်လပဲ ကျန်ပါတော့ တယ်" လို့ ၎င်းကဆိုပါတယ်။

လက်ရှိမှာ အသက်က ၁၉ နှစ်ပဲ ရှိသေးတဲ့အတွက် Miss ပြိုင်ပွဲတွေ ထပ်မံယှဉ်ပြိုင်လို့ရနေသေး တာကြောင့် ကိုယ့်ရဲ့ အရည်အချင်းတွေကို ပိုမိုပြည့်စုံအောင် ဖြည့်ဆည်းပြီးသွားရင်တော့ Miss ပြိုင်ပွဲတွေကို ဆက်ပြိုင်ဖို့ ဆန္ဒရှိကြောင်း ယွန်းဝင့်လွှာအောင်က ပြောကြားပါတယ်။

# TECHNOLOGY

## တစ်နာရီ ကီလိုမီတာ ၃၀၀ ခုတ်မောင်းနိုင်သည့် ကျည်ဆန်ရထားလိုင်း တရုတ်ဖွင့်လှစ်

**ပေကျင်း၊ ဇွန် ၂၇**



တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့် ရထားနည်းပညာကို ဖော်ထုတ်ပြသရာရောက်သည့် ဘေဂျင်းမှ ရှန်ဟိုင်းသို့ ခုတ် မောင်းပြေးဆွဲရန် တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ မှ ၃၀၀ အထိပြေးဆွဲနိုင်သည့် ကျည်ဆန်ရထားလမ်း ကြောင်းသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း Xinhua သတင်းတွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံက မူပိုင်ခွင့်အပြည့်ဖြင့် တရုတ်ဒီဇိုင်းအတိုင်း တီထွင်ထားသော ကျည်ဆန်ရထား Fuxing (Renaissance) ကို ယင်းလိုင်းတွင် ပြေးဆွဲမည်ဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

နိုင်ငံတကာရထားသမဂ္ဂအဖွဲ့၏ ထုတ်ပြန်ချက်အရ ရထားပို့ဆောင်ရေးတွင် တစ်နာရီ ကီလိုမီတာ ၂၀၀ ခန့်အထိသာ စံချိန်တင်ထားသော်လည်း တရုတ်တို့က ရထားလိုင်းကို တစ်နာရီ ကီလိုမီတာ ၂၅၀ မှ ၃၀၀ အထိ တိုးမြှင့်စွမ်းဆောင် နိုင်သဖြင့် ရထားပို့ဆောင်ရေး၌ ရှေ့တန်းကို ရောက်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း ပြောကြားခဲ့သည်။

လက်ရှိအနေအထားတွင် ဂျပန်နိုင်ငံ Shinkansen ရထားလိုင်းက တစ်နာရီလျှင် ကီလိုမီတာ ၂၄၀ မှ ၃၂၀ နှုန်းဖြင့် ကျည်ဆန်ရထားများကို ပြေးဆွဲနိုင်သောကြောင့် ကမ္ဘာ့အမြန်ဆုံး ရထားလိုင်းအဖြစ် နေရာရထားသည်။

တရုတ်နိုင်ငံသည် ရထားလုပ်ငန်းထဲသို့ နောက်ကျပြီးမှ ရောက်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း မြန်နှုန်းမြင့် ရထားလမ်းကို ကီလိုမီတာ ၁၀၀၀၀ ခန့် ဖောက်နိုင်ခဲ့ပြီး တရုတ်ရထားနည်းပညာကို မြှင့်တင်နိုင်ခဲ့ကြောင်း Xinhua သတင်းတွင် ရေးသားထားသည်။

တရုတ်နိုင်ငံတွင် နိုင်ငံ့ခေါင်းဆောင်ပိုင်းကလည်း တရုတ်နိုင်ငံကလုပ်သည့် အမှတ်တံဆိပ်ကို တန်ဖိုးရှိစေရန် မြှင့်တင်လုပ်ဆောင်ပြီး နည်းပညာတိုးတက်မှုကို ဂုဏ်ဆောင်နိုင်စေရန် လမ်းညွှန်ခဲ့သဖြင့် ဥရောပ ရထားလုပ်ငန်းကို ကျော်လွှားနိုင်စေရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ရုရှားနိုင်ငံ အင်ဂျင်နီယာသမဂ္ဂမှ တွဲဖက်ဥက္ကဋ္ဌ အိုင်ဗန် အန်ဒရေစကီးကလည်း တရုတ်တို့၏ ကိုယ်ပိုင်တီထွင် နေမှုများသည် အဆင့်မြင့် တိုးတက်နေရုံမက အရည်အသွေးအရရော တန်ဖိုးအရပါအပြင် နည်းပညာအရလည်း သတိထားရန်လိုကြောင်း ပြောကြားသည်။ ■

---

## စိတ်ကျဝေဒနာကိုကုစားနိုင်မည့် ခေါင်းဆောင်းများ တောင်ကိုရီးယားတီထွင်

**ဆိုးလ်၊ ဇွန် ၂၇**


Virtal Updates

တောင်ကိုရီးယားနိုင်ငံက နည်းပညာကုမ္ပဏီအသစ်တစ်ခု ဖြစ်သည့် ဒေဂျွန်းနယ် အခြေစိုက် Ybrain သည် ဦးခေါင်းဆောင်းထားပြီး လျှပ်စစ်ခါတ်ကုထုံးဖြင့် စိတ်ကျဝေဒနာများကို ကုစားနိုင်မည့် နည်းပညာတစ်ခုကို တီထွင်ခဲ့ကြောင်း Virtual Updates သတင်းတွင် ဖော်ပြထားသည်။

တီထွင်ထားသည့် ယင်းခေါင်းဆောင်ကို ယခုအခါ ဟားဗတ်ဆေးတက္ကသိုလ်တွင် စမ်းသပ်လျက်ရှိပြီး မကြာသော ကာလတွင် FDA ထောက်ခံမှုဖြင့် အများပြည်သူများ ဝယ်ယူသုံးစွဲနိုင်ရေး ဈေးကွက်တင်ရန် စီစဉ်လျက်ရှိကြောင်း ယင်းသတင်းကဆိုသည်။

Mindd ဟုအမည်ပေးထားသော ခေါင်းဆောင်းအသစ် နည်းပညာအတွက် Ybrain ကုမ္ပဏီသည် ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားပြီး ၂၀၁၅ ခုနှစ်ကတည်းက တီထွင်မှုများကို လုပ်ဆောင်လာခဲ့ကာ အယ်လ်ဇိုင်းမားရောဂါဝေဒနာရှင်များအတွက် ကုထုံးတစ်ခုအနေနှင့် ရည်စူးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

Mindd ဆိုသည့် စိတ်ဖိစီးမှုကုသသည့် ခေါင်းဆောင်းကို ကိုရီးယားအဆင့်မြင့် သိပ္ပံနှင့်နည်းပညာဌာနမှ သူငယ်ချင်း သုံးဦးက စုပေါင်းတီထွင်ခဲ့ခြင်းဖြစ်ပြီး မိမိကိုယ်မိမိ စိတ်ကျဝေဒနာများကြောင့် သတ်သေမှုနှုန်းများ မြင့်မားနေခြင်းအား ကုသနိုင်ရေးအတွက် အထောက်အကူပေးနိုင်ရန် တီထွင်ခဲ့ခြင်းလည်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံတွင် တစ်ရက်လျှင် စိတ်ခါတ်ကျခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ်သတ်သေသည့်နှုန်း ၃၈ ဦးအထိ မြင့်မားခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စုတွင်လည်း တစ်နှစ်လျှင် စိတ်ခါတ်ကျသောကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေနှုန်းမှာ ၄၅၀၀၀ ခန့်အထိရှိလာကြောင်း၊ တစ်ရက်လျှင် ၄၁ ဦးခန့် သတ်သေနေသည့် သဘောဖြစ်ကြောင်း Vital Updates တွင်ရေးသားထားသည်။

Ybrain ကုမ္ပဏီသည် တီထွင်ထားသည့် Mindd ခေါင်းဆောင်းများကို ဆေးရုံပေါင်း ၁၅၀ ထံ ဖြန့်ချိပေးထားကာ စမ်းသပ်ရန် စီစဉ်လျက်ရှိပြီး FDA ၏ ခွင့်ပြုချက်ရပါက ၂၀၁၉ ခုနှစ်တွင် ဈေးကွက်တင်မည်ဟုဆိုသည်။

ယခုအခါ Mindd ခေါင်းဆောင်းများကို ဟားဗတ်တက္ကသိုလ်တွင် ကျောင်းသား ၅၀၀ အား စမ်းသပ်လျက်ရှိပြီး၊ အနာဂတ်တွင် စိတ်ကျဝေဒနာများကို ကိုယ်တိုင် အိမ်တွင်ကုနိုင်သည့်အဆင့်ရောက်လာတော့မည်ဟု Ybrain ၏ စီအီးအိုဖြစ်သူ လီကီဝမ်ကပြောကြားသည်။ ■

---

## NEWS IN BRIEF

### လကြတ်သည်ကိုကြည့်ရန်အတွက် အထူးမျက်မှန်နှစ်သန်း စာကြည့်တိုက်များကိုလှူဒါန်း

လာမည့် ဩဂုတ်လ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံး၌ လကြတ်သည့်မြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်သောကြောင့် အာကာသသိပ္ပံအဖွဲ့ (SSI) က တစ်နိုင်ငံလုံးရှိပြည်သူများလေ့လာကြည့်ရှု နိုင်ရန် စာကြည့်တိုက်များသို့အထူးမျက်မှန် နှစ်သန်း လှူဒါန်းထားကြောင်း Space.com သတင်းတွင် ဖော်ပြထားသည်။

အမေရိက၏မဟာလငပုပ်ဖမ်းပွဲဟု အမည်ပေးထားသည့် ကြုံခဲလှသော မြင်ကွင်းကို အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ်မှသည် တောင်ကာရိုလိုင်းနားအထိ တွေ့မြင်ကြရမည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

နေက လကိုခေတ္တဖုံးလွှမ်းနေချိန်အား သာမန်မျက်စိဖြင့်ကြည့်လျှင် ပျက်စီးစေနိုင်ကြောင်း၊ ထို့ကြောင့် အထူးမျက်မှန်များကို နိုင်ငံအတွင်းရှိ စာကြည့်တိုက်ပေါင်း ၄၈၀၀ သို့ အခမဲ့ကြည့်ရှုနိုင်ရေးအတွက် လှူဒါန်းကာ အသင့်ထားပေးရကြောင်း SSI အဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။ ■

### အကြမ်းဖက်သမားများ ဆန့်ကျင်ရေး အင်တာနက်ကုမ္ပဏီများ ပူးပေါင်းမည်

ကမ္ဘာ့အဓိက အင်တာနက်ကုမ္ပဏီကြီးများဖြစ်ကြသည့် Facebook, Microsoft, Twitter, YouTube တို့သည် အကြမ်းဖက်မှုဆန့်ကျင်ရေးကမ္ဘာ့အင်တာနက်ညီလာခံတွင် တွေ့ဆုံကြပြီး အကြမ်းဖက်အဖွဲ့အစည်းများ၏ အစွန်းရောက်ရေးသားဝါဒဖြန့်နေမှုများကို အွန်လိုင်းပေါ်တွင် တိုက်ဖျက်ဖယ်ရှားသွားကြရန် သဘောတူညီခဲ့ ကြကြောင်း PC Mag သတင်းတွင်ဖော်ပြထားသည်။

ယင်းအဖွဲ့အစည်းများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ပူးပေါင်းပြီး အင်တာနက်ပေါ်တွင် အကြမ်းဖက်သူများ လှုပ်ရှားနေမှုများကို တားဆီးနိုင်ရန် ထောက်ပံ့သွားမည်ဟု ပြောကြားသည်။

Microsoft ကုမ္ပဏီကြီးသည် ကိုယ်ပိုင် Being ဆိုသည့် အင်တာနက် ရှာဖွေရေးလုပ်ငန်းကို ထူထောင်ကာ အကြမ်းဖက်သမားများ၏ ရေးသားမှုများ၊ ဗီဒီယိုဖိုင်များကိုကာကွယ်တားဆီးလျက်ရှိကြောင်း PC Mag တွင် ရေးသားထားသည်။ ■

### ထိုင်းနိုင်ငံသည်အာရှတွင်Malwareထိပ်တန်း၁၀နိုင်ငံစာရင်းဝင်ဟုဆို

အာရှ-ပစိဖိတ်နိုင်ငံများထဲတွင် ထိုင်းနိုင်ငံသည် ခိုးကူးဆော့ဖ်ဝဲများကို အသုံးအများဆုံးနှင့် အင်တာနက် သုံးစွဲမှု များသည့်နိုင်ငံဖြစ်သောကြောင့် Malware ဟုခေါ်သည့် ကွန်ပျူတာဗိုင်းရပ်စ် အများဆုံးတိုက်ခိုက်ခြင်းခံရသည့် နိုင်ငံလည်းဖြစ် ကြောင်း Microsoft ကုမ္ပဏီ၏ပြောကြားချက်ကို Bangkok Post သတင်းတွင်ဖော်ပြထားသည်၊

ထိုင်းနိုင်ငံသည် အာရှတွင် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ပြီးလျှင် အများဆုံး ဗိုင်းရပ်စ်များ၏ တိုက်ခိုက်မှုကို ခံနေရသည့် နိုင်ငံဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

အာရှ-ပစိဖိတ်နိုင်ငံများအတွင်း ဟောင်ကောင်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံများသည် Malware တိုက်ခိုက်ခြင်းခံရမှု အနည်းဆုံး နိုင်ငံများဖြစ်ပြီး ထိုင်းနိုင်ငံ၏ ကွန်ပျူတာများတွင် အသုံးပြုနေကြသည့် ဆော့ဖ်ဝဲ ၈၂ ရာခိုင်နှုန်း ခန့်မှာ ခိုးကူးထားသော ဆော့ဖ်ဝဲများဖြစ်သောကြောင့် တိုက်ခိုက်မှုအများဆုံးခံရကြောင်း Bangkok Post တွင် ရေးသားထားသည်။ ■

### အမေရိကန်အစိုးရနှင့် ဆက်စပ်နေသော Website များ IS ထောက်ခံအဖွဲ့များက တိုက်ခိုက်

အမေရိကန်အစိုးရအဖွဲ့နှင့် ဆက်စပ်နေသော Website များ၊ အထူးသဖြင့် အိုဟိုင်းအိုးပြည်နယ်မှ Website များကို အစ္စလာမ္မစ်ထောက်ခံသည့် အဖွဲ့အစည်းများ (IS) က ပူးပေါင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

Website တိုင်းသို့ထရမ့်လုပ်သမျှ သင်တို့တွင်လည်း တာဝန်ရှိကြောင်း၊ မွတ်ဆလင်တိုင်းပြည်များတွင် သွေးမြေကျအောင်လုပ်နေသည့်အတွက် သင်တို့တွင်လည်းတာဝန်ရှိကြောင်း စာတန်းများပေးပို့ကာ တိုက်ခိုက် လျက်ရှိကြောင်း ယင်းသတင်း ကဆိုသည်။

တိုက်ခိုက်သည့်စာတန်းများနောက်တွင် Team System Dz ဆိုသည့် စာတန်းကိုထားခဲ့ပြီး IS ကိုချစ်တယ် ဆိုသည့်စာများလည်း ရေးထားကြောင်း၊ ယင်းအုပ်စုသည် အယ်လ်ဂျီးရီးယားနိုင်ငံတွင် အခြေစိုက်ပြီး လှုပ်ရှားနေခြင်းဖြစ်ကြောင်း AFP တွင် ရေးသားထားသည်။ ■

### ကမ္ဘာ့မြို့တော်ဝန်များပူးပေါင်းပြီး ကမ္ဘာမြေကိုကယ်တင်ရန် တိုက်တွန်း

ဝါရှင်တန်၊ ဘာလင်၊ ပဲရစ်၊ တိုကျိုနှင့် ဆစ်ဒနီနိုင်ငံများမှ မြို့တော်ဝန်များက ဦးဆောင်ပြီး ဒါဇင်နှင့်ချီသော နိုင်ငံများမှ မြို့တော်ဝန်များသည် G20 အဖွဲ့ခေါင်းဆောင်များထံ ရာသီဥတုပြောင်းလဲနေမှုကြောင့် ကမ္ဘာကြီးတွင် ကျရောက်လာမည့် ဘေးအန္တရာယ်များကို ကယ်တင်ရန်စာများပေးပို့ခဲ့ကြောင်း AFP သတင်းတွင် ရေးသားထားသည်။

ကမ္ဘာ့မြို့ကြီးများ၏ မြို့တော်ဝန်များအနေနှင့် သန်းပေါင်းများစွာသော ပြည်သူများကိုယ်စား G20 ခေါင်းဆောင် များထံ အလေးထားဆွေးနွေး ဆောင်ရွက်ပေးနိုင်ရေးအတွက် အွန်လိုင်းကတစ်ဆင့်လည်း စာများပေးပို့ကြရန် တိုက်တွန်းထားကြောင်း ယင်းသတင်းကဆိုသည်။ လာမည့် ဇူလိုင်လ ၇ ရက်မှ ၈ ရက်အတွင်း ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ကျင်းပမည့် G20 အစည်းအဝေးတွင် တွေ့ဆုံမည့် ကမ္ဘာ့ထိပ်သီးခေါင်းဆောင် ၂၀ အတွက် တိုက်တွန်းချက်များကို မြို့တော်ဝန်များကဦးဆောင်ပြီး လှုပ်ရှားနေကြကြောင်း AFP သတင်းတွင် ရေးသားထားသည်။ ■

# လှည်းကူး ကျူးအရှုပ်တော်ပုံ

## ခင်မြတ်မြတ်ဝေ


EPA

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးစိုက်ရာ ရန်ကုန်တိုင်း လွှတ်တော်ဝင်း၏ ဂိတ်အမှတ် ၄ တွင် ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်ပြုရန် လူအချို့ ခွင့်တောင်းနေကြသည်။

ဇွန် ၂၀ ရက်နေ့က ပထမအကြိမ် လာရောက်ခဲ့ပြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်ရရန် နာရီများစွာ စောင့်ဆိုင်းနေသော်လည်း ဝန်ကြီးချုပ် ပြည်ပခရီးစဉ်ထွက်ခွာနေသောကြောင့် တွေ့ဆုံခွင့်မရခဲ့။

ယခုဒုတိယအကြိမ် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီဝန်ကျင်းတွင် ထပ်မံလာရောက်ကာ တွေ့ဆုံခွင့်ရရေး ကြိုးစားနေသော်လည်း တွေ့မည့်ရက်ချိန်းကို အကြောင်းပြန်မည်ဆိုသည့် သတင်းစကားနှင့်သာ ကျေနပ်ခဲ့ရသည်။

ဝန်ကြီးချုပ်နှင့် တွေ့ခွင့်ရရန် လာရောက်စောင့်ဆိုင်းနေသူများသည် လှည်းကူးမြို့နယ် အမြန်လမ်းဘေးရှိကျူးကျော်များကို ရှင်းလင်းရာတွင် ပါသွားသူများဖြစ်သည်။

ကျွန်းကလေးကျေးရွာတွင် ပေ ၂၀ ပေ ၆၀ မြေကွက်ကို လွန်ခဲ့သည် တစ်လခန့်က ဝယ်ယူခဲ့သည့် ဦးသိန်းအောင်လည်း ယင်းလူစုတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။

ဦးသိန်းအောင်သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဇာတိမှာနေထိုင်ရင်း အလုပ်အကိုင်ရှားပါးသောကြောင့် ၂၀၀၄ ခုနှစ်က ရန်ကုန်မြို့သို့ အလုပ်လုပ်ကိုင်ရန် ရောက်ရှိလာခဲ့သူဖြစ်သည်။

ဦးသိန်းအောင် ပန်းရန်လုပ်၍ အသက်မွေးနေသူဖြစ်ပြီး ဇနီးဖြစ်သူက အထည်ချုပ်လုပ်သားတစ်ဦးဖြစ်သည်။

သူတို့အိပ်မက်က တစ်နေ့ ရန်ကုန်မြို့ပေါ်တွင် အိုးပိုင်အိမ်ပိုင် ကျောတစ်ခင်းစာနေရာ ဝယ်ယူရန်ဟုဆိုသည်။

တစ်ရပ်ကွက်တည်းနေထိုင်သူ ဦးနေဝင်းဆိုသူက လှည်းကူးမြို့နယ်တွင် မြေကွက်ရိုက်ရောင်းချနေပြီး မြေကွက်များ ဈေးနှုန်းသက်သာသည်ဟု ပြောဆိုရာမှ သွားရောက်စုံစမ်းခဲ့သည်ဟု ဦးသိန်းအောင်က ရှင်းပြသည်။

“အဲနေ့က မြေသွားစုံစမ်းမေးကြည့်တဲ့နေရာကို ရောက်တော့ မြေရောင်းနေတာက လမ်းဘေး ဈေးချရောင်းနေသလိုပါပဲ။ လူစည်ကားနေတာ အဲတုန်းက ၂၀၁၆ နှစ်ဦးပိုင်းပဲ ရှိသေးတယ်။ အိမ်ခြေ ၅၀၀ လောက် ရောက်နေပြီ” ဟု ဦးသိန်းအောင်က ဆိုသည်။

သို့သော်လည်း ကျူးကျော်တဲများ ရောင်းနေသည်ကို ဝယ်မိမည်စိုးပြီး မဝယ်ခဲ့ဘဲ ပြန်လာခဲ့သည်။

၂၀၁၇ မေလပိုင်းအစတွင် ဦးသိန်းအောင် ရန်ကုန်မြို့ပေါ်တွင် အိမ်ပိုင်တစ်နေရာစာ ဝယ်ယူရန် အိပ်မက်အကောင်အထည်ဖော်ဖို့ လှည်းကူး အမြန်လမ်းသို့ နောက်တစ်ခါ အိမ်ဈေးနှုန်း သွားရောက်စုံစမ်းခဲ့သည်။

“ဒါက ဘယ်လို့မှမဖြစ်နိုင်တဲ့ဘဝတွေမို့ မိန်းမရေ ငွေရေးကြေးရေးကဏ္ဍက နင်ပဲသိမှာပေါ့။ အတွင်းလမ်း ၉သိန်း၊ လမ်းမထိပ် ၁၅ သိန်းတောင် ဖြစ်သွားပြီ၊ ဈေးတွေလည်း တက်လာတယ်။ မိန်းမက ကျုပ်တို့ လမ်းထိပ်ဝယ်ပြီး ဈေးရောင်းရအောင်လို့ပြောတယ်၊ အဲလိုမှမဝယ်ရင် အိမ်ငှားဘဝကနေလွတ်မှာမဟုတ်ဘူးလေ။ အဲနေ့က ကျူးကျော်မြေများဖြစ်မလား စိုးရိမ်လို့ တစ်ရွာလုံး ပတ်ကြည့်တယ်၊ ကုမ္ပဏီပိုင်မြေတို့၊ နိုင်ငံတော်မြေ မကျူးကျော်ရဆိုတဲ့ ဆိုင်းဘုတ်ကို လှည့်ရှာတယ် မတွေ့ဘူး” ဟုပြောရင်း ကျူးကျော်တဲ ဝယ်ယူခဲ့စဉ်က ပိုင်ဆိုင်ကြောင်းသက်သေခံ အဝါရောင်စာအုပ်ကို ဖွင့်ပြတော့သည်။

ဦးသိန်းအောင်ကဲ့သို့ပင် လှည်းကူးမြို့နယ် အမြန်လမ်းဘေးရှိ ကျူးကျော်တဲကို လွန်ခဲ့သည့် တစ်လခန့်က ဝယ်ယူခဲ့သူ ဦးကျော်စိန်က ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဂျာနယ်တစ်စောင်၌ ယင်းကျေးရွာဥက္ကဋ္ဌ ဦးပြုံးချိုဆိုသူနှင့် အင်တာဗျူးလုပ်ထားပြီး အင်တာဗျူးတွင် လှည်းကူးအကွက်ရောင်းချနေသည့် မြေကိစ္စပါလာသဖြင့် ယုံကြည်မိပြီး ဝယ်ယူခဲ့သည်ဟု ရှင်းပြသည်။

“၂၀၁၅ လောက်က စရောင်းနေတာ၊ အဲအချိန်က ဦးဖြိုးမင်းသိန်းက လှည်းကူးမြို့နယ် အမတ်လောင်းဖြစ်နေပြီ။ အဲအချိန်က တားကြပါလား၊ သိရက်နဲ့ လွှတ်ထားတာလား၊ ဒီလောက်လူတွေအများကြီး ရောက်နေတာ အခုကျမှ ဖျက်ဆိုတော့ စီးပွားဖြစ်ကျူးမဟုတ်ဘူးဗျ၊ ကိုယ်ရှိတာ ကိုယ်ဝယ်ထားတာ” ဟု လှည်းကူးမြို့နယ် အောင်ရတနာကျေးရွာ (၂) တွင် မြေကွက်နှစ်ကွက် သိန်း ၂၀ ဖြင့် ဝယ်ယူထားသူ ဦးကျော်စိန်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အိမ်ရာမြေကွက်ချထားပေးမှု မှတ်တမ်းစာအုပ်တွင် ဝယ်သူကိုယ်ရေးမှတ်တမ်းအကျဉ်းခေါင်းစဉ်ဖြင့် ဝယ်ယူသူ၏ အမည်၊ လိပ်စာအချက်အလက်များ အပါအဝင် မည့်သည့်ရက်တွင်နေထိုင်နေကြောင်း အတည်ပြုပါသည်ဟု ဥက္ကဋ္ဌနေရာတွင် ဦးပြုံးချို လက်မှတ်ရေးထိုးပေးထားကြောင်း အိမ်ရာမြေကွက် ချထားပေးမှုမှတ်တမ်းဆိုသော အဝါရောင်စာအုပ်တွင် တွေ့ရသည်။

ယင်းအဝါရောင်စာအုပ်ကို မြေကွက်ဝယ်ယူသူတိုင်းအား ထုတ်ပေးခြင်းဖြစ်ပြီး စာအုပ်စာတမ်းကြေးကျပ်ငါးသောင်းငါးထောင် ထပ်သွင်းရကြောင်း ဝယ်ယူသူများထံမှ သိရသည်။

ယင်းကော်မတီမှာ မည်သူဖွဲ့စည်းပေးထားကြောင်း မသိရဘဲ ရပ်ရွာဖွံ့ဖြိုးရေးအတွက် မီးလင်းရေးအဖွဲ့၊ လမ်းအဖွဲ့ စုစုပေါင်း လူ ၂၇ ဦးနှင့် ဖွဲ့စည်းထားသော ကော်မတီဖြစ်ပြီး ဦးပြုံးချိုက ဥက္ကဋ္ဌနေရာကို တာဝန်ယူထားခြင်းဖြစ်သည်။

“အဲတုန်းက ဖြစ်နိုင်တယ်တွေးတယ်။ မဖယ်ရှားခံရလောက်ဘူးပေ့ါ၊ တကယ်လို့ ဖယ်ရှားခိုင်းရင်တောင် စားပွဲဝိုင်းမှာ ဖြေရှင်းပြီးမှ တစ်နေရာတော့ ပြန်ရမယ်လို့ ကျွန်တော်ယူဆလို့ အခုလိုဝယ်ခဲ့တယ်” ဟုပြောရင်း ဦးသိန်းအောင်က အဝေးကို ငေးနေတော့သည်။

ယင်းနှင့်ပတ်သက်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင်က စီမံကိန်းစတင်မည့်နေရာကို အစိုးရပိုင်မြေဖြစ်ကြောင်း ပြီးခဲ့သည့်နှစ် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက အသိပေးခဲ့ပြီး ၎င်းတို့မှာ လှည်းကူး စီးပွားရေးကျူးဖြစ်သည့်အတွက် ဘာအကျိုးခံစားခွင့်မှမရှိကြောင်း ဇွန်လ ၂၂ ရက်နေ့အထိ ကျူးအလုံးပေါင်း ၅၀၀၀ ခန့်ကို ဖျက်သိမ်းထားကြောင်းနှင့် မြေကွက်ဝယ်ယူသူများက သက်ဆိုင်ရာဌာနများတွင် အမှုဖွင့်ရန် လိုအပ်ကြောင်း ရှင်းပြသည်။

ဖယ်ရှားခံထားရသူများကမူ အကွက်ရိုက်ရောင်းစဉ်က အုတ်အော်သောင်းတင်း ဖြစ်နေသည်ကို သိသော်လည်း မတားခဲ့ဘဲ ယခုမှ ဖယ်ရှားခြင်းမှာ ဝယ်ယူထားသူများအတွက် များစွာနစ်နာကြောင်း ပြောဆိုကြသည်။

“အစိုးရက ဘာလို့ လွှတ်ထားတာလဲဆိုတော့ လာတဲ့သူတွေက တစ်ယောက်တည်း နှစ်ယောက်တည်း မဟုတ်ဘူး။ ရာနဲ့ချီ အင်နဲ့အားနဲ့ လာနေကြတာ၊ ဌာနဆိုင်ရာက သွားဖြေရှင်းရင် သူ့သတ်ပစ်လိုက်မှာပေါ့၊ လူတွေက ကိုယ်နေတာကိုဖျက်ရင် ဘယ်သူမှ မကြိုက်ဘူး။ ဝန်ထမ်း ပျောက်သွားမှာပေ့ါ။ သူတို့ဘဝပျက်သွားမယ်၊ စကားကိုလှအောင်ပြောတာ သတ်ခံလိုက်ရမယ်၊ အခုက အစိုးရတာဝန်ဖြစ်နေတယ်၊ သူတို့ စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့လုပ်လေ၊ အခုလုပ်တာ ရန်ကုန်တိုင်း အစိုးရက သတ္တိရှိရှိ လုပ်လိုက်တာပဲ” ဟု အိုးအိမ်ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ အမြန်လမ်းမ ၃ မိုင် ၄ ဖာလုံနှင့် ၅ မိုင်အတွင်းရှိ ကျူးကျော်နေအိမ်များကို ဇွန် ၁၂ ရက်မှစတင်ကာ ရန်ကုန်တိုင်း အစိုးရက ဖျက်သိမ်းလျက်ရှိသည်။

နိုင်ငံတော်စီမံကိန်းမြေ၊ ကျွန်းကလေးစိုက်ပျိုးမြေ ဧရိယာ ၁၄၅၃ ဒသမ ၇၂ ဧကအတွင်း ကျူးကျော်နေထိုင်သည့်အိမ်ခြေပေါင်း ၅၀၀၀ နီးပါးခန့် ရှိနေကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောကြားသည်။

စီမံကိန်းဧရိယာအတွင်းတွင် နိုင်ငံတကာအဆင့်မီ ဆေးရုံ၊ ဂေါက်ကွင်း၊ အပန်းဖြေဥယျာဉ်များ ဖော်ဆောင်သွားမည်ဖြစ်သည်။

ကျူးကျော်တဲများသည် ၂၀၁၅ ခုနှစ်မှ စတင်ကာ အမြန်လမ်းဘေးတွင် ကွက်သစ်ဖော်ဆောင်ရာ၌ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဦးဆောင်သူ ဥက္ကဋ္ဌအဖြစ် ဦးပြုံးချိုနှင့် အတွင်းရေးမှူး ရာထူး ဦးအောင်သီဟ ဆိုသူနှစ်ဦးမှ ရွာထိပ်များတွင် ရုံးခန်းများဖွင့်လှစ်ကာ ပေ ၂၀ ပေ ၆၀ မြေကွက်များကို အောင်ရတနာ၊ ရတနာအောင်၊ အောင်သုခ၊ ကံ့ကော်၊ စိမ်းလန်းဟုဆိုပြီး ကျေးရွာငါးရွာကို အမည်တပ်၍ အရောင်းအဝယ်ပြုလုပ်ခဲ့သည်ဟု မဂျမ်းပုံရွာမှ ဦးထွန်းဝေက ပြောသည်။

“ကျွန်တော် ဆိုင်ကယ် ကယ်ရီမောင်းတာ ၁၅ နှစ်လောက်ရှိနေပြီ၊ အဲဒီအချိန်က ကားတွေနဲ့လာဝယ်တာ၊ တချို့ဆို အရောင်းအဝယ်လုပ်တဲ့နေရာကို လိုက်ပို့ခိုင်းတယ်၊ ကျွန်တော်လည်း ပြောပြပါတယ်၊ အဲဒါတွေက တရားမဝင်ဘူး ပြောတုန်းကတော့ ခေါင်းတညိတ်ညိတ်နဲ့ နောက်ဝယ်သွားကြတာ လေးကွက်ငါးကွက် ခုတော့ ဘာမှမတတ်နိုင်ဘူးလေ” ဟုဦးထွန်းဝေက ဆိုသည်။

ရောင်းသူများက ကျေးရွာကွက်သစ် ဖော်ဆောင်ရန်အတွက် စာရွက်စာတမ်းကြေး ၂၅၀၀၀၊ နေပြည်တော်လမ်းစရိတ်က ၃၀၀၀ နှုန်း သတ်မှတ်ထားပြီး မြေကွက်တန်ဖိုးကို ကျပ် ငါးသိန်းမှ ၂၅ သိန်းအထိ နေရာပေါ်မူတည်ကာ သတ်မှတ်ရောင်းချကြောင်း မြေကွက်တစ်ကွက် ၁၀ သိန်းဖြင့် ဝယ်ယူထားသူ လှိုင်မြို့နယ်မှ ဦးကျော်စိန်က ပြောသည်။

“ဦးပြုံးချို ဂျာနယ်တစ်စောင်က အင်တာဗျူး လုပ်ထားတာလည်း ပါတယ်၊ ဂျာနယ်တွေပါတော့ အစိုးရဘက်က ဘာမှမပြောဘူး၊ အဲရွာမှာ ဆိုင်းဘုတ်ကြီးနဲ့ ကြော်ငြာပြီး ရောင်းနေတော့ ကျွန်တော်တို့က ယုံတာပေ့ါ” ဟု ဦးကျော်စိန်က ပြောသည်။

အဆိုပါ အနီးတစ်ဝိုက်က ဖျက်သိမ်းခံရသည့် အောင်ရတနာ၊ ရတနာအောင်၊ အောင်သုခ၊ ကံ့ကော်၊ စိမ်းလန်းကျေးရွာများမှ ဥက္ကဋ္ဌဆိုသူများ၊ အတွင်းရေးမှူးဆိုသူများက မြေနေရာများကို ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥက္ကဋ္ဌဆိုသူများမှာ လက်ရှိတွင် ရှာမရတော့။ ဝယ်ယူထားသူများက ၎င်းတို့ကို ရဲစခန်းတွင် အမှုဖွင့်ရုံသာ တတ်နိုင်ကြသည်။

ကျူးကျော်တဲများကို အကွက်ရိုက်ရောင်းစားသည်ဆိုသော ဦးပြုံးချို၊ ဦးအောင်သီဟ၊ မောင်နိုင်အပါအဝင် လူငါးဦးအမည်ဖြင့် လှည်းကူးမြို့နယ် ရဲစခန်း ၄၂၀/၁၁၄ ဖြင့် အမှုဖွင့်တိုင်ကြားထားသူ အယောက် ၁၀၀ နီးပါးရှိသည်ဟု လှည်းကူးမြို့နယ် ရဲစခန်းမှ ဒုရဲမှူး မောင်မောင်ဦးက ပြောသည်။

“လာတိုင်တဲ့သူ အယောက် ၁၀၀ နီးပါးလောက်ဖြစ်နေတယ်၊ အမှုက ငါးမှုဖွင့်ထားတယ်၊ လိမ်လည်မှုနဲ့ လူငါးယောက် နာမည်တပ် တိုင်ထားတယ်၊ အခုထိတော့ မမိသေးဘူး စုံစမ်းနေပါတယ်၊ တရားခံနာမည်တပ်ထားတယ်၊ အခု အကွက်ထဲမှာကလည်း ကွင်းပြင်ကြီးဖျက်ထားတာ၊ နာမည်ပဲသိရတယ် ဆက်လက်စုံစမ်းနေတယ်” ဟု ၎င်းကပြောသည်။

ရှိသည့်ပိုက်ဆံနှင့် တတ်နိုင်သည့်နေရာတွင် ဝယ်ယူထားရခြင်းသာဖြစ်ပြီး တရားမဝင် ရောင်းချထားသည်ကို ဝယ်ထားခြင်းဖြစ်ကာ ကျူးကျော်မဟုတ်သဖြင့် ဖယ်ရှားခံရမှုအပေါ် ရန်ကုန်တိုင်း ဝန်ကြီးချုပ်နှင့် တွေ့ဆုံကာ ရှင်းပြလိုခြင်းဖြစ်ကြောင်း ယင်းကြောင့် ရန်ကုန်တိုင်း အစိုးရအဖွဲ့ရုံးစိုက်ရာသို့ အကြိမ်ကြိမ်လာရောက်ကာ ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်ရရန် ၎င်းတို့ကြိုးစားနေခြင်းဖြစ်သည်။

လှည်းကူးရှိ စီပွားရေးကျူးများကို တိုင်းဒေသကြီးအစိုးရအနေနှင့် ပြောဆိုသတိပေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည့်အတွက် ထပ်မံကျူးကျော်ပါက အစိုးရအဖွဲ့အနေနှင့် ထိရောက်သည့်အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မင်းမဲ့စရိုက်ဆန်ဆန် မြေကွက်များအား ကျူးကျော်ဝင်ရောက် လုယူနေသူများကို တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး အမှန်တကယ် ကျူးကျော်နေထိုင်သည့်သူများအား စာရင်းကောက်ခံကာ နေရာချထားရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မေ ၂၆ ရက်က ပြောကြားထားသည်။

မြေရောင်းချရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် ဦးကိုလင်းကို ဇွန်လ ၁၅ ရက်နေ့က မေးမြန်းရာတွင် “ဦးပြုံးချိုတို့က ကျွန်တော်တို့ သိတာတော့ ကျေးရွာအကောင်အထည်ဖော်တဲ့သူ နှစ်ယောက်ပေ့ါ၊ ကျွန်တော်တို့က လမ်းခင်းမယ်ဆိုလို့ ဝိုင်းလုပ်ပေးတာပါ၊ သူတို့ဝိုင်းလုပ်ပေးတဲ့သူတွေကို ဒီရုံးမှာ နေရာပေးတယ်၊ သူတို့က ရပ်ကွက်အုပ်ချုပ်ရေးမှူးလည်း မဟုတ်ဘူးဗျ၊ အခု ဒီမှာကျူးကျော်တွေဖျက်ကတည်းက မတွေ့တော့ဘူး” ဟု ပြောသည်။

သို့သော် အမှုဖွင့်တိုင်ကြားရာတွင် ပါဝင်နေသည့် ဦးကိုလင်းကို ထပ်မံဆက်သွယ်ရာ ဆက်သွယ်၍ မရတော့ပေ။

မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးယုခိုင်ကမူ “ဝယ်တုန်းက သက်ဆိုင်ရာထွေ/အုပ်တို့ကို မေးလေ။ ဒါကို မမေးဘူး၊ ရန်ကုန်တိုင်း အစိုးရက လှည်းကူးစီးပွားကျူးကိုရှင်းတာ သူ့ဆီလာမယ့် Impact (ရိုက်ခတ်မှု) တွေကိုသိပြီးသား၊ သတ္တိရှိရှိနဲ့ရှင်းတာ၊ ရန်ကုန်မြို့ဖွံ့ဖြိုးဖို့၊ ဒါ အနှောင့်အယှက်တစ်ခုပဲ” ဟု ပြောသည်။ ■

# FOREIGN AFFAIRS



# ဘရာဇီးသမ္မတ မစ်ချယ်လ်တီမာ အဂတိလိုက်စားမှုဖြင့် တရားစွဲခံရ

**ဘရာဇီးလီးယား၊ ဇွန် ၂၇**

ဘရာဇီးသမ္မတ မစ်ချယ်လ်တီမာသည် အဂတိလိုက်စားမှုဖြင့် ရှေ့နေချုပ်ရုံး၏ တရားစွဲဆိုခြင်းကို ခံနေရကြောင်း BBC သတင်းတွင်ဖော်ပြထားသည်။

အဂတိလိုက်စားမှု အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေသော အသားစည်သွပ်ကုမ္ပဏီကြီးတစ်ခု၏ဥက္ကဋ္ဌထံမှ ငွေကြေးရယူခဲ့သည်ဟု စွပ်စွဲခြင်းခံရသော သမ္မတတီမာကမူ အမှားလုပ်ထားခြင်း မရှိဟု ငြင်းဆိုခဲ့သည်။

သမ္မတတီမာအပေါ် စွဲချက်များကို အထက်ခုံရုံး တရားသူကြီးထံ ပေးပို့ထားပြီး အမှုကို နောက်လွှတ်တော်သို့ တင်ပြရန်သင့်၊ မသင့်ကို ထိုတရားသူကြီးက ဆုံးဖြတ်ရမည်ဖြစ်သည်။

ထို့နောက်မှ သမ္မတကို တရားစွဲရန်သင့်၊ မသင့်ကို အောက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ကြမည်ဖြစ်သည်။

မနှစ်က အာဏာရလာပြီးကတည်းက ယင်းကဲ့သို့စွပ်စွဲမှုများကို ရင်ဆိုင်ခဲ့ရသော သမ္မတတီမာက ၎င်းတွင် အပြစ်မရှိကြောင်းသက်သေပြရန် ဆုံးဖြတ်ထားသော်လည်း ယခုပြဿနာမှာ ပထမဆုံးအကြိမ် တရားဝင် တရားစွဲခံရခြင်းဖြစ်သည်။

JBS စည်သွပ်ကုမ္ပဏီ ဥက္ကဋ္ဌ ဂျိုစလေဘာတစ္စတာထံမှ သမ္မတတီမာက ငွေကြေးရယူရန် ပြောဆိုနေပုံရသည့် အသံဖိုင် ပေါက်ကြားခဲ့ပြီးနောက် ယခုစွဲချက်တင်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

အကယ်၍ အောက်လွှတ်တော်သို့ အဆိုပါအမှု ရောက်ရှိသွားသည့်တိုင်အောင် သမ္မတအား တရားစွဲဆိုနိုင်ရန်အတွက် လိုအပ်လျက်ရှိသော ထောက်ခံမဲ သုံးပုံ နှစ်ပုံ မရရှိစေရန် ပိတ်ဆို့နိုင်လိမ့်မည်ဟု သမ္မတတီမာ၏ညွန့်ပေါင်းပါတီအုပ်စုက ယုံကြည်လျက်ရှိသည်။

ဘရာဇီးနိုင်ငံတွင် သမ္မတတီမာကို လူကြိုက်အလွန်နည်းနေသော်လည်း ၎င်း၏လက်ယာယိမ်းပါတီသည် ညွန့်ပေါင်းပါတီအုပ်စုဝင်အဖြစ် အာဏာရရှိထားဆဲပင်ဖြစ်သည်။

အတိုက်အခံပါတီများကမူ ၎င်းအား တရားစွဲဆို ဖြုတ်ချကာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် တောင်းဆိုလျက်ရှိကြသည်။

သမ္မတတီမာ အစိုးရအဖွဲ့ဝင် သုံးပုံတစ်ပုံခန့်မှာ အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးခြင်းခံနေရသောကြောင့် ယခုနှစ်ပိုင်းအတွင်း ဘရာဇီးနိုင်ငံရေးနယ်ပယ်တွင် အရှုပ်အထွေးများ ပတ်လည်ဝိုင်းလျက်ရှိသည်။

တီမာ၏ရှေ့မှ သမ္မတဟောင်း ဒီလ်မာရူးဆက်ဖ်သည်လည်း ဘတ်ဂျက်ကို တရားမဝင် ပြင်ဆင်မှုဖြင့် ဆီးနိတ်တွင် မဲခွဲပြစ်တင်ခံရပြီးနောက် ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။

■ F-04

# တောင်ကိုရီးယားဘက်က အိုလံပစ်အစီအစဉ် ကမ်းလှမ်းမှုကို မြောက်ကိုရီးယား ငြင်းဆန်

**ဆိုးလ်၊ ဇွန် ၂၇**

လာမည့်ဆောင်းရာသီ အိုလံပစ်အတွက် ပူးတွဲညွန့်ပေါင်းအသင်း ဖွဲ့စည်းရန် တောင်ကိုရီးယားဘက်က ကမ်းလှမ်းမှုကို မြောက်ကိုရီးယားက ပယ်ချလိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

တောင်ကိုရီးယား အားကစားဝန်ကြီး ဒိုဂျွန်ဟွမ် အကြံပြုသော ညွန့်ပေါင်းအသင်းဖွဲ့စည်းရန် အဆိုပြုချက်ကို သမ္မတမွန်ဂျေးအင်က ထောက်ခံခဲ့သည်။

သို့ရာတွင် မြောက်ကိုရီးယားနိုင်ငံတကာ အိုလံပစ်ကော်မတီ IOC အဖွဲ့ဝင် ချန်ဟန်းက အဆိုပါ အစီအစဉ်ကို ကန့်ကွက်လိုက်ပြီး သဘောတူညီချက်ညှိနှိုင်းရန် အချိန်လုံလောက်မှုမရှိဟု ပြောဆိုခဲ့သည်။

ဆောင်းရာသီ အိုလံပစ်အားကစားပွဲကို တောင်ကိုရီးယား ပြောင်ချန်းတွင် ဖေဖော်ဝါရီလ ၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံသည် ၁၉၉၁ ကမ္ဘာ့စားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ တစ်သင်းတည်းဖွဲ့စည်းကာ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသည်။

သို့ရာတွင် ထိုစဉ်က ၂၂ ကြိမ် ဆွေးနွေးခဲ့ရပြီး အချိန်ငါးလကြာခဲ့သည်ဟု ချန်ဟန်းက ပြောကြားသည်။

တောင်ကိုရီးယား အားကစားဝန်ကြီးက ရေခဲပြင်ဟော်ကီ ပူးတွဲအသင်း ဖွဲ့စည်းရေးအပြင် ငြိမ်းချမ်းရေးအိုလံပစ်အဖြစ်ထင်ဟပ်စေရန်အတွက် ရေခဲပြင်စကိတ်ပြိုင်ပွဲများကို မြောက်ကိုရီးယားအား ကျင်းပခွင့်ပေးရန်အထိ အကြံပြုထားသည်။

အိမ်နီးချင်းနိုင်ငံများနှင့် တွေ့ဆုံညှိနှိုင်းရေးကို လိုလားသော သမ္မတသစ်မွန်ဂျေးအင်က ပူးတွဲအားကစားအသင်းများ ဖွဲ့စည်းယှဉ်ပြိုင်ရေးကို ထောက်ခံကာ တွန်းအားပေးခဲ့သည်။

ချန်ဟန်းက "အားကစားကို နိုင်ငံရေးရည်ရွယ်ချက်အတွက် အသုံးမပြုသင့်ပါဘူး။ ဆွေးနွေးတာက လွယ်ပါတယ်။ လက်တွေ့ပြဿနာတွေ ဖြေရှင်းဖို့က လုံးဝမလွယ်ပါဘူး" ဟု ပြောကြားသည်။

တောင်ကိုရီးယားဘက်မှ တာဝန်ရှိသူများက ၎င်းအစီအစဉ်အတွက် လမ်းဖွင့်ထားဆဲဖြစ်သည်ဟု ပြောကြားသည်။

■ F-04




# အိမ်ဖြူတော်တွင် အစ်နေ့ညစာစားပွဲ ကျင်းပသည့်ဓလေ့ကို ထရမ့်ပယ်ဖျက်




နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆင်က အစ်နေ့ညစာစားပွဲကျင်းပပေးရန်အကြံပြုချက်ကို ပယ်ချခဲ့ခြင်းဖြစ်သည်

**ဝါရှင်တန်၊ ဇွန် ၂၇**

မွတ်ဆလင် ရာမာဒန်ဥပုသ်လကုန်ဆုံးချိန်တွင် အိမ်ဖြူတော်က ညစာစားပွဲ လက်ခံကျင်းပပေးလေ့ရှိသည့် အနှစ် ၂၀ နီးပါးရှိပြီဖြစ်သည့် ဓလေ့ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပယ်ဖျက်ခဲ့ကြောင်း BBC သတင်းကဖော်ပြသည်။

သမ္မတ ဘီလ်ကလင်တန်လက်ထက်မှစပြီး အိမ်ဖြူတော်တွင် အစ်နေ့ညစာစားပွဲကို နှစ်စဉ်ကျင်းပပေးခဲ့သည်မှာ သမ္မတဂျော့ချ်ဒဗလျူဘုရှ် သမ္မတ ဘားရက်အိုဘားမားတို့လက်ထက်အထိ ဖြစ်သည်။

သို့သော်လည်း ပွဲကျင်းပရန် တောင်းဆိုမှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆင်က ပယ်ချခဲ့ခြင်းဖြစ်သည်။

မေလအတွင်း နိုင်ငံခြားရေးဌာန၊ ဘာသာရေးနှင့် ကမ္ဘာ့ရေးရာရုံးက အစဉ်အလာအတိုင်း အစ်နေ့ညစာစားပွဲ ကျင်းပပေးရန် အကြံပြုခဲ့ရာ တီလာဆင်က ပယ်ချခဲ့ခြင်းဖြစ်သည်။

ထရမ့်မှာ မွတ်ဆလင် ဆန့်ကျင်ရေးလေသံများကြောင့် ဝေဖန်ခံရသူဖြစ်ပြီး မဲဆွယ်ကာလအတွင်းကလည်း အမေရိကန်မှ ဗလီများကို စောင့်ကြည့်ထောက်လှမ်းသင့်ကြောင်း တောင်းဆိုခဲ့ဖူးသည်။

အစ်နေ့ညစာစားပွဲ မကျင်းပပေးခဲ့သော်လည်း ထရမ့်က ကြေညာချက်တစ်စောင်ထုတ်ပြန်ပေးခဲ့ရာ 'အစ်အယ်လ်ဖိဒ်အာရ်ပွဲ ကျင်းပနေကြတဲ့ မွတ်ဆလင်များအတွက် အမေရိကန်ပြည်သူတွေကိုယ်စား၊ မယ်လာနီယာနဲ့ ကျွန်တော်က နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုက မွတ်ဆလင်တွေဟာ တစ်ကမ္ဘာလုံးက မွတ်ဆလင်များနဲ့အတူ ရာမာဒန်ဥပုသ်လအတွင်းမှာ ယုံကြည်မှုနဲ့ ပရဟိတလုပ်ငန်းတွေကို အာရုံစိုက်ခဲ့ကြပါတယ်။ အခု အိမ်နီးချင်းတွေကို ကူညီတဲ့ဓလေ့နဲ့ လူမျိုးစုံနဲ့ ဝေမျှစားသောက်တဲ့

စာ-23

# ဒေါ်နယ်ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီ တွေ့ဆုံ၊ လုံခြုံရေးပူးပေါင်းရန် သဘောတူ

**နယူးဒေလီ၊ ဇွန် ၂၇**

အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီတို့သည် အမေရိကန်သို့ အိန္ဒိယ၏နိုင်ငံတော်ခရီးစဉ်အတွင်း လုံခြုံရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ကတိကဝတ်များ ထားရှိခဲ့ကြသည်ဟု VOA သတင်းတစ်ရပ်က ဖော်ပြထားသည်။

ကာကွယ်ရေးဆိုင်ရာ လက်နက်ကိရိယာများ အဆင့်မြှင့်ခြင်းနှင့် နည်းပညာဖလှယ်ရေးတို့တွင် အတူတကွ လက်တွဲလုပ်ဆောင်ရန်အတွက် မျှော်လင့်ကြောင်း အိမ်ဖြူတော်ကလည်း ထုတ်ပြန်ထားသည်။

ခေါင်းဆောင်နှစ်ဦးသည် အိမ်ဖြူတော်နှင်းဆီခြံတွင် နှစ်ဖက်ထုတ်ပြန်ချက်များကို ဖတ်ရှုသွားခဲ့ပြီး အိမ်ဖြူတော်သတင်းထောက်များ၊ အိန္ဒိယဘက်မှပါလာသည့် သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားခြင်း မပြုခဲ့ကြပေ။

အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ထောက်လှမ်းရေးသတင်းများ ဖလှယ်ရေး



**အကြမ်းဖက်သမားများကို ထိရောက်စွာ နှိမ်နင်းရန် ပါကစ္စတန်ကိုလည်း ပူးတွဲတိုက်တွန်းခဲ့ကြသည်**

တို့ကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု နာရန်ဒြာမိုဒီ က ကြေညာထားသည်။

"ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်တဲ့အကြမ်းဖက်ဝါဒကဲ့သို့ အရာတွေကနေ လူ့အဖွဲ့အစည်းကို ကာကွယ်ဖို့အတွက်နဲ့ ကမ္ဘာ့ထိပ်တန်း ဒီမိုကရေစီနိုင်ငံနှစ်ခုဖြစ်တဲ့ အိန္ဒိယနဲ့ အမေရိကန်ပြည်ထောင်စုတို့ခိုင်မာအားကောင်းရေးအတွက် ကျွန်တော်တို့ ရည်ရွယ်ချက်ဟာ သမ္မတထရမ့်နဲ့ကျွန်တော်ရဲ့ဦးစားပေးဖြစ်ပါတယ်" ဟု နာရန်ဒြာမိုဒီ က ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရနှင့် ဝါရှင်တန်အစိုးရတို့သည် နိုင်ငံပေါင်းများစွာတို့အတွက် ဥပမာကောင်းအဖြစ်ရပ်တည်ကာ ဘုံရန်သူခြိမ်းခြောက်မှုများကို တွန်းလှန်ဖယ်ရှားနိုင်ရမည်ဟု အမေရိကန်သမ္မတထရမ့်က ပြန်လည်ပြောဆိုထားသည်။

"အစွန်းရောက် အစ္စလာမ္မစ်ဝါဒကို တိုက်ဖျက်မည်"ဟု ထရမ့်က ပြောကြားခဲ့သည်။

အိန္ဒိယအကြမ်းဖက်အဖွဲ့ ဟစ်ဇ်အူမူဂျာဟစ်ဒင်ကို ကမ္ဘာလုံးချီအကြမ်းဖက်ကွန်ရက်အဖြစ် သတ်မှတ်ပေးသည့်အတွက် အမေရိကန်ပြည်ထောင်စုကို ချီးမွမ်းကျေးဇူးတင်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားထားသည်။

ပါကစ္စတန်နယ်မြေကို အသုံးပြုကာ အခြားတိုင်းပြည်များကို အကြမ်းဖက်တိုက်ခိုက်နေမှုများကို ပါကစ္စတန်ဘက်က ထိရောက်စွာ နှိမ်နင်းရန်လည်း ထရမ့်နှင့် မိုဒီတို့က တောင်းဆိုထားခဲ့သည်။

အမေရိကန်ကင်းလှည့် မောင်းသူမဲ့လေယာဉ်များကို အိန္ဒိယရေတပ်အတွက် ဝယ်ယူရန် အစီအစဉ်များလည်း သဘောတူညီမှုရရှိခဲ့သည်ဟု သတင်းများလည်း ထုတ်ပြန်ထားသည်။

■ F-02

## စာ - 22 အိမ်ဖြူတော်တွင် အစ်နေ့ညစာစားပွဲကျင်းပသည့်ဓလေ့ကို ထရမ့်ပယ်ဖျက် မှအဆက်

ဓလေ့ကို ဆက်လက်ထိန်းသိမ်းပြီး သူတို့တွေ မိသားစုတွေ၊မိတ်ဆွေတွေနဲ့အတူ အစ်နေ့ပွဲဆင်နွှဲနေကြပါပြီ" ဟု ပါရှိသည်။

တီလာဆင်ကမူ ကြေညာချက်အတိုတစ်စောင်သာထုတ်ပြန်ခဲ့ပြီး အစ်နေ့ပွဲတော်ဆင်နွှဲသည့် မွတ်ဆလင်အားလုံးကို ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဟူ၍ ပါရှိသည်။

ပထမဆုံး အိမ်ဖြူတော်တွင် ကျင်းပသည့် အစ်နေ့ညစာစားပွဲမှာ ၁၈၀၅ ခုနှစ်က သမ္မတ ဂျက်ဖာဆင်က ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး တူနီးရှားသံကိုယ်စားလှယ်အတွက် ရည်ရွယ်လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် ထိုစဉ်က သမ္မတကတော် ဟီလာရီကလင်တန်က ထိုအစဉ်အလာကို ပြန်အသက်သွင်းခဲ့သည်။ ၁၉၉၉ မှစပြီး ယင်းညစာစားပွဲမှာ အစဉ်အလာတစ်ခုဖြစ်လာခဲ့ပြီး ထင်ရှားသော မွတ်ဆလင်ခေါင်းဆောင်များ၊ သံတမန်များ၊ ဥပဒေပြုအမတ်များ တက်ရောက်လေ့ရှိသည်။

■ F-03

# နာသူလာတောင်ကြားမှ အိန္ဒိယတပ်များဆုတ်ခွာရန် တရုတ်တောင်းဆို

**ပေကျင်း၊ ဇွန် ၂၇**

ဆစ်ကင်မ်နှင့် တိဘက်ကြား အရှိ တရုတ်ပိုင်နက်ကို အိန္ဒိယက ကျူးကျော်နှောင့်ယှက်သည်ဟု တရုတ်က စွပ်စွဲလိုက်ကြောင်း BBC သတင်းဌာနက ဖော်ပြထားသည်။

အိန္ဒိယနယ်ခြားစောင့်တပ်များသည် တရုတ်ဘက်ခြမ်းမှ "ပုံမှန်လှုပ်ရှားမှုများ" ကို နှောင့်ယှက်ခဲ့သည်ဟု တရုတ်က စွပ်စွဲခဲ့ပြီး ချက်ချင်းဆုတ်ခွာပေးရန် တောင်းဆိုထားသည်။

တရုတ်တပ်များ အိန္ဒိယဘက်သို့ ကျူးကျော်ခဲ့သည်ဟုလည်း အိန္ဒိယက စွပ်စွဲထားသည်မှာ မကြာသေးပေ။

နာသူလာတောင်ကြားသည်တိဘက်ရှိ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ အထိမ်းအမှတ်များသို့ ဘုရားဖူးသွားရန် အိန္ဒိယနိုင်ငံသားများ အသုံးပြုသော လမ်းကြောင်းဖြစ်သည်။

ယင်းဒေသအရေးနှင့်ပတ်သက်ပြီး




တရုတ်နှင့် အိန္ဒိယတို့သည် ၁၉၆၇ တွင် ပဋိပက္ခဖြစ်ပွားခဲ့ဖူးသလို ယင်းနောက်ပိုင်းတွင် အခါအားလျော်စွာ တင်းမာမှုများ ပေါ်ပေါက်လေ့ရှိသည့်နေရာဖြစ်သည်။

ယခုနောက်ဆုံးဖြစ်ရပ်မှာမူ နှစ်နိုင်ငံအကြား မကြာသေးမီနှစ်များအတွင်း အတင်းမာဆုံးအခြေအနေဖြစ်သည်ဟု ဘီဘီစီ၏တောင်အာရှအယ်ဒီတာ အီသီရာဂျန်အန်ဘာရာဆန်က သတင်းပေးပို့ထားသည်။

ယခုအခြေအနေသည် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာနိုင်သည်ဟု တရုတ်တာဝန်ရှိသူများက သတိပေးထားသည်။

အိန္ဒိယသည် ၎င်း၏ နယ်နိမိတ်ဘက်ခြမ်းမှ အဆောက်အအုံတစ်ခုတွင် နှောင့်ယှက်ခဲ့သည်ဟု တရုတ်ဘက်က စွပ်စွဲထားသည်။ အိန္ဒိယဘက်က တရားဝင်ပြန်လည်တုံ့ပြန်မှု မရှိသေးပေ။

အိန္ဒိယမီဒီယာများ၏ ဖော်ပြချက်တွင်မူ မကြာသေးမီရက်သတ္တပတ်များအတွက် နှစ်ဖက်နယ်ခြားစောင့်တပ်များအကြား တင်းမာမှုများရှိခဲ့ပြီး အိန္ဒိယတပ်များက ဆစ်ကမ်ဘက်သို့ ဖြတ်ကျော်ဝင်ရောက်ကာ အိန္ဒိယတပ်များ၏ ယာယီကတုတ်ကျင်းနှစ်ခုကို ဖျက်ဆီးပစ်ခဲ့သည်ဟု ဆိုသည်။

နယ်စပ်ဖြတ်ကျော်သော တရားဝင်ဘုရားဖူးများကို တရုတ်ဘက်က ဟန့်တားခဲ့ကတည်းက နှစ်ဖက် တင်းမာနေခြင်းဖြစ်သည်။

■ F-03

## ကျောဖုံး - FARC လက်ဝဲသူပုန်အဖွဲ့လက်နက်ဖြုတ်သိမ်းမှု ပြီးဆုံးမှအဆက်

ထို့ပြင် နိုင်ငံတစ်ဝန်းတွင် လျှို့ဝှက်သိမ်းစည်းထားသည့် FARC လက်နက်ကိုင်အဖွဲ့၏လက်နက်သိမ်းဆည်းရာ နေရာ ၉၀၀ အနက် ၇၇ ခုကိုရှင်းလင်းနိုင်ခဲ့ကြောင်း စောင့်ကြည့်သူများက ပြောကြားသည်။

သို့သော်လည်း ကျန်ရှိနေသေးသည့် လက်နက်လျှို့ဝှက်သိမ်းဆည်းရာ နေရာများသည် သွားလာရန်ခက်ခဲခြင်းကြောင့် ယင်းတို့ကို ရှင်းလင်းရန် လပေါင်းများစွာကြာမြင့်နိုင်သလို လက်နက်သိမ်းဆည်းရာနေရာများတွင် ထောင်ချောက်များထောင်ထားခြင်းကြောင့် သတိဖြင့် ရှင်းလင်းရန်လိုအပ်သည်။

ရာဇဝတ်ကောင်များ၊ ပြည်သူ့စစ်များနှင့် ကိုလံဘီယာ၏ ဒုတိယအကြီးမားဆုံး လက်ဝဲသူပုန်အုပ်စု ELN တို့လက်တွင်း သိမ်းစည်းထားသည့် လက်နက်များ ကျဆင်းသွားမည်ကို ကိုလံဘီယာနိုင်ငံသားများစွာက စိုးရိမ်လျက်ရှိသည်။

ထို့ပြင် FARC သူပုန်အဖွဲ့စွန့်လွှတ်လိုက်သည့်နယ်မြေများကို သိမ်းယူနိုင်ရန်နှင့် မူးယစ်မှောင်ခိုလုပ်ငန်းကို ရယူနိုင်ရန် အဆိုပါအုပ်စုက ကြိုးပမ်းလျက်ရှိသည်။

ကိုလံဘီယာနိုင်ငံတွင်း ဆယ်စုနှစ်ငါးခုကျော်ကြာ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခရပ်တန့်နိုင်ရေး ပြီးခဲ့သည့်နှစ်အထိ အစိုးရအဖွဲ့နှင့် နိုင်ငံတွင်းရှိ အင်အားအကြီးမားဆုံးလက်ဝဲသူပုန် FARC တို့ ငြိမ်းချမ်းရေးသဘောတူညီခဲ့ကြကာ လက်နက်များလွှဲပြောင်းပေးခြင်းဖြစ်သည်။

လက်နက်ဖြုတ်သိမ်းမှု ပြီးဆုံးခြင်းအခမ်းအနားကို ဘိုကိုတာမြို့တော် တောင်ဘက်ရှိ FARC အမာခံနယ်မြေဟောင်း မီစီတာမြို့တွင် ကျင်းပသည်။ ■ F-05

CARTOON



## မှုခင်းသတင်းတိုများ

■ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံ(၅)လမ်းမပေါ်တွင် ဇွန်လ ၂၆ ရက် မွန်းလွဲပိုင်းက အရိုးအ သွား(၉)လက်မခန့်ရှိ ဓားဦးချွန် စတီးဓားတစ်ချောင်းကို ကိုင်ဆောင်ကာ အကြောင်းမဲ့ဆဲဆိုရမ်းကားနေသည်ဟုဆိုသော အသက် ၃၇ နှစ် အမျိုးသားတစ်ဦးကို ဖမ်းဆီးပြီး တရားမဝင် လက်နက်ကိုင် ဆောင်မှု ဥပဒေပုဒ်မ ၁၉(င)ဖြင့် အမှုဖွင့်ထားသည်။

■ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ မဥ္ဇူလမ်းရှိနေအိမ်တစ်လုံးတွင် ဇွန်လ ၂၆ ရက် မွန်းလွဲပိုင်းက လောင်းက စားသတင်းအရ ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၆၂ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်း ကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

■ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၀)ရပ်ကွက်၊ ကျောင်းလမ်းမပေါ်တွင် ဇွန်လ ၂၆ ရက် နံနက်ပိုင်းက အရိုးအသွား ၁၆ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကို ကိုင်ဆောင်ကာ ဆဲဆိုရမ်းကားနေသည်ဟုဆိုသော အသက် ၂၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဖမ်းဆီးပြီး ယင်းမြို့မရဲစခန်းက တရားမဝင်လက်နက်ကိုင်ဆောင် မှု ဥပဒေပုဒ်မ ၁၉(င)ဖြင့် အမှုဖွင့်ထားသည်။

■ ဆိပ်ကမ်းမြို့နယ်၊ ကမ်းနားကွန်ကရစ်လမ်းအတိုင်း ဗိုလ်တထောင်ဘက်မှ လမ်းမတော်မြို့နယ်ဘက်သို့မောင်း နှင်လာသော စိမ်းနုရောင်ဆိုင်ကယ်သည် ဇွန်လ ၂၆ ရက် ညပိုင်းက မော်တင်မှတ်တိုင်အလွန်အရောက် အရှိန် မထိန်းနိုင်ပဲ လမ်းညာဘက်ဘေးတွင် ရပ်ထားသော ကွန်တိန်နာယာဉ်အား နောက်မှဝင်တိုက်ရာ ဆိုင်ကယ်စီးနင်းလာသူ အသက် ၃၀ အရွယ် အမျိုးသားမှာ ဦးခေါင်းငယ်ထိပ်စုတ်ပြဲ၊ ညာပါးစုတ်ပြဲ၊ ညာဒူးပွန်းဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)/၂၇၉ ဖြင့် အမှုဖွင့်ထားသည်။

The VOICE Daily

CARTOON




# ကျပ်တစ်ထောင်ပေးပြီး ပြည့်တန်ဆာအလုပ် အတင်းအဓမ္မစေခိုင်းသူ နှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ ဇွန် ၂၇**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့တွင် အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်ရရန် ရှာဖွေနေသည့်အမျိုးသမီးတစ်ဦးကို တစ်နေ့လျှင် ငွေကျပ်တစ်ထောင်သာပေး၍ ပြည့်တန်ဆာအဖြစ် အတင်းအဓမ္မစေခိုင်းခဲ့သူ သုံးဦးမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

တစ်နေ့လျှင် ကျပ်ငွေတစ်ထောင်ဖြင့် ပြည့်တန်ဆာအလုပ် စေခိုင်းခံရသူ အမျိုးသမီးမှာ မေလ ၂၄ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ်ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်ဆင်းစဉ် ၎င်းမှာ စက်မချုပ်တတ်သောကြောင့် အလုပ်မှလက်မခံသဖြင့် ပြန်လာစဉ် တစ်ရပ်ကွက်တည်းနေသည့် မခိုင်စံပယ်ဦး၊ မမြင့်မိုရ်တို့နှင့် တွေ့ဆုံခဲ့သည်။

၎င်းတို့နှစ်ဦးက မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် လုပ်ကိုင်ပါက ကြိုတင်ငွေလိုသလောက် ထုတ်ယူနိုင်ကြောင်း ပြောဆိုသဖြင့် လိုက်ပါသွားခဲ့ရာ ဆိုင်ကယ်ကယ်ရီမောင်းသူ ဆံရှည်(ခ) ဇော်ရှင်း(ခ) ဟန်ဇော်ရှင်းနှင့် တွေ့ဆုံခဲ့သည်။

ဆံရှည်(ခ) ဇော်ရှင်း(ခ) ဟန်ဇော်ရှင်းက အလုပ်ရှာနေသည့် အမျိုးသမီးအား ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ပါက ကြိုတင်ငွေ လိုသလောက်ထုတ်ပေးမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုသဖြင့် ငွေကြေးအခက်အခဲဖြစ်နေသည့် အမျိုးသမီးက လက်ခံခဲ့ပြီး ပြည့်တန်ဆာအလုပ်အား လုပ်ကိုင်ခဲ့သော်လည်း ၎င်းကို တစ်နေ့လျှင် လုပ်အားခငွေ ကျပ် တစ်ထောင်သာ ပေးခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဆံရှည်က ခေါင်းလုပ်စားတာ။ သူ့အိမ်မှာ ပြည့်တန်ဆာလုပ်တဲ့ အခြားမိန်းကလေးတွေပါ ရှိတယ်။ ထွက်ပြေးတဲ့ မိန်းကလေးတွေဆို သူက ရိုက်နှက်တယ်လို့ တိုင်ကြားချက်အရ သိရတယ်။ အခု အမှုဖွင့်တိုင်ကြားတဲ့ မိန်းကလေးကိုလည်း သူက သားမယားအဖြစ် နှစ်ကြိမ် ပြုကျင့်ခဲ့တယ်။ ပြည့်တန်ဆာလုပ်ခိုင်းပြီး ရတဲ့အခကြေးငွေကို သူက ခေါင်းပုံဖြတ်ပြီး ကောင်မလေးကို လုပ်အားခ တစ်နေ့တစ်ထောင်ကျပ်ပဲ ပေးခဲ့တာပါ"ဟု ရဲအရာရှိက ရှင်းပြသည်။

ပြည့်တန်ဆာအဖြစ် အဓမ္မစေခိုင်းခံရသော အမျိုးသမီးမှာ ဇွန်လ ၁၁ ရက်နေ့က ၎င်းအား ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန် ပို့ဆောင်စဉ် လမ်းခုလတ်တွင် မိခင်ဖြစ်သူနှင့် ပြန်လည်တွေ့ရှိခဲ့သောကြောင့် မိခင်၏ နေအိမ်သို့ လိုက်ပါခဲ့ပြီးနောက် ငွေကြေးအခက်အခဲကြောင့် ရပ်တည်ရန်ခက်ခဲသည့် အခြေအနေပေါ် အခွင့်ကောင်းယူပြီး ရရှိသည့် အကျိုးအမြတ်များကို ခေါင်းပုံဖြတ်သည့် ဆံရှည်(ခ) ဇော်ရှင်း(ခ) ဟန်ဇော်ရှင်းနှင့် မခိုင်စံပယ်ဦး၊ မမြင့်မိုရ်တို့အား အရေးယူပေးပါရန် တိုင်တန်းချက်အရ မင်္ဂလာဒုံမြို့မရဲစခန်းက (ပ) ၇၆၃/၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်အရေး ယူခဲ့သည်။

ယင်းနောက် အမှုဖွင့်တိုင်ကြားခံရသူနှစ်ဦးကို ဖမ်းဆီးစစ်ဆေးရန် စုံစမ်းဆောင်ရွက်ခဲ့သော်လည်း ဆံရှည်(ခ) ဇော်ရှင်း(ခ) ဟန်ဇော်ရှင်း အပါအဝင် သုံးဦးမှာ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြောင်း၊ ဇွန်လ ၂၂ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့(၆)ရပ်ကွက်၊ လမ်းမတော်လမ်းနှင့် ၁၂ လမ်းထောင့်တွင် ဆံရှည်နှင့် မခိုင်စံပယ်ဦးတို့ကို ဖမ်းမိခဲ့ပြီး မမြင့်မိုရ်မှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

**S-03**

# ကျောင်းခြံစည်းရိုး ဖျက်ဆီးသူကို အမှုဖွင့်

**ရန်ကုန်၊ ဇွန် ၂၇**

သန်လျင်မြို့နယ်၊ ကရင်ဆိပ် စံပြကျေးရွာရှိ အစိုးရအလယ်တန်းကျောင်းခွဲရှိ ကျောင်းခြံစည်းရိုးကျောက်တိုင်များ၊ သံဆန်ခါများဖျက်ဆီးသူကို ဇွန်လ ၂၆ ရက်နေ့က အမှုဖွင့်တိုင်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲ တပ်ဖွဲ့ထံမှ သိရသည်။

သန်လျင်မြို့နယ်၊ ကရင်ဆိပ်စံပြကျေးရွာရှိ အစိုးရအလယ်တန်းကျောင်းခွဲတွင် ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော အသက် ၅၁ နှစ်အရွယ် ဒေါ်သီသီအေးသည် ဇွန်လ ၁၁ ရက် ည ၉နာရီခွဲခန့်က ကျောင်းခြံစည်းရိုးကျောက်တိုင်များ၊ သံဆန်ခါများဖျက်ဆီးခံထားရကြောင်း ယင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၏ ပြောပြချက်အရ သိရှိပြီး ကြည့်ရှုစစ်ဆေးကာ အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဖြစ်တာက ဇွန်လ ၁၁ ရက်နေ့ ညပိုင်းလောက်က ဖြစ်တာ၊ ဒါပေမဲ့ ပြန်လည်ပြုပြင်တွက်ချက်ပြီး ကုန်ကျစရိတ်ထွက်လာမှ အမှုလာဖွင့်တဲ့ သဘောပါ၊ ဘာကြောင့် အခုမှလာဖွင့်တယ်ဆိုတာ တိတိကျကျတော့ ပြောလို့မရဘူး၊ ဖျက်ဆီးသွားတဲ့သူကို အမှုဖွင့်ပြီးတဲ့အတွက် ရဲတပ်ဖွဲ့ကနေ လိုက်လံစုံစမ်းနေပါတယ်"ဟု ယင်းရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ယင်းဖျက်ဆီးခံရမှုကြောင့် ကျောင်းဝင်းအတွင်းကာရံထားသော ခြံစည်းရိုးကျောက်တိုင် ၁၀ တိုင်၊ သံဆန်ခါပေ ၇၀ ခန့်နှင့် သွပ်ကြိုးများဖျက်ဆီးခံရပြီး ကာလတန်ဖိုး ငါးသိန်းခြောက်သောင်းကျော်ခန့် ဆုံးရှုံးခဲ့ပြီး ပြစ်မှုကျူးလွန်သူကို သန်လျင်မြို့မရဲစခန်းက(ပ) ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင် ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ ပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်စုံစမ်းနေသည်။ ■ **J-16**

# လူငယ်တစ်ဦးကို မူးယစ်ဆေးကျွေးကာ ဆိုင်ကယ်နှင့် ဖုန်း ရယူ

**ဟင်္သာတ၊ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တာငါးဆယ်မြောက်ရပ်ကွက် ကျေးကန်ကျောင်းလမ်းရှိနေအိမ်တစ်ခုတွင် အသက် ၁၅နှစ်အရွယ် လူငယ်တစ်ဦးကို လူငယ်သုံးဦးက မူးယစ်ဆေးဝါးများ ကျွေးကာ ဖမ်းဆီးချုပ်နှောင်ပြီး ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်း ရယူခဲ့သည်ဟုဆိုကာ ဇွန်လ ၂၇ရက် ညနေပိုင်းက အမှုဖွင့်ခဲ့ကြောင်း ဟင်္သာတမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ မြို့နယ် ရွှေကူရပ်ကွက် မင်္ဂလာသုခလမ်းတွင် နေထိုင်သော လူငယ်သည် ဇွန်လ ၁၇ ရက်မှ စတင်ကာ ၂၀ ရက်နေ့ နံနက်ပိုင်းအထိ ပျောက်ဆုံးခဲ့ကြောင်း၊ ဇွန်လ ၂၀ရက် နံနက် ၉နာရီတွင် ယင်းလူငယ်က မိခင်ထံ အခြားဖုန်းတစ်ခုဖြင့် ဦးပါရဲဘုရားရှေ့သို့ လာရောက်ခေါ်ဆောင်ရန် ဆက်သွယ်ခဲ့ကြောင်း၊ ယင်းနောက် ကတုန်ကယင်ဖြစ်နေသော သားကို မိခင်နှင့် ဖခင်က တွေ့ရှိပြီး မေးမြန်းရာမှ သားဖြစ်သူကို မူးယစ်ဆေးဝါးများ တိုက်ကျွေး၍ ၂ ရက်ကြာ ပိတ်လှောင်ကာ ဆိုင်ကယ်နှင့် တယ်လီဖုန်းကို ယူဆောင်သွားသည်ကို သိရှိခဲ့ရကြောင်း ကနဦး တိုင်ကြားချက်အရ သိရသည်။

ယင်းလူငယ်တစ်ဦးထံမှ ၎င်း၏ သူငယ်ချင်းက ဆိုင်ကယ်ငှားရမ်းပြီး ပြန်မလာသဖြင့် အခြားသူငယ်ချင်း တစ်ဦးနှင့် အတူ လိုက်လံရှာဖွေခဲ့ကြောင်း၊ ယင်းနောက် ကျေးကန်ကျောင်းလမ်းရှိ လူတစ်ဦး၏ အိမ်တွင် ဆိုင်ကယ်ငှားသူ တွေ့ဆုံခဲ့ပြီး ၎င်းက ဆေးရှူခိုင်းသဖြင့် ဆေးရှူမိကြောင်း ဟင်္သာတမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ယင်းနောက် လူငယ်မှာ အသိစိတ်ပျောက်ဆုံးသွားပြီး သတိပြန်ရစဉ် အိမ်အပြင်မထွက်ရန် ဆိုင်ကယ်ငှားသူက ခြိမ်းခြောက် ပြောဆိုသဖြင့် မထွက်ရဲခဲ့ကြောင်း၊ ယင်းနောက် ဆိုင်ကယ်ငှားရမ်းသူကပင် သုံးသိန်းခန့်ရှိသော ဆမ်ဆောင်းလက်ကိုင်ဖုန်းနှင့် ၂၄ သိန်းတန် ဆိုင်ကယ်ကို ယူဆောင်ကာ ထွက်သွားကြောင်း၊ နှစ်ရက်ကြာ ဖမ်းဆီးချုပ်နှောင်ခံထားရပြီး ထွက်ပြေးကာ မိသားစုထံ ဆက်သွယ်ခဲ့ကြောင်း ယင်းရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

မူးယစ်ဆေးကျွေးကာ ဖမ်းဆီးချုပ်နှောင်ပြီး ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်း ယူဆောင်မှုတွင် ပါဝင်သူ သုံးဦးကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀၊ ၃၄၃၊ ၅၀၆ ဖြင့် အမှုဖွင့်ထားပြီး လိုက်လံဖမ်းဆီးနေကြောင်း ဟင်္သာတမြို့အမှတ် ၁ ရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ ■ **R-13**

## မျက်နှာဖုံး -အခြေခံလူတန်းစားများ မထိခိုက်စေမည့် မှ အဆက်

နှုန်းထားတွေကို ဘက်ပေါင်းစုံကနေ စဉ်းစားထားတာဖြစ်တယ်။ အဓိကက အခြေခံလူတန်းစားတွေကို မထိခိုက်အောင်ပါ။ မူလနှုန်းထားထက် လျှော့ရင်လည်း လျှော့မယ်။ နည်းနည်း ပိုရင်လည်းပိုမယ်။ အရင်တိုင်းလည်း ရှိနိုင်တယ်” ဟု ၎င်းက ဆိုသည်။

လျှပ်စစ်ခတ်အားခများ ပြောင်းလဲသတ်မှတ်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးများနှင့် အစည်းအဝေးများ လုပ်လျက်ရှိပြီး တတိယအကြိမ် ဆွေးနွေးရန် ကျန်ရှိနေသေးကြောင်း၊ အတည်ပြုပြီးပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် မီဒီယာများကို ချပြရန် စီစဉ်ထားကြောင်း ဦးစိုးမြင့်က ဆက်လက်ပြောဆိုသည်။

“ပြောင်းလဲကောက်ခံမယ့် နှုန်းထားက မသိရသေးဘူး။ လက်ရှိ လျှပ်စစ်ခတ်အားခ ကောက်တဲ့နှုန်းထားတွေက အစိုးရ အရှုံးခံပြီးတော့ ကောက်နေတာဖြစ်ပေမယ့် ပြောင်းလဲလာမယ့် နှုန်းထားက အခြေခံလူထုရဲ့ ပုံမှန်လျှပ်စစ်သုံးစွဲမှုကို မထိခိုက်နိုင်ပါဘူး” ဟု ရန်ကုန်တိုင်း လျှပ်စစ်ခတ်အားပေးရေးကော်ပိုရေးရှင်း၊ ခတ်အားဖြန့်ဖြူးရေးဌာန အထွေထွေမန်နေဂျာ ဦးသန့်စင်က ဆိုသည်။

လျှပ်စစ်ခတ်အား တစ်ယူနစ်လျှင် ပျမ်းမျှ ၉၃ ကျပ်နှုန်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပြီး အခြေခံလူထုကို အိမ်သုံးမီတာများ၌ တစ်ယူနစ်လျှင် ပျမ်းမျှ ၃၅ ကျပ်၊ ၄၀ ကျပ်နှင့် ၅၀ ကျပ်နှုန်းဖြင့် လက်ရှိတွင် ကောက်ခံလျက်ရှိကြောင်းနှင့်ခတ်အားသုံးစွဲမှုများသည့် ယူနစ်ကန့်သတ်ချက်များကိုသာ ပြောင်းလဲသတ်မှတ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

တစ်နိုင်ငံလုံး လျှပ်စစ်ခတ်အားထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကျော်ကို သုံးစွဲနေသော ရန်ကုန်မြို့၏လျှပ်စစ်ခတ်အားသုံးစွဲမှုတွင် တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်း ဖြင့် ရောင်းချရသည့်ယူနစ်ပမာဏမှာ အဓိကအများဆုံးဖြစ်နေပြီး သုံးစွဲမှု၏ ၂၆ ရာခိုင်နှုန်းရှိကြောင်းနှင့် ယူနစ် ၂၀၀ နှင့် အထက်လျှင် တစ်ယူနစ် ၅၀ ကျပ်နှုန်းဖြင့် ကောက်ခံပြီး ယင်းသည် သုံးစွဲမှု၏ ၂၂ ရာခိုင်နှုန်းရှိကာ ဒုတိယအများဆုံးဖြစ်ကြောင်း အဆိုပါကော်ပိုရေးရှင်း၏ထုတ်ပြန်ထားသည့်အချက်အလက်များမှသိရသည်။

အခြေခံလူတန်းစားများအနေနှင့် လျှပ်စစ်မီးဖို အသုံးပြုခြင်း၊ ပန်ကာနှင့် တီဗီကဲ့သို့ ဖျော်ဖြေရေးစက်ပစ္စည်းများကို ပုံမှန်အတိုင်း အသုံးပြုပါက ယူနစ်ပျမ်းမျှ ၁၀၀ နှင့် ၂၀၀ ကြားကိုသာ အသုံးပြုနိုင်ကြောင်း လျှပ်စစ်အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

အိမ်သုံးမီတာများကို ပြောင်းလဲကောက်ခံရာတွင် ယူနစ် ၁၀၀ အထိ လက်ရှိနှုန်းထား ၃၅ ကျပ်အတိုင်းထားပြီး၊ ၁၀၀ ယူနစ်အထက်မှ ၂၀၀ ယူနစ်အထိ ၄၀ ကျပ်အစား ၅၀ ကျပ်၊ ၂၀၀ ယူနစ်အထက်မှ ၃၀၀ ယူနစ်အထိ ၅၀ ကျပ်အစား ၇၅ ကျပ်သို့လည်းကောင်း၊ ၃၀၀ ယူနစ် အထက်မှ ၄၀၀ ယူနစ်အကြား ၅၀ ကျပ်မှ ၁၀၀ ကျပ်အထိလည်းကောင်း၊ ၄၀၀ ယူနစ်အထက်မှ ၅၀၀ ယူနစ်အထိကို ၁၅၀ ကျပ်အထိ အသီးသီး တိုးမြှင့်သင့်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဇွန်လ ၂၄ရက်တွင် အစိုးရသို့ အကြံပြုထားသည်။

■ J-14

## မျက်နှာဖုံး - သန်လျင်တွင် သုံးလအတွင်း ကျူးကျော်အိမ် မှ အဆက်

ခန့်ထိ ရှိလာကြောင်း သန်လျင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၂ မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက ပြောကြားသည်။

“ကျူးကျော်တွေကို ပထမ စာရင်းကောက်ယူပြီး ကျန်ခဲ့တဲ့သူတွေကို ထွေအုပ်က စာရင်းပြုစုပေ့ါ။ ကျန်ခဲ့တဲ့သူတွေကို စိစစ်ပြီးတော့ အစိုးရအဖွဲ့ကို တင်ပြပေးမယ်။ ကျူးတွေက ဘယ်လို ကျူးတွေလဲဆိုတာ တိုင်းအစိုးရက စိစစ်ပြီး အရေးယူဆောင်ရွက်သွားမှာပါ” ဟု ၎င်းက ဆိုသည်။

ထပ်မံတိုးလာသည့် ကျူးကျော်များတွင် စာရင်းကောက်ယူစဉ်က ကျန်ခဲ့သည့်သူများရှိပြီး စီးပွားဖြစ်ထပ်မံတိုးပွားလာသည့် ကျူးကျော်များလည်း ရှိနေသောကြောင့် စာရင်းပြုစုကာ စိစစ်၍ အရေးယူနိုင်ရန် တိုင်းအစိုးရအဖွဲ့ထံတင်ပြသွားမည်ဖြစ်ကြောင်း သန်လျင်မြို့နယ် မဲဆန္ဒနယ် အမှတ် ၁ မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးနေလင်းအောင်က ပြောကြားသည်။

“သန်လျင်က ကျူးတွေကို အခုနှစ်မတ်လလောက်မှာ စမတ်ကတ် ထုတ်ပေးပြီးပြီ။ ဝန်ကြီးချုပ်လည်း ပြောထားတယ်။ သတ်မှတ်ရက်နောက်ပိုင်းမှာ ကျူးကျော်လာခဲ့ရင် တစ်အိမ်ကျူးရင် တစ်အိမ်ဖျက်မယ်ပြောထားတယ်။ အုပ်ချုပ်ရေးပိုင်းကိုလည်း ထပ်မံကျူးကျော်လာတဲ့သူတွေကို စာရင်းမှတ်ထားပြီး ဓာတ်ပုံတွေရိုက်ဖို့ ပြောထားတယ်” ဟု ဦးနေလင်းအောင်က ဆိုသည်။

ယခုလက်ရှိ သန်လျင်မြို့နယ်တွင် ကျူးကျော်အိမ်ထောင်စု ၁၀၀၀၀ ခန့် နေထိုင်လျက်ရှိပြီး သန်လျင်ဘုရားကုန်းကျေးရွာအုပ်စုနှင့်လက်ယက်ကန်းကျေးရွာအုပ်စုတွင် အများဆုံးရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုအတွင်း တရားမဝင်နေထိုင်သည့်ကျူးကျော်အိမ်ခြေ ၁၀၅,၄၄၉ ရှိပြီး အိမ်ထောင်စု ၁၆၇,၇၃၈ စု ရှိကာ ကျူးကျော်နေထိုင်သူဦးရေ ၄၃၁,၀၅၀ ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ထံမှ သိရသည်။

■ J-10


## အခမဲ့ ကြော်ငြာ ကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| Aryu Wa Dana Ph:09-428006001 | Aung ဆေးဆိုင် Ph: 09-425325880,09-770903488 | ရွှေရည်ဦး ဖိနပ်ဆိုင် Ph:09-79195448 | Fancy ဆံသဆိုင် Ph:09-420055190 | အောင်သုခဆေးဆိုင် No.1242, Ph:09-790142952,09-75535570 | ယာဉ်အပိုပစ္စည်းနှင့် ပရော်ဖက်လုပ်ငန်း Ph: 09-43122289,09-73073665 |
| ရွှေမြင့်မိုရ် Ph: 09-450093119,09-263119919, 09-77585619 | ယာဉ်မောင်းအလိုရှိသည်။ Ph: 09-73078387,09-5402963 | ခင်ဆေးဆိုင် Ph: 09-254313917,09-420119394 | SCI Co,Ltd Ph: 09-5077217 | ရွှေလင်းယုန် Hair Design & Make-Up No.603, A San Yeik Nyein (6) Street, Beside of yadathan Tekthar,Pyay Road Kamaryut Township | LABEILE Beauty & Spa No.290/D, ကမာရွတ်။ Ph:01-505258 |
| BE (PE) Maths,Chemistry&Physics Grade IX &X Ph-0973142020 | M.M.T (Air Con Sale & Service) Ph:09-968629875 | မိုးကုတ် ဦးသန်းမောင် Ph: 01-705070,09-5130974,09-73205028 | မြင့်မိုရ်ထွန်း Ph: 09-451023529, 09-794077972 | Rolling Stones (Beauty Saloon) Ph:09-799544475 | Ei Thu Online Store Ph:09-790544055 |
| မြန်မာမေတ္တာ ပျက်မှန်ဆိုင် Ph: 09-43113661 | Together Air Con Service Ph:09-422457959 | WP Mobile Shop Ph:09-400053534 | T&T (Mobile) No.761, Ph: 09-421014012 | Eleven Ph: 09-792677508 | မြင့်သုထက် (Education Centre) Ph:09-73008719, |
| အောင်သစ္စာ (Japan ) Ph:09-771094883 | Orginal Ph:01-546887,09-5042330 | K&A Car Sales & Services Centre Ph: 09-449001135,09-5180969 | အောင်ကြယ်စင် Ph: 09-250506270,09-264994446 | ကျော် 09-49579444 | စိန်ကတုံး Ph:09-5190941,09-775190941 |

## The Voice Daily

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line) နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

The VOICE Daily
Wednesday, June 28, 2017

# ပဲစင်းငုံဈေးပြန်တက်သော်လည်း အဖွင့်ဈေးထက် တင်းတစ်ရာလျှင် ကျပ် ရှစ်သိန်းကျ

**မိတ္ထီလာ၊ ဇွန် ၂၇**

မိတ္ထီလာမြို့ရှိ ကောက်ပဲသီးနှံဈေးကွက်တွင် ယခုနှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့သော ဒေသထွက် ပဲစင်းငုံဈေးနှုန်းသည် ပြန်လည်မြင့်တက်လာသော်လည်း ယခုနှစ်အဖွင့်ဈေးထက် တင်းတစ်ရာလျှင် ကျပ်ရှစ်သိန်းအထိကျဆင်းနေဆဲဖြစ်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါ ပဲဈေးနှုန်းများသည် အိန္ဒိယနိုင်ငံဘက်မှ ပြန်လည်ဝယ်ယူလာခြင်းကြောင့်ယခင်အပတ်ကထက် တင်းတစ်ရာလျှင် ကျပ်တစ်သိန်းခန့် (တစ်တင်းလျှင် ကျပ်တစ်ထောင်ခန့်) သို့ပြန်လည်မြင့်တက်လာခြင်းဖြစ်ပြီး ပဲဈေးအပြောင်းအလဲမှာ အိန္ဒိယဝယ်လိုအားပေါ်မူတည်ကြောင်း ယင်းဈေးကွက်အတွင်းမှ ကုန်သည်များက ဆိုသည်။

"ပြီးခဲ့တဲ့ တစ်ပတ်လောက်က အိန္ဒိယဘက်နဲ့ ကွန်တိန်နာ ပုံးနှစ်ရာလောက် အရောင်းအဝယ်ဖြစ်လို့ ဈေးပြန်တက်တယ်လို့ သိရတယ်။ ဒီကကုန်သည်တွေက ပဲပေါ်စအချိန်တုန်းက ဈေးလောက်တော့ ပြန်တက်မယ်လို့ မှန်းကြပါတယ်" ဟု မိတ္ထီလာမြို့နယ်ရှိ ပဲကုန်သည် ဦးလွင်က ပြောဆိုသည်။

လက်ရှိအခြေအနေအရ မိတ္ထီလာခရိုင်အတွင်းရှိ လှောင်လက်များထံတွင် ပဲစင်းငုံအမြောက်အမြားသိုလှောင်ထားဆဲဖြစ်ပြီး အရှုံးများနေသေး၍ ပဲစင်းငုံဈေးပြန်တက်မည့် အချိန်ကိုစောင့်ဆိုင်းလျက်ရှိနေသေးကြောင်း မလှိုင်မြို့မှ ပွဲရုံလုပ်ငန်းရှင် ဦးကျော်သက်လင်း ဆိုသည်။

မိတ္ထီလာထွက် ပဲစင်းငုံဈေးသည် စထွက်သည့် ယခုနှစ် ဇန်နဝါရီလအတွင်းက တင်းတစ်ရာလျှင် ကျပ် ၂,၆၀၀,၀၀၀ မှ ၂,၇၀၀,၀၀၀ (တစ်တင်းလျှင် ၂၆,၀၀၀ မှ ၂၇,၀၀၀ ကျပ်)အထိရှိခဲ့ရာမှ ယခုအခါ တင်း တစ်ရာလျှင် ကျပ် ၁၉၀၀,၀၀၀ ကျပ်(တစ်တင်းလျှင် ၁၉,၀၀၀ ကျပ်) သို့ကျဆင်းခဲ့ခြင်းကြောင်း မိတ္ထီလာပဲမျိုးစုံဈေးကွက်အတွင်းမှ သိရသည်။

■ R-01

# ညွှန်ကြားချက်မလိုက်နာသည့် အုပ်ချုပ်ရေးမှူးကို မကွေးတိုင်းအစိုးရ ရာထူးမှဖယ်ရှား

**မကွေး၊ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိသည့်အတွက်ဟုဆိုကာ နတ်မောက်မြို့ ရန်အောင်မြင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်မောင်ကို ဇွန် ၂၆ ရက်နေ့ညနေက ရာထူးမှဖယ်ရှားလိုက်ကြောင်း နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။

တိုင်းအစိုးရ၏ ညွှန်ကြားချက်သည် ယင်းရပ်ကွက်နေပြည်သူအချို့က စာသင်ကျောင်းအတွက်လျာထားမြေပေါ် ကျူးကျော်နေရာချထားသည်ဟုဆိုကာ တိုင်ကြားခဲ့သည့်အမှုကို တိုင်းအစိုးရက လာရောက်စစ်ဆေးခဲ့ပြီး ယင်းကျူးကျော်နေအိမ် ၁၆ လုံးကို ဇွန်လ ၂၅ ရက်နေ့နောက်ဆုံးထား ဖယ်ရှားပေးရန် ဦးမြင့်မောင်ကို တာဝန်ပေးထားခဲ့ခြင်းဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

"ရပ်/ကျေးဥပဒေ အခန်း ၅ အပိုဒ် ၁၁(က)နဲ့(ဂ)အရ အုပ်ချုပ်ရေးမှူးလုပ်ငန်းတာဝန်ကို ကျေပွန်အောင်မထမ်းဆောင်နိုင်လို့ဆိုပြီး အဓိကကတော့ အိမ် ၁၆ လုံးကို သတ်မှတ်ရက်အတွင်းဖယ်ရှားခြင်းမရှိလို့ဆိုပြီး ဖယ်ရှားခံရတာပါ" ဟု အုပ်ချုပ်ရေးမှူးရာထူးမှ ရပ်နားခြင်းခံရသူ ဦးမြင့်မောင်က ပြောဆိုသည်။

နတ်မောက်မြို့၊ ရန်အောင်မြင်ရပ်ကွက်တွင် တိုးချဲ့ကွက်သစ်အဖြစ် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ယင်းရပ်ကွက်၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးမြင့်မောင် ကိုယ်တိုင်ဦးဆောင်ကာ နေရာချထား ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေရာချထားခဲ့သည့် အိမ်များအနက် နေအိမ် ၁၆ လုံးမှာ ရပ်ကွက်မူလတန်းကျောင်းအဖြစ်လျာထားမြေပေါ်တွင် ကျူးကျော်နေသည်ဟုဆိုကာ ရပ်ကွက်နေပြည်သူအချို့က ထိုစဉ်ကတည်းက တိုင်ကြားခဲ့ပြီး အစိုးရသုံးဆက်တိုင်ကြာရှည်ခဲ့သည့်အမှုတစ်ခုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

လစ်လပ်သွားသည့်ရပ်ကွက်အုပ်ချုပ်ရေးမှူးနေရာတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးဥပဒေ အခန်း(၈) ပုဒ်မ ၁၆(ဂ)အရ ယခင်အုပ်ချုပ်ရေးမှူးရွေးချယ်စဉ်က ဒုတိယမဲအများဆုံးရရှိထားသူကို ယာယီတာဝန်ပေးထားပြီး အခန်း(၈) ပုဒ်မ ၁၆(က)အရ ရက်ပေါင်း ၃၀ အတွင်း အစားထိုးပြန်လည်ရွေးချယ်သွားမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။

■ R-02

# မိတ္ထီလာရှိ မျက်မမြင်များကို ကွန်ပျူတာသင်တန်းဖွင့်လှစ် သင်ကြား

**မိတ္ထီလာ၊ ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဓမ္မပါလကျေးရွာတွင် တည်ထောင်ထားသော ဘဝသစ်မျက်မမြင် သင်တန်းကျောင်းတွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူ ၄၀ ကို ဇွန်လ ၂၆ ရက်နေ့မှ သင်တန်းစဖွင့်၍ ကွန်ပျူတာသင်ကြားပေးလျက်ရှိကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်မိုးက ပြောကြားသည်။

အဆိုပါ သင်တန်းသည် မြန်မာနိုင်ငံမျက်မမြင်အသင်းချုပ်၏ ချိတ်ဆက်ပေးမှုဖြင့် အမေရိကန်နိုင်ငံ မျက်မမြင် အသင်းက ပေးအပ်လှူဒါန်းထားသည့် မျက်မမြင်များအတွက်ထုတ်လုပ်ထားသော ကွန်ပျူတာနှစ်လုံးကို အသုံးပြု၍ နည်းပြဆရာနှစ်ဦးက ခြောက်လကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာမြို့များရှိ မျက်မမြင်ကျောင်းများတွင်လည်း ကွန်ပျူတာသင်တန်းများကို မိတ္ထီလာနှင့် တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဘဝသစ် မျက်မမြင်ကျောင်းသည် လျှပ်စစ်ဓာတ်အားရရှိခြင်း မရှိသေးသဖြင့် မီးစက်ကို အသုံးပြုနေရသည် ဖြစ်ရာ ကွန်ပျူတာ သင်တန်းပေးချိန်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲရန် စက်သုံးဆီ ဖိုးလိုအပ်လျက်ရှိကြောင်း၊ လှူဒါန်းလိုသူများအနေနှင့် ဖုန်းနံပါတ် ၀၉-၄၀၂၅၂၇၀၉၄ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သင်တန်းစီစဉ်သူများထံမှ သိရသည်။

■ R-01

## NEWS IN BRIEF

### ဇလွန်တွင် ယာဉ်မတော်တဆမှုကြောင့် တစ်ဦးသေ

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ရန်ကုန် - ဇလွန်ကားလမ်းတွင် ဇွန်လ ၂၅ရက် ညနေပိုင်းက မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်ရာမှ ဆိုင်ကယ်မောင်းသူ ဦးမြစိုး (၄၇နှစ်) သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများထံမှ သိရသည်။

ဆိုင်ကယ်မောင်းသူ က လယ်ဦးကျေးရွာလမ်းပေါ်၌ တက်မောင်းစဉ် ကိုမင်းသူအောင် (၃၃နှစ်) မောင်းလာသော မော်တော်ယာဉ်နှင့် တိုက်မိခဲ့ကြောင်း၊ ဆိုင်ကယ်မောင်းသူ ဒဏ်ရာ ရရှိသဖြင့် ဇလွန်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့သဖြင့် သေဆုံးသော ဆိုင်ကယ်မောင်းသူနှင့် မော်တော်ယာဉ်မောင်းတို့ကို ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၀၄- ကဖြင့်အမှုဖွင့်ထားကြောင်း မြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

■ R-13



ဓာတ်ပုံ – ရန်နိုင်

ဇွန်လ ၂၈ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့မဈေးတွင် တရုတ်ကြက်ဥရောင်းချနေသူများကို ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးနေစဉ်

# ကျိုင်းတုံတွင် တရုတ်ကြက်ဥများကြောင့် ဒေသခံ ကြက်မွေးမြူသူများ အခက်ကြုံ

**ကျိုင်းတုံ၊ ဇွန် ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ဈေးကွက်သို့ တရားမဝင် တင်သွင်းလာသော တရုတ်နိုင်ငံထွက် ကြက်ဥများကို ဈေးနှုန်း မယှဉ်နိုင်သဖြင့် ဒေသခံ ဥစားကြက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ ရေရှည် ရပ်တည်နိုင်ရန် အခက်ကြုံနေရကြောင်း ဒေသခံဥစားကြက်မွေးမြူရေး လုပ်ကိုင်သူများထံမှ သိရသည်။

"ဒေသခံ မွေးမြူရေးသမားတွေ အနေနဲ့က အစာကျွေးမွေးမှုအနေအထားအရ တရုတ်ကြက်ဥတွေထက် တစ်လုံးကို သုံးကျပ် နီးပါးကွာတယ်၊ သူတို့အနေနဲ့ ဈေးကွက် မယှဉ်နိုင်လို့ ရေရှည်ရပ်တည်ဖို့ အခက်အခဲရှိတယ်လို့တင်ပြလာတဲ့အတွက် ပူးပေါင်းအဖွဲ့နဲ့ ဒီနေ့ (ဇွန်လ ၂၇ရက်)မှာ ကွင်းဆင်း စစ်ဆေးခဲ့တယ်၊ တွေ့ရှိချက်များကို မြို့နယ် ထွေအုပ်အစည်းအဝေးမှာ တင်ပြမှာပါ" ဟု ကျိုင်းတုံမြို့ ဒုတိယပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးလှစိုးက ပြောကြားသည်။

ကျိုင်းတုံမြို့နယ်တွင် ဥစားကြက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သော ဒေသခံနည်းပါးသော်လည်း စားသုံးသူ၏ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ကြောင်း၊ ဈေးကွက်ရှိ တရုတ်နိုင်ငံထွက် ကြက်ဥများ ရောင်းချသည်ကို တွေ့သော်လည်း ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သော ကြက်ဥများ ဝင်ရောက်မလာကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစည်သူက ပြောဆိုသည်။

ကျိုင်းတုံမြို့တွင် ဥစားကြက်မွေးမြူရေးလုပ်ကိုင်သူ ကိုးဦးရှိပြီး ကြက်ကောင်ရေ ၄၅၀၀၀ ကျော်မှ နေ့စဉ် ကြက်ဥအလုံးရေ လေးသောင်းခန့် ထွက်ရှိကြောင်း၊ တရုတ်နိုင်ငံထွက်ကြက်ဥများမှာ တစ်လုံးလျှင် လက်ကားဈေးမှာ ကျပ် ၇၀ရှိပြီး လက်လီဈေးမှာ ကျပ် ၁၀၀ ဖြင့် ရောင်းချကြောင်း၊ ဒေသထွက်ကြက်ဥတစ်လုံးလျှင် လက်ကားဈေးမှာ ကျပ် ၁၀၀ရှိပြီး လက်လီဈေးမှာ ကျပ် ၁၂၀ ဖြင့် ရောင်းချကြောင်း ဈေးကွက်အတွင်းထံမှ သိရသည်။

■ R-16

# နဝဒေး စက်မှုဇုန်တွင် အကောင်အထည်မဖော်သော မြေများပြန်ပေးရေးဆန္ဒထုတ်ဖော်

**ပြည်၊ ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ ပြည်မြို့ရှိ နဝဒေးစက်မှုဇုန် စီမံကိန်းကြောင့် သိမ်းဆည်းခဲ့သောမြေများအနက် အကောင်အထည်မဖော်သော မြေများကို ပြန်ပေးရေးအတွက် ဇွန်လ ၂၇ရက် နံနက်ပိုင်းတွင် ဒေသခံ ၃၀ ခန့်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်သူများက ဗိုလ်ချုပ်ကျောက်ရုပ်မှ စတင်ကာ ဗိုလ်ချုပ်လမ်း၊ မြောက်စောင်းတန်းလမ်း၊ စစ်ကဲလမ်း၊ လမ်းရှည်လမ်းနှင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့အထိ လမ်းလျှောက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း၊ အသုံးမပြုသော မြေများမှာ မူလပိုင်ရှင်များ ပြန်လည်ရရှိသင့်သောကြောင့် ဆန္ဒထုတ်ဖော်တောင်းဆိုရခြင်း ဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူများက ပြောကြားသည်။

နဝဒေးကွက်သစ်တိုးချဲ့စီမံကိန်း စစ်မှုထမ်းဟောင်းကွက်သစ် ဟုဆိုကာ ၂၀၀၂-၀၃ခုနှစ်တွင် သိမ်းဆည်းခဲ့ပြီး လက်ရှိအခြေအနေထိ အကောင်အထည်မဖော်ထားသော မြေများကို ပြန်ပေးရန်နှင့် ကာလတန်ဖိုးအတိုင်း လျော်ကြေးပေးစေလိုကြောင်း သဇင်လှ ကျေးရွာနေသူ ဦးအေးဆန်းက ပြောဆိုသည်။

စက်မှုဇုန်အဟောင်းကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ပြီး စက်မှုဇုန်အသစ်မှာ ၂၀၀၃ ခုနှစ်တွင် ဖော်ထုတ်ခဲ့ကြောင်း၊ ယင်းသို့ ဖော်ထုတ်ရာတွင် မြေပိုင်ရှင်များကို မြေယာလျော်ကြေးပေးသည်ဟု သိရကြောင်း၊ မရသေးသည်ဟုဆိုသူများ အနေနှင့် ပိုင်ဆိုင်ကြောင်းအထောက်အထားပြကာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထံ တင်ပြတောင်းဆိုသင့်ကြောင်း နဝဒေး စက်မှုဇုန် စီမံ ခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌ ဦးညီညီအောင်က ပြောကြားသည်။

ပြည်မြို့တွင် ၁၉၉၂ ခုနှစ်တွင် ဂန္ဓာမာစက်မှုဇုန်ကိုအကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် နဝဒေး စက်မှုဇုန်ကို ပေတစ်ရာပတ်လည် မြေကွက် ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ခဲ့ကာ အမှန်တကယ် လုပ်ငန်းလုပ်သူမှာ သုံးပုံတစ်ပုံသာရှိကြောင်း၊ စီမံကိန်းအကောင်အထည်မဖော်ဖြစ်သည့် မြေများအတွက် မူလပိုင်ရှင်များအား ဥပဒေနဲ့အညီ ပြန်လည်ပေးအပ်သင့်ကြောင်းဒေသခံများထံမှ စုံစမ်းသိရှိရသည်။

■ M-06

# မုံရွာတွင် သေနတ်ကျည်ဆန်ဟောင်း နှစ်ရာကျော်တွေ့

**မုံရွာ၊ ဇွန် ၂၇**

မုံရွာမြို့ ရွှေဇလုပ်ရပ်ကွက်တွင် ယာပိုင်ရှင်နှစ်ဦး၏ လယ်ကန်သင်းနှစ်ခုကြားရှိ ချုံပုတ်များကိုရှင်းလင်းရာမှ သေနတ်ကျည်ဆန်အဟောင်း အတောင့် ၂၇၀ ကျော်တွေ့ရှိခဲ့ကြောင်း ယင်းနယ်မြေရဲစခန်းထံမှ သိရသည်။

အဆိုပါ ကျည်ဆန်တောင့်များသည် ဒသမ ၃၀၃ အမျိုးအစား ကျည်ဆန်အဟောင်းများဖြစ်ပြီး ဇွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ဦးကျော်လွင်နှင့် ဒေါ်မာလာတို့ပိုင်ဆိုင်သော လယ်ကန်သင်းနှစ်ခုကြားတွင် တွေ့ရှိခဲ့သည်ကို မြေကြီးများဖြင့် ပြန်ဖုံးထားခြင်းကို ယင်းရပ်ကွက်အုပ်ချုပ်ရေးမှူးက သတင်းရ၍ နယ်မြေရဲစခန်းတာဝန်ရှိသူများနှင့် သွားရောက်သိမ်းဆည်းခြင်းဖြစ်ကြောင်း ရွှေဇလုပ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထိုက်က ပြောကြားသည်။

"ဇွန်လ ၂၆ ရက်၊ ည ၇ နာရီမှာ သတင်းရလို့ ကျည်အဟောင်းတွေသွားသိမ်းရတာပါ။ ပိုင်ရှင်နှစ်ဦးရဲ့ကန်သင်းမှာ ချုံရှင်းရင်း ဒေါ်မာလာက စတွေ့တာပါ။ သူကကြောက်လန့်ပြီးမြေတွေ ပြန်ဖုံးထားတာကို နယ်မြေခန်းမှူးနဲ့ အဖွဲ့တွေပြန်တူးယူရတာပါ" ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ ကျည်တောင့်များတွေ့ရာ နေရာနှင့်ဆက်စပ်နေရာများတွင် တာဝန်ရှိသူများက ဆက်လက်ရှာဖွေနေပြီး ယခုတွေ့ရှိသည့်ကျည်တောင့်များကိုသက်ဆိုင်ရာ တပ်နယ် အမှတ် ၅၀၈ ထံအပ်နှံရန် စီစဉ်ဆောင်ရွက်နေကြောင်း ယင်းနယ်မြေရဲစခန်းထံမှ သိရသည်။

မုံရွာမြို့နယ်အတွင်း ယင်းနယ်မြေရဲစခန်းပိုင် ထန်းတောရပ်ကွက်နှင့် နန္ဒဝန်ရပ်ကွက်တို့တွင် လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်ခန့်က စံချိန်တင် မူးယစ်ဆေးဝါးများ စွန့်ပစ်ထားမှုနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

■ R-08

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁


Photo - Heart target

# ဟုမ္မလင်း ကျီစုရွာတွင် ချောင်းရေဖြတ်ကူးကာ ကျောင်းတက်ရ

**ကလေး၊ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်း မြို့နယ် ကျီစု ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းတွင် တက်ရောက်နေသော ကျောင်းသားကျောင်းသူများမှာ မိုးကာလ တောင်ကျချောင်းရေကျဆင်းလာပါက ရင်စို့ခန့်ရှိသော ရေထဲမှ ဖြတ်ကူးကာ ကျောင်းတက်နေရကြောင်း ကျီစု ကျေးရွာ တာဝန်ခံ ဦးသာအေးက ပြောကြားသည်။

ကျီစုကျေးရွာမှ ၅တန်း ၊၆တန်း၊ ၇တန်း၊ ၈တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများမှာ ရွာနှင့် သုံးမိုင်ကျော်ဝေးသော အောက်မှန်ကင်း ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ကျောင်းတက်ရကြောင်း၊ ကျောင်းသွားရာလမ်းတွင် တုံလုံးချောင်းရှိပြီး သာမန်အချိန်တွင် ပေ ၃၀ ကျော်သာ ကျယ်သော ရေပြင်မှာ မိုးရွာသွန်းပါက သုံးဧကခန့် ကျယ်သွားကြောင်း၊ ချောင်းပေါ်တွင် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော တံတားမှာ ရေမြုပ်သွားသဖြင့် ကျောင်းသားများမှာ ရေပြင်ကို ဖြတ်ကာ ကျောင်းတက်နေရကြောင်း ၎င်းက ရှင်းပြသည်။

"တချို့ဆိုရင် ကျောင်းထွက်သွားကြပြီ၊ မိုးတွင်းဆိုရင် ခဏခဏ ရေကြီးတော့ ကလေးတွေက ချောင်းကို ဖြတ်ပြီး စာသင်နေရတာက အသက်အန္တရာယ်ရှိတယ်၊ ရေများချိန်ဆို မိဘတွေက သွားစောင့်ပြီး ကူးပေးနေရတယ်"ဟု ၎င်းက ပြောဆိုသည်။

ကျီစုရွာနှင့် အောက်မှန်ကင်းရွာအကြား တုံလုံးချောင်းကို ဖြတ်ကူးတည်ဆောက်သော တံတားများမှာ ရေများပါက မြုပ်သွားကြောင်း၊ ကိုယ်ထူကိုယ်ထ သစ်သားတံတား ဖြစ်သောကြောင့် ဆွေးမြည့်နေသဖြင့် တာဝန်ရှိသူများအနေနှင့် တံတားတည်ဆောက်ပေးစေလိုကြောင်း၊ သို့သော်တံတားမဆောက်နိုင်ပါက ကျီစု ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ပေးစေလိုကြောင်း ကျီစု ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းတာဝန်ခံ ဦးလွင်မိုး က ပြောဆိုသည်။

"ကျွန်တော်တို့ဆီ တင်ပြထားတာ မရှိသေးဘူး၊ တင်ပြရင်တော့ ကွင်းဆင်းကြည့်ပြီး တိုင်းရုံးကို ဆက်တင်ပေးရမှာပေါ့၊ ကျွန်တော့်အနေနဲ့ ဆုံးဖြတ်ပေးလို့မရဘူး" ဟု ဟုမ္မလင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်ခိုင်က ပြောကြားသည်။

အုပ်ချုပ်ရေးမှူးအနေနှင့် လိုအပ်ပါသည်ဟု အကြောင်းကြားပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းတိုင်းတာမည် ဖြစ်ကြောင်း၊ ယင်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပေါင်းစပ်ကာ တင်ပြရမည် ဖြစ်ပြီး ထိုသို့တင်ပြမှသာ ဘဏ္ဍာနှစ်အလိုက်တွင် လုပ်ငန်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လတ်တလောတွင် လိုအပ်ချက်ကို တင်ပြလာခြင်း မရှိသေးကြောင်း ဟုမ္မလင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်က ပြောကြားသည်။ ■

# အခြားယောက်ျားနှင့် ခိုးရာလိုက်ပြေးသည့် အမျိုးသမီးကို အမှုဖွင့်

**သပိတ်ကျင်း၊ ဇွန် ၂၇**

၁၁ နှစ်ကြာပေါင်းသင်းခဲ့သည့်ခင်ပွန်းကိုထားကာ အခြားယောက်ျားဖြင့် ခိုးရာလိုက်ပြေးသည့် အမျိုးသမီးကိုတစ်လင်တစ်မယားဥပဒေဖြင့် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သပိတ်ကျင်းမြို့မရဲစခန်းထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တွင်းငယ်တိုက်နယ် ညောင်ရင်းကျေးရွာတွင် နေထိုင်သော အိမ်ထောင်ရှိအမျိုးသမီးသည် ၎င်းအိမ်တွင် အလုပ်လုပ်ကိုင်သည့်အမျိုးသားတစ်ဦးနှင့် ယခုနှစ် မေလ ၁၇ ရက်နေ့က ခိုးရာလိုက်ပြေးသွားခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားသူ ကာယကံရှင် ဦးမိုးနှင်းက ပြောကြားသည်။

"အခုကတစ်လင်တစ်မယားဥပဒေနဲ့အရေးယူပေးဖို့ ရဲစခန်းမှာ ဇွန်လ ၂၆ ရက်နေ့ကအမှုဖွင့်ထားပါတယ်။ လိုက်လံစုံစမ်းမှုအရလည်း သူတို့နေတဲ့နေရာ အထောက်အထားအချက်အလက်လည်း တွေ့လို့ နောက်အိမ်ထောင်ပြု ပေါင်းသင်းနေထိုင်သူနဲ့ လင်ရှိမယား ခိုးယူပေါင်းသင်းနေထိုင်သူနှစ်ယောက်စလုံးကို အမှုဖွင့်လိုက်တာပါ"ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ အမှုဖွင့်တိုင်တန်းမှုကို (ပ)၁၃၂ /၂၀၁၇ တစ်လင်တစ်မယားကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၃ ဖြင့် ရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိသည်ဟု သပိတ်ကျင်းမြို့မ ရဲစခန်း ရဲအုပ်မြတ်ကျော်ဦးက ပြောကြားသည်။ ■ R-05

# ဝါခရူမြို့ဟောင်းကို ပြည်ထောင်စုအဆင့် ထိန်းသိမ်းရန် အစီအစဉ်မရှိသေး

**မော်လမြိုင်၊ ဇွန် ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ဝါခရူမြို့ဟောင်းကို ပြည်ထောင်စု အဆင့် ထိန်းသိမ်းရန် အစီအစဉ် မရှိသေးကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက ပြောကြားသည်။

ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် ပဉ္စမပုံမှန်အစည်းအဝေးတွင် သံဖြူဇရပ် မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းက ယင်းမြို့ဟောင်းကို ပြည် ထောင်စုအဆင့် ထိန်းသိမ်းရန် အစီအစဉ် ရှိမရှိကို မေးမြန်းရာ ပြည်ထောင်စု ဝန်ကြီး က အထက်ပါအတိုင်း ပြောကြားခဲ့သည်။

"ပြည်ထောင်စုအဆင့်က ထိန်းသိမ်း တဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် စာရင်းကို တင်သွင်းမယ်ဆိုရင် တည်ဆဲ (၉၈) အမွေအနှစ်ထိန်းသိမ်းရေး ဥပဒေပါ ပြဋ္ဌာန်းချက်တွေ စည်းကမ်းတွေကို ကျွန်တော်တို့က လူထုကို ချပြရမှာပါ၊ ကန့်သတ်ချက်တွေ ပါလာမှာပါ၊ လူထုက လက်ခံမှပဲရမှာပါ၊ ဒါကြောင့် ကျွန်တော် တို့သေချာ လေ့လာသုံးသပ်ပြီးမှ လုပ်သင့် တဲ့ ကိစ္စဖြစ်ပါတယ်" ဟု သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသူရဦးအောင်ကိုက ပြန်လည် သည်။

ပြည်ထောင်စုအဆင့် ထိန်းသိမ်း မည့် ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းပါက ပြည်သူများ ထိုနေရာတွင် ကျူးကျော်ဝင်ရောက်စိုက်ပျိုးခြင်း၊ အဆောက် အအုံဆောက်လုပ်ခြင်း၊ လက်ရှိ ရှိနေသည့် အဆောက်အအုံများ ပြောင်းရွှေ့ခြင်းနှင့် ပြည်သူ့အကျိုးစီးပွား ထိခိုက်နိုင်မည်ဖြစ် ကြောင်း၊ အလားတူ အခြားဗိဿနိုး၊ ဟန်လင်းကဲ့သို့သော ရှေးဟောင်းယဉ် ကျေးမှုမြို့များတွင်လည်း ကန့်ကွက်မှုများ ရှိနေကြောင်း၊ ဝါခရူမြို့ဟောင်းအတွက် ရှေးဟောင်းသုတေသန အဖွဲ့တစ်ဖွဲ့ကို ထပ်မံ စေလွှတ်မည် ဖြစ်ကြောင်း၊ ယခင် သုတေသနပြုလုပ်ချက်များတွင် ယဉ်ကျေး မှု အမွေအနှစ် အထောက်အထားများ မတွေ့ရှိခဲ့ရကြောင်း ၎င်းက ဆက်လက် ဖြေကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် မွန်ကူခွက်ပုံ ရှေးဟောင်းမြို့တော် (၆) ခု အနက် ဝါခရူမြို့ဟောင်းသည် တစ်ခု အပါ အဝင်ဖြစ်ကြောင်း၊ ဝါခရူမြို့ဟောင်းသည် မူရင်းအကျယ် ၆၁ ဒသမ ၁ ဧက ရှိပြီး စာကျက်မြေအဖြစ် တည်ရှိနေပါကြောင်း၊ ထိုမြေပေါ်တွင် ရော်ဘာစိုက်ပျိုးခြင်းနှင့် သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသည့် ယူကလစ်ပင်များလည်းရှိကြောင်း၊ ထို အထဲတွင် ပထမလွှတ်တော်မှ ၂ ဧကကို ပြတိုက်အဖြစ် ထားရှိမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ဧက ၄၀ ဝန်းကျင်သာ ကျန်ရှိတော့ကြောင်း၊ မွန်ပြည်နယ်၏ ထိန်းသိမ်းသင့်သည့် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် (၉) ဌာနတွင် ဝါခရူမြို့ဟောင်းသည် တစ်ခုအပါအဝင် ဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ်မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း က ပြောဆိုသည်။

"ဝါခရူမြို့ဟောင်းက အေဒီ (၅) ရာစု က ကဒူမင်းလက်ထက်မှာ တည်ထားတဲ့ မြို့ဟာစ်မြို့ဖြစ်တယ်ဆိုတာ အထောက်အထား တွေအရ သိရတယ်၊ မြို့ရိုးနဲ့ ကျုံးနဲ့ အခိုင် အမာရှိတဲ့ မြို့ဟောင်းတစ်ခု ဖြစ်ပါတယ်၊ ဒါကို ပြည်ထောင်စု သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန လက်အောက် ဒါမှမဟုတ်ရင် တိုင်းရင်းသားရေးရာ ဝန်ကြီး ဌာန လက်အောက်မှာ ထိန်းသိမ်းဖို့လိုအပ် တယ်" ဟု ဦးဉာဏ်ဟိန်းက ပြောသည်။

ဝါခရူမြို့ဟောင်းကို ယခုတွင် ရှေး ဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် ပြည်ထောင်စုမှ ထိန်းသိမ်းရန် မဖြစ်နိုင် သေးသော်လည်း ဝါခရူမြို့ဟောင်း ပြတိုက် ဆောက်လုပ်မှု ကိစ္စရပ်နှင့် ပတ်သက်၍ ပြည်ထောင်စုမှ ကူညီရန် အသင့်ရှိနေ ကြောင်း ဝန်ကြီးသူရဦးအောင်ကိုက ပြောဆိုသည်။ ■



ဓာတ်ပုံ – AK

# Miss Universe Tachiliek ပြိုင်ပွဲအတွက် ဆန်ခါတင် အယောက် ၂၀ ရွေးချယ်

**ကျိုင်းတုံ၊ ဇွန် ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီ လိတ်မြို့တွင် ကျင်းပမည့်Miss Universe Tachiliek 2017 အလှမယ် ရွေးချယ်ပွဲ အတွက် ပါဝင်ယှဉ်ပြိုင်ရန် ဆန်ခါတင် အယောက် ၂၀ကို ရွေးချယ်ထားကြောင်း ပြိုင်ပွဲကျင်းပရေး တာဝန်ခံ ကိုအာကာက ပြောကြားသည်။

လျှောက်ထားသူ ၄၆ဦးအနက် ဇွန်လ ၂၅ရက်တွင် နောက်ဆုံးဆန်ခါတင် ရွေးချယ်ရန်အတွက် ခေါ်ယူခဲ့ရာ ၃၆ဦး သာ လာရောက်ခဲ့ကြောင်း၊ ဆန်ခါတင် ရွေးချယ်ခံရသူများကို လေ့ကျင့်သင်ကြား ပေးနေပြီဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

တာချီလိတ်မြို့တွင် ပထမဆုံး အကြိမ် လာရောက်ကျင်းပသော ယင်းပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခွင့် ရရှိသူများ အနေ နှင့် ကုန်ကျစရိတ်မရှိသည့် အပြင် ဆုချီးမြှင့် ခံရမည် ဖြစ်သောကြောင့် လျှောက်ထား သူ များပြားကြောင်း ဒေသခံများထံမှ သိရသည်။

Miss Universe Tachiliek 2017 အလှမယ်ရွေးချယ်ပွဲကို ဇူလိုင်လ ၂၈ရက် ညနေ၅နာရီတွင် တာချီလိတ်မြို့ရှိ ပါလျှံ တရုတ်ဘုံကျောင်း၌ ကျင်းပမည်ဖြစ်ပြီး အလှမယ်အဖြစ်ရွေးချယ်ခံရသူကိုကျပ် ၁၀ သိန်းနှင့် 1st Runner Upဆုရရှိသူကို ကျပ်ငါးသိန်းနှင့် 2nd Runner Up ဆုရရှိသူကို ကျပ်သုံးသိန်း အပါအဝင် အခြားTitleဆုများကိုလည်းချီးမြှင့်ပေး အပ်မည်ဖြစ်ကြောင်းသိရသည်။ ■R-16

# ရေမြောင်းပိတ်ထားသည့်အိမ်ကြောင့် အိမ် ၃၀၀ခန့် ရေဝင်နစ်မြုပ်

**တောင်ငူ၊ ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နယ် အမှတ် ၁ ရပ်ကွက် ထီးလှိုင်ရပ် ဂျပန် လမ်းပေါ်ရှိ ရေထုတ်မြောင်းကို အိမ်ပိုင်ရှင် တစ်ဦးက မြေဖို့ပိတ်ဆို့ထားမှုကြောင့် အိမ်ခြေ ၃၀၀နီးပါးနှင့် စာသင်ကျောင်း တစ်ကျောင်း ရေဝင်နစ်မြုပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

ယခင်နှစ်ကတည်းက ရပ်ကွက် နေသူများ ကန့်ကွက်ခဲ့သော်လည်း ၎င်း၏ ခြံဝင်းထဲ ဖြတ်စီးသော ရေထုတ်မြောင်း ကို မြေဖို့ကာ ပိတ်ထားခဲ့ကြောင်း၊ ဒေသခံ များ အကြိမ်ကြိမ်တိုင်ကြားသော်လည်း မြေဖို့ခဲ့သဖြင့် မိုးဆက် တိုက်ရွာသွန်းသော ဇွန်လ ဒုတိယပတ်မှစတင်ကာ ရပ်ကွက် အတွင်းရေဝင်ခဲ့ပြီး ရေများမှာ ပြန်မကျ သေးကြောင်း ရေမြောင်းအနီးနေထိုင်သူ ဦးသန်းထိုက်က ရှင်းပြသည်။

ထီးလှိုင်ရပ်သည် အနိမ့်ပိုင်းတွင် တည်ရှိနေပြီး အနီးတစ်ဝိုက်ရှိ စားကျက် မြေများမှဖြတ်သန်းစီးဆင်းသော ရေဆိုး မြောင်းတစ်ခုကို ရပ်ကွက်ထဲမှ ကွန်ကရစ် ရေထုတ်ပိုက်မြောင်းဖြင့် စွန့်ထုတ်နေရ ကြောင်း၊ လွန်ခဲ့သော တစ်နှစ်ကျော်က ရေနုတ်မြောင်းကို မြေဖို့ကာ ခြံကွက် ဖော် ထုတ်နေကို တားမြစ်ပေးရန် ဒေသခံများ က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထံ တိုင်ကြား ခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိကြောင်း၊ ဇွန်လ ၂၅ရက်က ဆည်မြောင်းဌာနမှ တာဝန်ရှိသူနှင့် မြို့နယ် တာဝန်ရှိသူများက စစ်ဆေးခဲ့ကြောင်း ဒေသခံများထံမှ သိရ သည်။

"ဥပဒေနဲ့ မညီဘဲ မြောင်းပိတ်ဆို့ ထားတဲ့အတွက် ဇွန်လ ၂၄ရက်က ဆည် မြောင်းတာဝန်ရှိသူတွေက ဖွင့်ခိုင်းထား တယ်၊ လယ်မြေတွေ အနားမှာရှိတော့ ကွန်ကရစ်ရေမြောင်းကို ခြံရှင်တစ်ယောက် က ပိတ်လိုက်တော့ ရေဝင်ကုန်တာ" ဟု တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူးရုံး တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ရေထုတ်မြောင်းကို ပိတ်ဆို့ထားမှု နှင့် ပတ်သက်၍ ခြံပိုင်ရှင် ဖြစ်သော ဦးမြင့်အောင်ထံဇွန်လ ၂၆ရက် ဖုန်းဖြင့်ဆက် သွယ်မေးမြန်းရာ လက်ခံ ဖြေကြားခြင်း မပြုချေ။

အဆိုပါ ခြံမြေမှာ မြေစာရင်း ပုံစံ ပေါက်ပြီးသားဖြစ်ပြီး အလျားပေ ၄၀ အနံ ပေ ၆၀ စီရှိသည့် နှစ်ကွက်တွဲဖြစ်ကြောင်း၊ ရေထုတ်မြောင်းကို ခြံရှင်က ပေးထားသော် လည်း မြောင်းတိမ်သည့်အတွက် ရေပြန် ထုတ်ရာတွင် နှေးနေခြင်း ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးပိုင်းမှ ရေထုတ်မြောင်း ချဲ့ပေးရန် ညွှန်ကြားခြင်းကြောင့် ရေထွက် ပေါက်ကို ပြင်ဆင်နေကြောင်း အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်စိုး က ပြောကြားသည်။

■ R-15

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၄၂၁၀၀ ၆၅၇၉၊ ၀၉ ၄၂၁၁၁ ၈၃၂၇




# ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်ခွင့်ရရန် ၁၀ နှစ်အရွယ် ကလေးငယ်တစ်ဦးကိုပင် ကာတာ လာဘ်ပေးခဲ့

**မြူးနစ်၊ ဇွန် ၂၇**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိထားသည့် ကာတာနိုင်ငံသည် ယင်းသို့ အိမ်ရှင်ဖြစ်ခွင့်ရနိုင်စေရန်အတွက် လာဘ်ပေးမှုပေါင်းများစွာကို ဆောင်ရွက်ခဲ့ပြီး ကာတာဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများ လာဘ်ထိုးခဲ့သူများအနက်တွင် ဖီဖာအကြီးတန်းအရာရှိတစ်ဦး၏ ၁၀ နှစ်အရွယ် သမီးငယ်လေးပင် ပါဝင်ခဲ့ကြောင်း ဂျာမနီသတင်းစာ The Bild က ဖော်ပြထားသည်။

The Bild သတင်းစာသည် လက်ရှိတွင် ၂၀၁၈ ကမ္ဘာ့ဖလားနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရနိုင်စေရန် ရုရှားနှင့် ကာတာတို့က မည်သို့မည်ပုံ လုပ်ဆောင်ခဲ့သည်ဆိုခြင်းကို ရေးသားထားသည့် စာမျက်နှာပေါင်း ၄၃၀ ပါရှိသော အစီရင်ခံစာကို သက်သေအထောက်အထားအဖြစ် ရရှိထားပြီဖြစ်ပြီး ယင်းအစီရင်ခံစာကို ဖီဖာလွှပ်လပ်စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်တစ်ဦးဖြစ်သည့် မိုက်ကယ် ဂါစီယာက ရေးသားထားခြင်းဖြစ်သည်။

ဂါစီယာသည် လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်၌ ဖီဖာလွှပ်လပ်စုံစမ်းစစ်ဆေးရေးကော်မရှင်မှနေ၍ ရာထူးနုတ်ထွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရနိုင်စေရန် ရုရှားနှင့် ကာတာတို့က မည်သို့သော မသမာမှုများဆောင်ရွက်ခဲ့သည်ကို ၎င်းက ပြည့်စုံစွာ အစီရင်ခံတင်ပြခဲ့သော်လည်း ဖီဖာတာဝန်ရှိသူများဘက်က ထုတ်ပြန်ကြေညာပေးခြင်း မရှိခဲ့ကြောင်း ဂါစီယာက ပြောကြားထားသည်။

ကာတာဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရနိုင်စေရန် ကြိုးပမ်းရာတွင် ဖီဖာအကြီးအကဲများ၏ ဆွေမျိုးနီးစပ်များကိုလည်း အသုံးချခဲ့ပြီး ဖီဖာအကြီးတန်းအရာရှိ၏ ၁၀ နှစ်အရွယ် သမီးဖြစ်သူမှာ လာဘ်ငွေအဖြစ် ပေါင် ၁ ဒသမ ၆ သန်း ရရှိခဲ့သည်ဟု ဂါစီယာက အခိုင်အမာ အသိပေးထားသည်။

ကာတာဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့အတွက် နောက်ဆုံးအဆင့်မဲပေးပွဲကျင်းပရန် ရက်အနည်းငယ်ခန့်အလိုတွင် ဖီဖာအမှုဆောင်အရာရှိ သုံးဦးကို ၎င်းတို့အဖွဲ့ချုပ်ပိုင်လေယာဉ်ဖြင့် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့သို့ ပါတီပွဲတက်ရောက်ရန် လိုက်ပို့ပေးခဲ့ပြီး မဲပေးပွဲမကျင်းပမီကတည်းကပင် ရုရှားနှင့် ကာတာတို့ အိမ်ရှင်ဖြစ်ရန်မှာ ရာနှုန်းပြည့်နီးပါး သေချာကြောင်း ဖီဖာ၌ အတွင်းသတင်းများပင် ထွက်ပေါ်ခဲ့သည်ဟုလည်း ဂါစီယာက ဆက်လက်ပြောကြားသွားခဲ့သေးသည်။ ■ E-11

# KBZ Bank Cup နည်းပြများ၏ ပွဲကြိုပြောကြားချက်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် KBZ Bank Cup ၂၀၁၇ ပြိုင်ပွဲဝင်အသင်းများ၏နည်းပြများက ယင်းပြိုင်ပွဲနှင့် ပတ်သက်၍ ပွဲကြိုပြောကြားချက်များကို ဖော်ပြလိုက်ပါသည်။ အဆိုပါပြိုင်ပွဲသည် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေနှင့် ကျင်းပသည့်ပြိုင်ပွဲဖြစ်သည်။

## လီချွမ်ဖိုင်

## (ဟောင်ကောင်အသင်းနည်းပြချုပ်)


ဓာတ်ပုံ - စည်သူ

ကျွန်တော်တို့ ဒီပွဲအတွက်ကို အကောင်းဆုံး ပြင်ဆင်လာပါတယ်။ ဒီပြိုင်ပွဲကို ကစားခွင့်ရခဲ့လို့ ဝမ်းသာပါတယ်။ ဒီပွဲက အတွေ့အကြုံကောင်းတွေနဲ့ ရလဒ်ကောင်းတွေ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ။

## ဂတ်ဆီဇီ

## (မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်)


ဓာတ်ပုံ - စည်သူ

အခုပြိုင်ပွဲကို လာယှဉ်ပြိုင်ကြတဲ့ အသင်းတွေကို ကြိုဆိုပါတယ်။ ဒီပြိုင်ပွဲမှာ စိတ်လှုပ်ရှားစရာကောင်းမယ့်ပွဲတွေ ပါဝင်မှာပါ။ ဒီပွဲက SEA Games နဲ့ အာရှခြေစစ်ပွဲအတွက် အချိန်ကိုက် ပြင်ဆင်မှုပါပဲ။ အဲဒီအတွက် ရလဒ်ကောင်းရရှိဖို့ ပြင်ဆင်ထားပါတယ်။

## စည်သူအောင်

## (မြန်မာ ယူ-၂၂ အသင်းခေါင်းဆောင်)


ဓာတ်ပုံ - စည်သူ

ဒီပွဲကိုလာပြိုင်တဲ့ အသင်းအားလုံးကို လျှော့တွက်လို့မရပါဘူး။ ပွဲတိုင်းကို သေချာကစားပြီး အိမ်ကွင်းမှာ ပရိသတ်တွေကို ပျော်ရွှင်မှုတွေပေးနိုင်ဖို့ ကြိုးစားသွားမှာပါ။ အသင်းတိုင်းကို လေးလေးစားစားနဲ့ ယှဉ်ပြိုင်သွားမှာပါ။

## ဗီတိုရီနို

## (ကမ္ဘောဒီးယား ယူ-၂၂အသင်းနည်းပြချုပ်)


ဓာတ်ပုံ - စည်သူ

ဒီပြိုင်ပွဲက ကျွန်တော်တို့အတွက်လည်း SEA Games အတွက် အကြိုပြင်ဆင်မှုတစ်ရပ် ဖြစ်ပါတယ်။ အခုလို ကစားခွင့်ပေးတဲ့အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ပါတယ်။ အသင်းမှာ လက်ရွေးစင်ကစားသမားငါးဦးအထိ ပါဝင်ပါတယ်။ ရလဒ်ပိုင်းက အရမ်းအရေးမကြီးပါဘူး။ SEA Games ပြိုင်ပွဲမှာ အောင်မြင်မှုရယူနိုင်ဖို့ အဓိကပြင်ဆင်မှာပါ။

## တာကဲရှိ

## (ဂျပန်တက္ကသိုလ်အသင်း နည်းပြချုပ်)


ဓာတ်ပုံ - စည်သူ

ကျွန်တော့်အသင်းက လက်ရွေးစင်အသင်းမဟုတ်ပါဘူး။ တက္ကသိုလ်အသင်းအဆင့် ဖြစ်ပေမယ့် ယူ-၂၀ လက်ရွေးစင်တွေ ပါဝင်လာလို့ပြိုင်ပွဲဝင်အသင်းတွေထဲမှာ အသက်အငယ်ဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ ချန်ပီယံဆုကို ရယူနိုင်ဖို့ အကောင်းဆုံးကြိုးစားမှာပါ။

### KBZ Bank Cup နှင့်ပတ်သက်သည့် အချက်များ

KBZ Bank Cup ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်း အပြီးသတ်ကစားသမားစာရင်း **ဂိုး-** ဆန်းဆက်နိုင်(ရန်ကုန်ယူနိုက်တက်)၊ ဘုန်းသစ္စာမင်း(ရှမ်းယူနိုက်တက်)၊ ဝေလင်းအောင် (နေပြည်တော်) **နောက်တန်း-** နန္ဒကျော်(မကွေး)၊ သလန်ဟတ်ထန်း၊ သီဟထက်အောင် (ချင်းယူနိုက်တက်)၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်(ရှမ်းယူနိုက်တက်)၊ ရဲရင့်အောင်၊ စည်သူအောင်(ရတနာပုံ)၊ နန်းဝေမင်း (ရန်ကုန်ယူနိုက်တက်)၊ **အလယ်တန်း-** မင်းကျော်ခန့်၊ ငြိမ်းချမ်းအောင်(ရန်ကုန်ယူနိုက်တက်)၊ မောင်မောင်လွင် (ဟံသာဝတီယူနိုက်တက်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ ရဲရင့်ထွန်း၊ လှိုင်းဘိုဘို (ရတနာပုံ)၊ ဇင်ဖြိုးအောင်(ဇွဲကပင် ယူနိုက်တက်)၊ ဇေယျာနိုင်၊ မောင်မောင်စိုး (မကွေး)၊ ရန်ပိုင်စိုး (ဧရာဝတီယူနိုက်တက်)၊ **ရှေ့တန်း -** အောင်သူ (ရတနာပုံ)၊ သန်းပိုင်(ချင်းယူနိုက်တက်)တို့ ဖြစ်သည်။

### အဆိုပါလေးနိုင်ငံဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကို တိုက်ရိုက်ထုတ်လွှင့်ပေးမည့် ရုပ်သံလိုင်းများ

MRTV Sport၊ MWD Variety၊ MWD Music (Free to Air)၊ For Sports (4TV)။

### ပြိုင်ပွဲလက်မှတ်စျေးနှုန်းများ

အထူးတန်း- ကျပ်သုံးထောင်၊
ရိုးရိုးတန်း-ကျပ်နှစ်ထောင်၊ ကျပ်တစ်ထောင်

### ကျင်းပမည့်ကွင်း - သုဝဏ္ဏကွင်း

### ပြိုင်ပွဲကျင်းပမည့်အချိန်

ဇွန် ၂၈ ရက်- ဟောင်ကောင်ယူ-၂၂ နှင့် ဂျပန်တက္ကသိုလ် (ညနေ သုံးနာရီ)
မြန်မာ ယူ-၂၂ နှင့် ကမ္ဘောဒီးယား ယူ-၂၂ (ညနေ ခြောက်နာရီ)
ဇွန် ၃၀ ရက် -ဂျပန်တက္ကသိုလ်နှင့် ကမ္ဘောဒီးယား ယူ-၂၂ (ညနေသုံးနာရီ)
ဟောင်ကောင် ယူ-၂၂ နှင့် မြန်မာ ယူ-၂၂ (ညနေခြောက်နာရီ)
ဇူလိုင် ၂ ရက်-ကမ္ဘောဒီးယား ယူ-၂၂ နှင့် ဟောင်ကောင် ယူ-၂၂ (ညနေသုံးနာရီ)
မြန်မာ ယူ-၂၂ နှင့် ဂျပန်တက္ကသိုလ်(ညနေ ခြောက်နာရီ)

အဆိုပါပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှဒိုင်လူကြီးလေးဦး တာဝန်ယူမည်ဖြစ်သည်။ ■ J-04

# ဗီဒီယိုအကူဒိုင်စနစ် တိုးတက်ရန် လိုအပ်သေးကြောင်း ဖီဖာဒိုင်လူကြီးကော်မတီ ဝန်ခံ

**ဇူးရစ်ချ်၊ ဇူလိုင် ၂၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဒိုင်လူကြီးကော်မတီသည် ဂျာမနီက ကင်မရွန်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည့် ကွန်ဖက်ဒရေးရှင်းဖလားအုပ်စုပွဲစဉ်၌ ကွင်းလယ်ဒိုင်လူကြီး ဝီလ်မာရိုလ်ဒန်က ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုပြီးသည့်နောက်တွင်မှ စောဒကတက်ဖွယ်ရာ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်သည့်အခြေအနေတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်ကို စစ်ဆေးအပြီးတွင် ၎င်းတို့၏ဗီဒီယိုအကူဒိုင်စနစ်၌ လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်းကို ဖွင့်ဟဝန်ခံလိုက်ကြောင်း Daily Mail က ဖော်ပြထားသည်။


Daily Mail

ဖီဖာဒိုင်လူကြီးများကော်မတီသည် ၎င်းတို့အနေနှင့် ဗီဒီယိုအကူဒိုင်စနစ်ကို လက်ရှိတွင် စမ်းသပ်အဆင့်အဖြစ် သုံးစွဲနေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားခဲ့ပြီး ယင်းအတွက် အချို့သောဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အမှားအယွင်း မကင်းသည်များရှိနိုင်ဆဲဖြစ်ကြောင်း ဖီဖာဒိုင်လူကြီးများကော်မတီက အသိပေးသွားခဲ့သည်။

ဖီဖာဒိုင်လူကြီးများကော်မတီသည် လက်ရှိတွင် ကွန်ဖက်ဒရေးရှင်းဖလားပွဲစဉ်တစ်ပွဲ၌ ဗီဒီယိုအကူဒိုင်လူကြီးနှစ်ဦးထားရှိ၍ ၎င်းတို့၏နည်းပညာသစ်ကို စမ်းသပ်လျက်ရှိပြီး ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၏ အုပ်စုအဆင့် ပွဲစဉ် ၁၂ ပွဲတွင် ဒိုင်လူကြီးများက ဗီဒီယိုနည်းပညာအကူအညီဖြင့် ဆုံးဖြတ်ချက်ခြောက်ခုကို မှန်ကန်စွာ ချမှတ်ပေးနိုင်ခဲ့ကြောင်း ဖီဖာဒိုင်လူကြီးများကော်မတီအကြီးအကဲ မတ်စ်ဆီမို ဘူဆက်ကာက ပြောကြားသွားခဲ့သည်။

ဖီဖာသည် လာမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗီဒီယိုအကူဒိုင်များ ထားရှိသည့်စနစ်ကို တရားဝင်အသုံးပြုခွင့် ရလိုလျက်ရှိကာ ယင်းအတွက် ဖီဖာဘက်က အဆိုပြုလွှာတစ်ရပ် တင်သွင်းထားသည်ကို အပြည်ပြည်ဆိုင်ရာ ဘောလုံးအစည်းအရုံးဘုတ်အဖွဲ့(IFAB)က လာမည့် ၂၀၁၈ ခုနှစ် မတ်လတွင် အပြီးသတ်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပေးရတော့မည်လည်းဖြစ်သည်။

ဖီဖာဒိုင်လူကြီးများကော်မတီဥက္ကဋ္ဌ ဘူဆက်ကာသည် ဗီဒီယိုအကူဒိုင်စနစ်ကို အကောင်းမြင် မျှော်လင့်ထားလျက်ရှိပြီး ယင်းစနစ်၏အားနည်းချက်နှင့် အားသာချက်ကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက အားသာချက်က ပိုများကြောင်း ဘူဆက်ကာက မှတ်ချက်ပေးထားသည်။ ■ E-11







# စီရော်နယ်ဒို၏ချစ်သူ ဂျီအော်ဂျီနာ ကိုယ်ဝန် လွယ်ထား၊ သမီးငယ်ဖြစ်ကြောင်း သတင်းထွက်ပေါ်

**မက်ဒရစ်၊ ဇွန် ၂၇**

စီရော်နယ်ဒို၏ အတူနေချစ်သူ ဂျီအော်ဂျီနာသည် စီရော်နယ်ဒို၏ရင်သွေးကို ကိုယ်ဝန်လွယ်ထားပြီဖြစ်ကြောင်း အတည်ပြုချက်များ ထွက်ပေါ်လာခဲ့ပြီဖြစ်ပြီး ယင်းကိုယ်ဝန်မှာ သမီးငယ်လေးတစ်ဦးဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။

စီရော်နယ်ဒို၏ရင်သွေးကို ဂျီအော်ဂျီနာ ကိုယ်ဝန်လွယ်ထားပြီဟူသည့် သတင်းများသည် ဇွန်လအစာပိုင်းကတည်းကပင် ထွက်ပေါ်ခဲ့ခြင်းဖြစ်ပြီး စီရော်နယ်၏မိခင် ဒိုလိုရက်စ်က ငြင်းဆန်ပယ်ချခဲ့ခြင်းကြောင့်သာ အတည်ပြုရန် ခက်ခဲခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ ဂျီအော်ဂျီနာသည် အကမယ်ဘဝမှနေ၍ ကိုယ်ဟန်ပြမယ်ဘဝသို့ ကူးပြောင်းလာခဲ့သူဖြစ်ပြီး သူမတွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်းကို စီရော်နယ်ဒို၏မိသားစုဝင်များနှင့် အရင်းနှီးဆုံးသူငယ်ချင်းများကို ဂျီအော်ဂျီနာက ဖွင့်ဟပြောကြားထားပြီလည်းဖြစ်သည်။

စီရော်နယ်ဒိုနှင့် ဂျီအော်ဂျီနာတို့သည် လွန်ခဲ့သည့်သီတင်းပတ်အနည်းငယ်ခန့်က ဆေးခန်းတစ်ခုသို့သွားရောက်၍ မျိုးရိုးဗီဇစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပြီး ယင်းအချိန်ကတည်းကပင် စီရော်နယ်ဒို၏မိခင် ဒိုလိုရက်စ်က မည်သို့ပင် ငြင်းဆန်စကားများပြောကြားနေစေကာမူ ဂျီအော်ဂျီနာထံတွင် စီရော်နယ်ဒို၏ရင်သွေးကို ကိုယ်ဝန်လွယ်ထားရသည်မှာ သေချာပြီဖြစ်ကြောင်း မီဒီယာများက သတင်းဖော်ပြခဲ့ကြသည်။

စီရော်နယ်ဒို၏မိခင်သည် လက်ရှိတွင် အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိနေပြီး ယခုကဲ့သို့ အမေရိကန်ပြည်ထောင်စုသို့ စီရော်နယ်ဒို၏မိခင်သွားရောက်သည်မှာ လွန်ခဲ့သည့် ဇွန်လ ၈ ရက်နေ့က အငှားကိုယ်ဝန်ဖြင့် ဖွားမြင်ခဲ့သော စီရော်နယ်ဒို၏ အမြွှာရင်သွေးနှစ်ဦးကို မက်ဒရစ်မြို့သို့ခေါ်ယူရန် ဖြစ်ကြောင်း ၎င်းတို့၏မိသားစုနှင့်ရင်းနှီးသူများက အတည်ပြုထားကြပြီဖြစ်သည်။

စီရော်နယ်ဒိုသည် အသက် ခုနစ်နှစ်အရွယ်ရှိနေပြီဖြစ်သော ခရစ္စတီယာနိုဂျူနီယာအမည်ရ သားငယ်ကိုလည်း အငှားကိုယ်ဝန်ဖြင့် ရယူခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့၏နေအိမ်တွင် အိမ်အကူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူအမျိုးသမီးတစ်ဦးက ထုတ်ဖော်ပြောကြားထားပြီး ခရစ္စတီယာနိုဂျူနီယာ၏မိခင်မှာ နှစ်ဦးဖြစ်သည်ဟု ယင်းအိမ်အကူအမျိုးသမီးက အသိပေးထားသေးသည်။

စီရော်နယ်ဒို၏မိသားစုသည် ခရစ္စတီယာနိုဂျူနီယာအတွက် မမျိုးဥကို မက္ကဆီကိုအမျိုးသမီးတစ်ဦးထံမှနေ၍ ရယူကာ ကိုယ်ဝန်ကိုမူ အမေရိကန်သူတစ်ဦးကို လွယ်စေခဲ့ခြင်းဖြစ်သည်ဟု အဆိုပါအိမ်အကူအမျိုးသမီးက ဆက်လက်ပြောကြားသွားခဲ့သေးသည်။ ■ E-11

# မေဝယ်သာကို မက်ဂရီဂေါက ၃၅ စက္ကန့်အတွင်း အလဲထိုးလိမ့်မည်ဟု တိုင်ဆန်ဖျူရီ ခန့်မှန်း

**လန်ဒန်၊ ဇွန် ၂၇**

ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့ကစားသမား တိုင်ဆန်ဖျူရီသည် အမေရိကန်လက်ဝှေ့ကစားသမား မေဝယ်သာနှင့် အိုင်ယာလန် UFC ကိုယ်ခံပညာစုံတိုက်ခိုက်ရေးကစားသမား မက်ဂရီဂေါတို့၏အထူးစိန်ခေါ်ပွဲစဉ်တွင် မက်ဂရီဂေါက မေဝယ်သာကို ၃၅ စက္ကန့်အတွင်း အလဲထိုးပြလိမ့်မည်ဟု ခန့်မှန်းသုံးသပ်လိုက်ကြောင်း Sportmail က ဖော်ပြထားသည်။

မေဝယ်သာနှင့် မက်ဂရီဂေါတို့သည် လာမည့်သြဂုတ်လ ၂၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု လတ်ဗီးဂတ်စ်မြို့တွင် စိန်ခေါ်ပွဲစဉ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး UFC တိုက်ခိုက်ရေးကစားသမားဖြစ်သူ မက်ဂရီဂေါ၏ပွဲအစလျင်မြန်မှုကို မေဝယ်သာအနေနှင့် ထိန်းချုပ်နိုင်ရန် ခက်ခဲလိမ့်မည်ဟု တိုင်ဆန်ဖျူရီက ပြောကြားသွားခဲ့သည်။

တိုင်ဆန်ဖျူရီသည် မက်ဂရီဂေါက UFC ပွဲစဉ်အမှတ် ၁၉၄ တွင် ဟိုဆေးအယ်လ်ဒိုကို အနိုင်ယူ၍ ဖယ်လ်သာဝိတ်တန်းချန်ပီယံရွှေခါးပတ်ဆုကို ဆွတ်ခူးရယူသွားခဲ့စဉ်ကကဲ့သို့ မေဝယ်သာနှင့်ပွဲစဉ်တွင်လည်း ပရိသတ်များ ထင်မှတ်မထားသည့် စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသလိမ့်မည်ဟု အသိပေးသွားခဲ့ပြီး ယင်းပွဲစဉ်တွင် မက်ဂရီဂေါက ဟိုဆေးအယ်လ်ဒိုကို ပွဲစတင်ပြီးသည့်နောက် ၁၃ စက္ကန့်အကြာတွင် အလဲထိုးဖြင့် အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။

IFL TV ရုပ်သံဌာနနှင့်တွေ့ဆုံခဲ့ရာတွင် တိုင်ဆန်ဖျူရီက "စိတ်ထဲမှာရှိတဲ့အတိုင်း အရိုးရှင်းဆုံးဝန်ခံရရင် ပထမပွဲချီ ၃၅ စက္ကန့်လောက်မှာတင် မက်ဂရီဂေါက မေဝယ်သာကို အလဲထိုးလိုက်နိုင်လိမ့်မယ်လို့ ကျွန်တော် ယူဆထားပါတယ်။ အဲဒီအတိုင်းဖြစ်လာခဲ့ရင် အကောင်းဆုံးပါပဲ။ ဒါဟာ လက်ဝှေ့လောကအတွက် လုံးဝကို အသစ်တစ်ခု ဖြစ်သွားပါလိမ့်မယ်"ဟု ပြောကြားသွားခဲ့သည်။

ကမ္ဘာ့ဝယ်လ်တာဝိတ်တန်းချန်ပီယံဟောင်း မေဝယ်သာသည် ၎င်း၏ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမားဘဝဖြတ်သန်းမှုအတွင်း ပွဲစဉ်ပေါင်း ၄၉ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ၌ ၄၉ ပွဲလုံးကို အနိုင်ရရှိခဲ့သူဖြစ်ကာ မက်ဂရီဂေါကမူ ၎င်း၏ပရော်ဖက်ရှင် UFC ကိုယ်ခံပညာစုံတိုက်ခိုက်ရေးကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ပွဲစဉ်ပေါင်း ၂၄ ပွဲ ယှဉ်ပြိုင်ခဲ့ရာ၌ ၂၁ ပွဲ အနိုင်ရကာ သုံးပွဲရှုံးနိမ့်ထားသည်။ ■ E-11






# ရွှေခါးပတ်ချန်ပီယံလုပွဲတွင် ဖျံသွေးနှင့် ထိုင်းကစားသမား အီကျူစံတို့ အထူးစိန်ခေါ်ပွဲအဖြစ် ထိုးသတ်မည်

**ရန်ကုန်၊ ဇွန် ၂၇**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ၂၀၁၇ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ကွာတားဖိုင်နယ်ပွဲစဉ်၏ အထူးပွဲအဖြစ် ဖျံသွေးနှင့် ထိုင်းလက်ဝှေ့သမား အီကျူစံတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ရွှေခါးပတ်ချန်ပီယံလုပွဲများကို ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဇူလိုင်လ ၁၅ ရက်မှ ဇူလိုင်လ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယင်းပွဲများတွင် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ထည့်သွင်းကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်ဟု ပွဲစီစဉ်သူ ဦးစိုးဇော်ဇော်က ပြောကြားသွားသည်။

ယင်းပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင်လ ၁၅ ရက်နှင့် ၁၆ ရက်၊ အကြိုဗိုလ်လုပွဲများကို ဇူလိုင်လ ၂၃ ရက်၊ ဗိုလ်လုပွဲကို ဇူလိုင်လ ၃၀ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ၅၁ ကီလို၊ ၅၄ ကီလို၊ ၅၇ ကီလို၊ ၆၀ ကီလို၊ ၆၃ ဒသမ ၅ ကီလို၊ ၆၇ ကီလို၊ ၇၁ ကီလိုတို့ ပါဝင်မည်ဖြစ်ရာ ကစားသမား ၅၆ ဦး ပါဝင်ထိုးသတ်မည်ဟု ၎င်းကဆိုသည်။

ဖျံသွေးနှင့် ထိုးသတ်မည့် မွေထိုင်းဖိုက် နာမည်ကြီး လက်ဝှေ့သမား အီကျူစံသည် မြန်မာနိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့သမား စောဂေါ်မူဒိုနှင့် ပထမဆုံးအကြိမ် လာရောက်ထိုးသတ်ခဲ့ဖူးပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျင်းပမည့်ပွဲစဉ်များအတွက် လက်မှတ်ဈေးနှုန်းများကို ကျပ်ငါးထောင်၊ ကျပ်တစ်သောင်းခွဲ၊ ကျပ်နှစ်သောင်း၊ ကျပ်သုံးသောင်း၊ ကျပ်ငါးသောင်းဟု သတ်မှတ်ထားပြီး ဇူလိုင်လ ၁၆ ရက်ပွဲစဉ်များအတွက် ကျပ်ခုနှစ်ထောင်၊ ကျပ်နှစ်သောင်း၊ ကျပ် နှစ်သောင်းခွဲ၊ ကျပ်ငါးသောင်း၊ ကျပ်ခုနှစ်သောင်းဟု ပွဲစီစဉ်သူများက သတ်မှတ်ထားသည်။

ဗိုလ်လုပွဲကျင်းပမည့် ဇူလိုင်လ ၃၀ ရက်နေ့တွင် အထူးစိန်ခေါ်ပွဲအဖြစ် ပထမတန်းလက်ဝှေ့သမား သပြေညိုနှင့် ဂျပန်လက်ဝှေ့သမား ကာနီကိုတို့ ထိုးသတ်မည်ဟုလည်း ပွဲစီစဉ်သူများက ထုတ်ပြန်ထားသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များအတွက် ကြိုတင်လက်မှတ်များကို အမှတ် ၂၂၆/၂၂၃ ပထမထပ်၊ ၃၆ လမ်း(အပေါ်) ကျောက်တံတားမြို့နယ်ရှိ ဇော်ပစ်တိုင်းထောင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးတွင် ဝယ်ယူနိုင်သည်။

■ J-04

# အမေရိကန်ပြည်ထောင်စုသို့ ရာသီကြိုခြေစမ်းခရီး မသွားရောက်မီတွင် ခံစစ်မှူးသုံးဦး အင်အားဖြည့်ထားနိုင်ရန် ဂွါဒီယိုလာ အလိုရှိ



**မန်ချက်စတာ၊ ဇွန် ၂၇**

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် အမေရိကန်ပြည်ထောင်စုသို့ ရာသီကြိုခြေစမ်းခရီး မသွားရောက်မီတွင် အသင်းအတွက် ခံစစ်မှူးသုံးဦး ခေါ်ယူအင်အားဖြည့်တင်းနိုင်ရန် တာဝန်ရှိသူများကို တိုက်တွန်းလိုက်ပြီဖြစ်ပြီး ဂွါဒီယိုလာ အလိုရှိနေသည့် ခံစစ်မှူးသုံးဦးမှာ အဲလ်ဗက်စ်၊ ကိုင်လီဝေါကာနှင့် မင်ဒီတို့ဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။

အဲလ်ဗက်စ်သည် ၎င်း၏ဆရာဟောင်းဖြစ်သော ဂွါဒီယိုလာနှင့် တစ်ကျော့ပြန်လည် လက်တွဲခွင့်ရနိုင်ရန်အတွက် လွန်စွာဆန္ဒပြင်းပြနေပြီး ဂျူဗင်တပ်နှင့် ၎င်းအကြားရှိ လက်ကျန်တစ်နှစ်သက်တမ်းစာချုပ်ကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်တစ်ရပ်ဖြင့် အဲလ်ဗက်စ်က ဖျက်သိမ်းလိုက်ပြီလည်းဖြစ်သည်။

မန်စီးတီးနှင့် အဲလ်ဗက်စ်အကြားတွင် ၂ နှစ်သက်တမ်းစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် ပုဂ္ဂိုလ်ရေးအချက်အလက်များ သဘောတူညီထားပြီဖြစ်ပြီး လက်ရှိသီတင်းပတ်အတွင်း၌ အဲလ်ဗက်စ်အပြောင်းအရွှေ့မှာ အပြီးသတ်ဖွယ်ရှိကြောင်း ခန့်မှန်းချက်များလည်း ထွက်ပေါ်နေသည်။

ဂွါဒီယိုလာသည် စပါးညာနောက်ခံကစားသမား ကိုင်လီဝေါကာကို ရေရှည်အတွက်ရည်ရွယ်ကာ ပစ်မှတ်ထား ကြိုးပမ်းနေခြင်းဖြစ်ပြီး မန်စီးတီးဘက်က ကိုင်လီဝေါကာအတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းထားသော်လည်း စပါးက ပေါင်သန်း ၅၀ တောင်းဆိုနေသည့်အတွက် အပြောင်းအရွှေ့ အထမြောက်ရန် ခက်ခဲနေခြင်းဖြစ်သည်။

ဂွါဒီယိုလာသည် ကိုင်လီဝေါကာကို ခေါ်ယူရရှိခဲ့မည်ဆိုပါက အဲလ်ဗက်စ်ကို ချန်ပီယံလိဂ်နှင့် ပြည်တွင်းရှုံးထွက်ဖလားပွဲစဉ်များတွင်လည်းကောင်း၊ ကိုင်လီဝေါကာကို ပရီးမီးယားလိဂ်ပွဲစဉ်များတွင်လည်းကောင်း အလှည့်ကျအသုံးပြုသွားလိမ့်မည်ဖြစ်ပြီး ဇာဘလက်တာနှင့် ဆက်ဂ်နာတို့၏ကွက်လပ်များကို အစားပြန်ဖြည့်ရန်အတွက် အနိမ့်ဆုံးအဖြစ် ထိပ်တန်းအဆင့် ခံစစ်မှူးနှစ်ဦး ခေါ်ယူနိုင်ရန် လိုအပ်ကြောင်း ဂွါဒီယိုလာက ဖွင့်ဟပြောကြားထားပြီလည်းဖြစ်သည်။

မန်စီးတီး၏အခြားသောပစ်မှတ်ကစားသမားတစ်ဦးဖြစ်သည့် နောက်ခံလူ မင်ဒီကိုမူ ၎င်း၏မိခင်ကလပ် မိုနာကိုက တန်ကြေးပမာဏ ပေါင်သန်း ၄၀ သတ်မှတ်ထားသည်။ မန်စီးတီးသည် လာမည့် ဇူလိုင်လ ၁၇ ရက်နေ့တွင် ရာသီကြိုခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန်အတွက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လိမ့်မည်ဖြစ်ပြီး ယင်းခြေစမ်းခရီးတွင် မန်စီးတီးက မန်ယူ၊ ရီးရဲလ်မက်ဒရစ်၊ စပါးတို့နှင့် ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်သည်။ ■ E-11

# မာတစ်ကို မန်ယူခေါ်ယူနိုင်ရန် နီးစပ်၊ အဆင်မပြေပါက နိုင်ဂိုလန်ကို ပြောင်းလဲဆက်သွယ်မည်

**မန်ချက်စတာ၊ ဇွန် ၂၇**

မန်ယူအသင်းသည် ချယ်လ်ဆီးကွင်းလယ်ကစားသမား မာတစ်ကိုခေါ်ယူနိုင်ရန် နီးစပ်မှုများရှိနေပြီဖြစ်ပြီး အကယ်၍ မာတစ် အပြောင်းအရွှေ့အတွက် ဆွေးနွေးညှိနှိုင်းမှုများ အဆင်မပြေခဲ့ပါက ရိုးမားကွင်းလယ်လူ နိုင်ဂိုလန်ကို ပြောင်းလဲပစ်မှတ်ထား ဆက်သွယ်သွားရန်လည်း မန်ယူက အစီအစဉ်ရေးဆွဲထားပြီဖြစ်ကြောင်း Gazzetta Dello Sport က ဖော်ပြထားသည်။

ချယ်လ်ဆီးအသင်းသည် ဂျူဗင်တပ်နောက်ခံလူ အဲလက်စ်ဆန်ဒရိုနှင့် မိုနာကိုကွင်းလယ်လူ ဘာကာယိုကိုတို့ ခေါ်ယူနိုင်ရန် လွန်စွာနီးစပ်နေပြီဖြစ်ပြီး အကယ်၍ ဘာကာယိုကိုကို ခေါ်ယူရရှိခဲ့ပါက မာတစ်ကို ချယ်လ်ဆီးက ရောင်းထုတ်လိုက်ရန်မှာ ရာနှုန်းပြည့်နီးပါး သေချာနေပြီလည်းဖြစ်သည်။

မန်ယူနည်းပြ မော်ရင်ညိုသည် မာတစ်ကိုခေါ်ယူရန် ယမန်နှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်ကတည်းကပင် ၎င်း၏အသင်းဟောင်း ချယ်လ်ဆီးထံသို့ ကမ်းလှမ်း ဆက်သွယ်ခဲ့ဖူးပြီး ကွင်းလယ်ကို အားဖြည့်ရန်အတွက် အခြားသောကစားသမားများထက် မာတစ်မှာ ဦးစားပေးပစ်မှတ်ဖြစ်ကြောင်းကို နည်းပြမော်ရင်ညိုက ဖွင့်ဟဝန်ခံထားပြီးလည်းဖြစ်သည်။

အသက် ၂၉ နှစ်ပြည့်တော့မည့် မာတစ်နှင့် ချယ်လ်ဆီးအသင်းအကြားတွင် ချုပ်ဆိုထားသော စာချုပ်သည် သက်တမ်းအားဖြင့် ၂ နှစ်သာ ကျန်ရှိတော့ပြီး အကယ်၍ ချယ်လ်ဆီးထံသို့ ဘာကာယိုကို ပြောင်းရွှေ့ရောက်ရှိလာခဲ့မည်ဆိုပါက မာတစ်မှာ အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရေးထက် အသင်းပြောင်းရွှေ့ရေးကို ဦးတည်သွားဖွယ် အခြေအနေများလည်း ရှိနေပြီဖြစ်သည်။

မန်ယူသည် မာတစ်ကိုခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၄၀ အသုံးပြုရန် ရည်ရွယ်ထားပြီး ရိုးမားကွင်းလယ်လူ နိုင်ဂိုလန်ကို ရရှိနိုင်မည်ဆိုပါကလည်း ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၄၀ သုံးစွဲသွားရန် မန်ယူက အသင့်အနေအထားတွင် ရှိနေသည်။

ရိုးမားအားကစားဒါရိုက်တာသစ် မွန်ချီသည် နည်းပြသစ် ဒီဖရန်ဆက်ကိုနှင့်လက်တွဲ၍ အသင်းကို အသစ်ပြင်ဆင်ဖွဲ့စည်းရန် စီစဉ်နေပြီး ယင်းအတွက် ထိုက်တန်သည့်ပြောင်းရွှေ့ကြေးတစ်ရပ်ကို ရရှိနိုင်မည်ဆိုပါက နိုင်ဂိုလန်ကို ရောင်းထုတ်ရန် မွန်ချီက လက်ခံစဉ်းစားပေးဖွယ် အခြေအနေများရှိနေသည်။ ■ E-11



# ဆန်ဒီယေဂိုကလပ်အသင်းတွင် ဟားဇတ်နှင့် ကာဘာယီတို့ ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်

**လန်ဒန်၊ ဇွန် ၂၇**

ချယ်လ်ဆီးတိုက်စစ်တောင်ပံကစားသမား ဟားဇတ်နှင့် ခရစ္စတယ်ပဲလေ့စ်ကွင်းလယ်လူ ကာဘာယီတို့သည် အမေရိကန်ပြည်ထောင်စုအခြေစိုက် ဘောလုံးကလပ်အသင်းတစ်သင်းတွင် ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်လိုက်ပြီဖြစ်ကြောင်း BBC က ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု ဆန်ဒီယေဂိုဒေသတွင် အခြေစိုက်ထားသည့် ဆန်ဒီယေဂိုဘောလုံးအသင်းသည် လာမည့် ၂၀၁၈ ခုနှစ်ကစတင်၍ အမေရိကန်ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲ NASL တွင် ပါဝင်ယှဉ်ပြိုင်တော့မည်ဖြစ်ကာ ဟားဇတ်နှင့် ကာဘာယီတို့ မတိုင်မီတွင် ဆီနီဂေါလက်ရွေးစင် တိုက်စစ်မှူးဟောင်းများဖြစ်ကြသည့် ဒမ်ဘာဘနှင့် မော့ဆာဆောတို့ကလည်း ဆန်ဒီယေဂိုဘောလုံးကလပ်၌ ရင်းနှီးမြှုပ်နှံထားကြပြီးဖြစ်သည်။

အေစီမီလန်အသင်းခေါင်းဆောင်ဟောင်း မာလ်ဒီနီနှင့် အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းတို့သည်လည်း အမေရိကန်ဘောလုံးလောကတွင် ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ထားကြပြီး မာလ်ဒီနီ ပူးတွဲပိုင်ဆိုင်ထားသည့် မီယာမီအက်ဖ်စီ ဘောလုံးအသင်းမှာ လာမည့်ဘောလုံးရာသီတွင် မေဂျာလိဂ်သို့ တန်းတက်ရောက်ခွင့်ရနိုင်ရန် နီးစပ်မှုများရှိနေပြီလည်းဖြစ်သည်။

ဆန်ဒီယေဂိုအသင်းသည် ၎င်းတို့၏ ပထမဆုံးဘောလုံးရာသီတွင် အိမ်ကွင်းပွဲစဉ်များကို ဆန်ဒီယေဂိုတက္ကသိုလ်ပိုင်ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အသင်းတရားဝင်အခြေစိုက်မည့်ဘောလုံးကွင်းကိုမူ တည်ဆောက်နေဆဲဖြစ်ကြောင်း ဆန်ဒီယေဂိုကလပ်က ထုတ်ပြန်ကြေညာထားသည်။ ■ E-11




# ဘယ်လာရင်ကို လာမည့် ၁၀ ရက်အတွင်း အပြီးသတ်ဆုံးဖြတ်ချက်ချရန် ဘာစီလိုနာ သတိပေး

**ဘာစီလိုနာ၊ ဇွန် ၂၇**

ဘာစီလိုနာအသင်းသည် အာဆင်နယ်ညာနောက်ခံကစားသမား ဘယ်လာရင်ကို လာမည့် ၁၀ ရက်အတွင်း အနာဂတ်အတွက် တိကျသည့်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရန် သတိပေးပြောကြားလိုက်ပြီဖြစ်ပြီး ဘယ်လာရင်၏ဆုံးဖြတ်ချက်ကို အတိအကျ သိရှိခွင့်ရမှသာလျှင် ၎င်းတို့အနေနှင့် ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ဘာစီလိုနာအသင်းက အသိပေးထားပြီဖြစ်သည်ဟု El Mundo Deportivo က ဖော်ပြထားသည်။

ဘာစီလိုနာသည် ၎င်းတို့၏လာမာစီယာအကယ်ဒမီထွက် လူငယ်ကစားသမားဟောင်း ဘယ်လာရင်ကို အသင်းထံသို့ ပြန်လည်ခေါ်ယူရန် ဦးစားပေးပစ်မှတ်ထားရှိနေရာတွင် ထားရှိကြိုးပမ်းသွားရန် ပြင်ဆင်ထားပြီး ဘယ်လာရင်ဘက်က အသင်းပြောင်းလိုကြောင်း မီးစိမ်းပြလိုက်သည်နှင့် တစ်ပြိုင်နက် အာဆင်နယ်နှင့် တရားဝင်ဆွေးနွေးမှုများ စတင်နိုင်ရန် လုပ်ဆောင်သွားတော့မည်ဟု ဘာစီလိုနာအသင်းတာဝန်ရှိသူတစ်ဦးကလည်း ဖွင့်ဟပြောကြားထားပြီဖြစ်သည်။

ဘာစီလိုနာနည်းပြသစ် ဗယ်လ်ဗာဒီသည် ညာနောက်ခံနေရာအတွက် ဘယ်လာရင်နှင့် အက်ဇ်ပီလီကူအီတာတို့ကို ခေါ်ယူရန် ဆုံးဖြတ်ထားပြီး ဘယ်လာရင်မှာ လက်ရှိတွင် စပိန်ယူ-၂၁ လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ယူ-၂၁ ဥရောပဖလားပြိုင်ပွဲကို ပါဝင်ကစားပေးနေသည့်အတွက် ယင်းပြိုင်ပွဲပြီးဆုံးချိန်သို့ရောက်မှသာ အနာဂတ်အတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို ၎င်းက ချမှတ်သွားဖွယ်ရှိနေသည်။

အာဆင်နယ်နှင့်ဘယ်လာရင်အကြား ရှိစာချုပ်သည် ၂၀၂၃ ခုနှစ်တိုင်သည်အထိ သက်တမ်းရှိနေဆဲဖြစ်ကာ ယင်းအတွက်ကြောင့်ပင် အပြောင်းအရွှေ့ဖြစ်မြောက်ရေးမှာ ကစားသမားဖြစ်သူ၏သဘောဆန္ဒအပေါ်တွင် အလုံးစုံ မူတည်နေသည်ဟု ၎င်းတို့ဘက်က ယူဆထားခြင်းဖြစ်ကြောင်း ဘာစီလိုနာနည်းပြသစ် ဗယ်လ်ဗာဒီက ရှင်းပြသွားခဲ့သည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လက်ရှိနွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ ဈေးကွက်အတွင်း၌ အသင်း အမာခံကစားအမားအချို့ကို လက်လွှတ်ရမည်အား စိုးရိမ်ပူပန်မှုများရှိနေပြီး လက်ရှိတွင် အာဆင်နယ်နှင့် စာချုပ်သစ်ချုပ်ရန် ဆွေးနွေးညှိနှိုင်းရာ၌ အဆင်မပြေမှုများရှိနေသော တိုက်စစ်မှူး ဆန်းချက်ဇ်ကိုခေါ်ယူရန် ပရီးမီးယားလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းက ဆက်သွယ်မှုများရှိနေပြီလည်းဖြစ်သည်။ ■ E-11

# ထရာအိုရေးနှင့် အေကီတို့ကို ရောင်းချရာတွင် ပြန်လည်ခေါ်ယူရေးဆိုင်ရာ သဘောတူညီချက်များ ချယ်လ်ဆီး ရယူထား

**လန်ဒန်၊ ဇွန် ၂၇**

ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ လူငယ်ကစားသမားနှစ်ဦးဖြစ်သည့် တိုက်စစ်မှူး ဘာထရန် ထရာအိုရေးနှင့် နောက်ခံလူ နသန်အေကီတို့ကို ရောင်းချရာတွင် အပြောင်းအရွှေ့ဆိုင်ရာ စာချုပ်များ၌ ပြန်လည်ခေါ်ယူရေးဆိုင်ရာ သဘောတူညီချက်များ ထည့်သွင်းထားကြောင်း Mail Online က ဖော်ပြထားသည်။

ချယ်လ်ဆီးသည် လုကာကုကို အဲဗာတန်ထံသို့ ရောင်းထုတ်လိုက်ချိန်တွင် အပြောင်းအရွှေ့ဆိုင်ရာ စာချုပ်၌ ပြန်လည်ခေါ်ယူရေး သဘောတူညီချက်ကို ထည့်သွင်းခဲ့ခြင်းမရှိသည့်အတွက် လက်ရှိတွင် အခက်အခဲများကို ရင်ဆိုင်နေရပြီဖြစ်ပြီး အနာဂတ်ကာလတွင် ယင်းသို့သော အကျပ်အတည်းကို ရှောင်လွှဲနိုင်စေရန်အတွက် ထရာအိုရေးနှင့် အေကီတို့ကိုရောင်းချရာတွင် ပြန်လည်ခေါ်ယူရေး သဘောတူညီချက်ကို ချယ်လ်ဆီးက အဓိကထား ထည့်သွင်းလိုက်ခြင်းဖြစ်သည်။

ချယ်လ်ဆီးသည် ထရာအိုရေးကို ပြင်သစ်လီဂူးကလပ် လိုင်ယွန်ထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၆ သန်းဖြင့် ရောင်းထုတ်လိုက်ခြင်းဖြစ်ပြီး ထရာအိုရေးကို လိုင်ယွန်ခေါ်ယူလိုက်ခြင်းမှာ လာကာဇက်ကို ရောင်းထုတ်ရန် သေချာသွားခဲ့ပြီဖြစ်၍



ဟု ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

ချယ်လ်ဆီးသည် ထရာအိုရေးကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ၎င်းတို့ ပြန်လည်ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၃၆ သန်းသာ ရယူ၍ လိုင်ယွန်က လက်လွှတ်ပေးရမည်ဟု အပြောင်းအရွှေ့အတွက် စာချုပ်ချုပ်ဆိုရာတွင် သဘောတူညီချက် ထည့်သွင်းလိုက်ခြင်းဖြစ်ကာ အေကီကိုမူ ပရီးမီးယားလိဂ်ပြိုင်ဘက် ဘုန်းမောက်ထံသို့ ရောင်းချမည်ဖြစ်ကြောင်း ချယ်လ်ဆီးက ထုတ်ပြန်ကြေညာထားပြီဖြစ်သည်။

ချယ်လ်ဆီးနှင့် ဘုန်းမောက်တို့သည် အေကီအပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၂၀ ဖြင့် သဘောတူညီမှုရခဲ့ခြင်းဖြစ်ပြီး စာချုပ်ချုပ်ဆိုရာတွင် ပြန်လည်ခေါ်ယူရေးဆိုင်ရာ သဘောတူညီချက်ကို ယင်းပေါင်သန်း ၂၀ ပမာဏဖြင့်ပင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်း တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားထားပြီလည်းဖြစ်သည်။ ■ E-11


BBC

ဆီးရီးယားလေတပ်အခြေစိုက်စခန်းတစ်ခုရှိရာသို့ အမေရိကန်စစ်သင်္ဘောပေါ်မှ ခရုဇ်ဒုံးကျည်ဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့စဉ်

# ဓာတုလက်နက်ဖြင့်တိုက်ခိုက်မည့်အစီအစဉ် စုံစမ်းလျက်ရှိဟု ဆီးရီးယားကို အမေရိကန်သတိပေး

**ပင်တဂွန်၊ ဇွန် ၂၇**

ဆီးရီးယားတွင် ဓာတုလက်နက်ဖြင့် နောက်ထပ်တိုက်ခိုက်ရန် ပြင်ဆင်နေမှုကို စိစစ်တွေ့ရှိထားကြောင်းနှင့် ဆီးရီးယားအစိုးရကို သတိပေးထားကြောင်း အမေရိကန်ပြည်ထောင်စုက ပြောကြားသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

စိစစ်တွေ့ရှိသည့် လှုပ်ရှားမှုများသည် ဧပြီလတိုက်ခိုက်မှု မတိုင်မီက ပြင်ဆင်မှုများနှင့် တစ်ထေရာတည်းဖြစ်သည်ဟု အိမ်ဖြူတော်က ပြောကြားသည်။

ဆီးရီးယားလေတပ်စခန်းအပေါ် သမ္မတထရမ့်၏ လက်တုံ့ပြန်မှု ဖြစ်ပေါ်စေခဲ့သော ဧပြီလ ဓာတုလက်နက် တိုက်ခိုက်မှုတွင် လူပေါင်းဒါဇင်နှင့်ချီ၍ သေဆုံးခဲ့သည်။

အာဆတ်အစိုးရ၏ နောက်တစ်ကြိမ် ဓာတုလက်နက် တိုက်ခိုက်မည့် အစီအစဉ်သည် အရပ်သားများစွာ သေဆုံးနိုင်ခြေရှိပြီး အကယ်၍ ဖြစ်ပွားခဲ့ပါက တန်ဖိုးကြီးကြီး ပေးဆပ်ရလိမ့်မည်ဟု ဝါရှင်တန်က သတိပေးသည်။

အကယ်၍ ယင်းကဲ့သို့ တိုက်ခိုက်မှု ထပ်မံဖြစ်ပွားပါက အာဆတ်ကိုပံ့ပိုးအားပေးနေသောရုရှားနှင့် အီရန်တို့တွင်လည်း တာဝန်ရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေက ပြောကြားသည်။

သမ္မတအာဆတ်ကမူ သူပုန်တို့ထိန်းချုပ်ထားသော အနောက်မြောက်ပိုင်း ခမ်းရှိတ်ဟောင်းမြို့ကို ဧပြီလက အဆိပ်ဓာတ်ငွေ့ဖြင့်တိုက်ခိုက်မှုနောက်ကွယ်တွင် အစိုးရတပ်များပတ်သက်မှုမရှိဟု ငြင်းဆန်ခဲ့သည်။

အဆိုပါဧပြီလက ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုတွင် ကလေးများစွာ အပါအဝင် အရပ်သားများ ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့သောကြောင့် သမ္မတထရမ့်က လက်တုံ့ပြန်သည့်အနေနှင့် ဓာတုလက်နက်များ သိုလှောင်ရာတွင် အသုံးပြုသော ရှေရက်လေတပ်စခန်းကို မက်ဒီတာရိမ်းနီးယမ်းပင်လယ် အတွင်းရှိ အမေရိကန် ရေတပ်သင်္ဘောများမှ တိုမာဟော့ခ်ဒုံးကျည် ၅၉ စင်းဖြင့် ပစ်ခတ်ဖျက်ဆီးစေခဲ့သည်။

အာဆတ်၏မဟာမိတ်ဖြစ်သော ရုရှားနှင့် အမေရိကန်အကြား အဆိုပါဒေသတွင် တင်းမာမှုများကြီးထွားနေချိန်တွင် ယခုကိစ္စ ထွက်ပေါ်လာခြင်းဖြစ်သည်။

မကြာသေးမီက ရုရှားလုပ် ဆီးရီးယားစစ်လေယာဉ်တစ်စင်းကို အမေရိကန်လေတပ်က ပစ်ချခဲ့ပြီးနောက်တွင် အမေရိကန်ဦးဆောင်သော မဟာမိတ်လေယာဉ်များကို ပစ်မှတ်ထား ခြေရာခံနေသည်ဟု ကရင်မလင်က သတိပေးပြောဆိုထားသည်။

ဆီးရီးယားပြည်တွင်းစစ်ကို အခွင့်ကောင်းယူကာ နယ်မြေများထိန်းချုပ်ထားသည့် IS အဖွဲ့၏ ခြေကုပ်ရာ ရက္ကာမြို့ကို သိမ်းယူရန် ထိုးစစ်ဆင်နေသည့် အာရပ်နှင့် ကာ့ဒ်တပ်ဖွဲ့များကို အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ပေါင်းစု စစ်လေယာဉ်များက အထောက်အကူပေးနေသည်။

■ F-04

# FARC လက်ဝဲသူပုန်အဖွဲ့ လက်နက်ဖြုတ်သိမ်းမှု ပြီးဆုံး


Reuters

FARC သူပုန်အဖွဲ့ပေးအပ်သည့်လက်နက်များကို ကုလသမဂ္ဂစောင့်ကြည့်သူများ မှတ်တမ်းတင်နေစဉ်

**ဘိုကိုတာ၊ ဇွန် ၂၇**

ကိုလံဘီယာနိုင်ငံတွင်းရှိ လက်ဝဲဝါဒီ FARC သူပုန်အဖွဲ့၏ လက်နက်ဖြုတ်သိမ်းမှု သတ်မှတ်ရက်ထက် ၁ ရက်စောပြီးဆုံးသွားသည်ဟု ကုလသမဂ္ဂ စောင့်ကြည့်သူများက ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

လက်နက်ပေါင်း ၇၁၃၂ လက်ကို မှတ်တမ်းတင်ခဲ့ပြီး အဝေးသို့ရွှေ့ပြောင်းပေးခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားထားသည်။

စာ - 23

## ALSO IN NEWS

### အပ်ထည့်ပစ်တဲ့ ကစားစရာဒူးလေးအရုပ် တရုတ်မှာ ခေတ်စား၊ မိဘတွေ အထူးစိုးရိမ်

သွားကြားထိုးတံတွေ၊ အပ်တွေ ထည့်ပစ်ရတဲ့ ကစားစရာ ဒူးလေးလက်နက်အရုပ်သင့်ကလေးလက်ထဲ ရောက်နေတယ်ဆိုရင် ရင်တမမနဲ့ စိတ်ပူနေရမှာအမှန်ပါပဲ။ အဲဒီအရုပ်ဟာ တရုတ်နိုင်ငံ ကလေးတွေကြားမှာ အလွန်ခေတ်စားနေပြီး မရှိမဖြစ်အရုပ်လိုဖြစ်နေတော့ မိဘတွေနဲ့ ဆရာ ဆရာမတွေခမျာ အိပ်မက်ဆိုးပါပဲ။ လက်တစ်ဝါးစာပဲရှိတဲ့ ဒီအရုပ်ကို မရောင်းရဘူးလို့ ရှန်ဇန်းနဲ့ ကွင်ဒေါင်မြို့တွေမှာ ပိတ်ပင်လိုက်ပါပြီ။ အရုပ်ကလည်း စျေးပေါပြီး အအေးဘူး၊ ပန်းသီး၊ စာရေးသင်ပုန်းစတဲ့နေရာတွေမှာ စိုက်နိုင်ပါတယ်။ မကာအိုမှာဆိုရင် ဒီဒူးလေးအရုပ်ကို ကိုင်ဆောင်အသုံးပြုတာဟာ ရာဇဝတ်မှုဖြစ်တယ်လို့ သတိပေးထုတ်ပြန်ထားပါတယ်။ ဒဏ်ရာကြီးကြီးမားမား ရသွားတယ်ဆိုတဲ့သတင်းတော့ ထွက်မလာသေးပါဘူး။ ဒီအရုပ်ကို ပိတ်ပင်မယ်ဆိုတဲ့သတင်းကိုတော့ တိုင်းပြည်အနှံ့ လူမှုကွန်ရက် မီဒီယာတွေမှာ ထောက်ခံနေကြပါတယ်။ ကလေးတွေမျက်စိထိကုန်မှာစိုးလို့ ပိတ်ပင်ရမယ်လို့ တစ်ဦးတစ်ယောက်က လူမှုကွန်ရက်မီဒီယာပေါ် တက်ရေးထားပါတယ်။ တီထွင်တဲ့သူက ဘယ်လိုတွေးပြီး ထွင်သလဲမသိဘူးလို့ ပြစ်တင်နေကြပါတယ်။ ■ F-02



### ပေါင်နှစ်ဆယ်လေးတဲ့ ပုစွန်အရှင်ကို ခရီးဆောင်အိတ်ထဲ ထည့်လာသတဲ့

လူတွေဟာ ခရီးသွားပြီဆိုရင် ကိုယ့်စိတ်ကြိုက်အရာတွေကို ထည့်ယူသယ်ဆောင်လေ့ရှိပါတယ်။ ဘော့စတွန်လိုဂန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာတွေ့တဲ့ ပုစွန်ကြီးကတော့ နည်းနည်းတော့များသွားပါပြီ။ ခရီးဆောင်အိတ်ထဲမှာ ပုစွန်အရှင်ကောင်ကြီးကို ထည့်သယ်လာတာဖြစ်ပါတယ်။ အလေးချိန် ပေါင်နှစ်ဆယ်ရှိတဲ့ ရောမပုစွန်ကြီးဖြစ်ပါတယ်။ လေဆိပ်လုံခြုံရေးအာဏာပိုင် မိုက်ကယ်မက္ကာသီကတော့ သူမြင်ဖူးသမျှပုစွန်ထဲမှာတော့ အကြီးဆုံးပါပဲလို့ အံ့သြတကြီး ပြောပါတယ်။ ပုစွန်ကို မသယ်ရဘူးလို့ တားမြစ်ထားတာတော့မရှိဘူးလို့ မစ္စတာ မက္ကာသီက ပြောကြားပါတယ်။ ဒါပေမဲ့ သယ်မယ်ဆိုရင်တော့ အကြည်၊ ပလတ်စတစ်နဲ့ မပေါက်နိုင်တဲ့ ထည့်စရာပုံးနဲ့ သယ်ရမယ်လို့ ဆိုပါတယ်။ လုံခြုံရေးတွေက သိပ်ထူးဆန်းနေကြပြီး ဒီပုစွန်ကြီးကို ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက်မီဒီယာပေါ် တင်ထားကြပါတယ်။ ■ F-02

